# မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၇)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်
၂၀၂၆ ခုနှစ်၊ ဧပြီ ၂၅ ရက်၊ စနေနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဇေယျာသီရိမြို့နယ်မှ မဲဆန္ဒရှင်ပြည်သူများအား တွေ့ဆုံ



**နေပြည်တော် ဧပြီ ၂၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ဇေယျာသီရိမြို့နယ်မှ မဲဆန္ဒရှင်ပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ကျည်တောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ယခုလို ဇေယျာသီရိမြို့နယ် မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံခွင့်ရသည့်အတွက် လွန်စွာကျေးဇူးတင်ဝမ်းမြောက်မိကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် **ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက်လွှတ်တော်က ဖော်ဆောင်ရွက်ဆိုသည့်အတိုင်း** မဲဆန္ဒရှင်ပြည်သူများ၏ဆန္ဒများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ယခုတွေ့ဆုံပွဲတွင်လည်း ဒေသခံမဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒနှင့်အသံကို နားထောင်ရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်ပေးသွားမည့် **စာမျက်နှာ ၁၄ ကော်လံ ၁ ➊**



**မြန်မာအမျိုးသားလေကြောင်းအနေဖြင့် လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် မြို့များသို့ လေယာဉ်ခရီးစဉ်များ စတင်ပျံသန်းပြေးဆွဲ** စာ - ၁၅ သို့

**တနင်္သာရီတိုင်းဒေသကြီးအတွင်း မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်ခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲ** စာ - ၁၂ သို့



စာ - ၅ သို့

**ရန်ကုန်-မာန်အောင်-ကျောက်ဖြူ-ရန်ကုန် လေကြောင်းခရီးစဉ် စတင်ပြေးဆွဲ**

**ဆောင်းပါး**

**ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်အံ့** စာ - ၁၃ သို့



**ကျောက်ဆည်မြို့နယ်၌ နွေသီးနှံစုံ ၄၃၈၈ ဧက စိုက်ပျိုးပြီးစီး** စာ - ၁၃ သို့




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်အား မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဧပြီ ၂၅ ရက်)

# ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်သူတို့၏ အိမ်အပြန်ခရီး

နိုင်ငံတိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးကဏ္ဍသည် ပထမဦးစားပေးကဏ္ဍဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့ ပထဝီဝင်အနေအထားအရ အရေးပါသည့်နေရာတွင်တည်ရှိသော နိုင်ငံအဖို့ နိုင်ငံတော်ကာကွယ်ရေးကဏ္ဍသည် အထူးပင်အရေးပါလှသည်။ ထို့ပြင် လွတ်လပ်ရေးနှင့်အတူပေါ်ပေါက်လာသည့်လက်နက်ကိုင်ရောင်စုံ သောင်းကျန်းသူပေါများလှသည့်နိုင်ငံဖြစ်နေသည့်အတွက် နိုင်ငံတော်ကာကွယ်ရေးကို အလေးထား ဆောင်ရွက်နေရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အခန်း(၈) “နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့်တာဝန်များ”တွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် ပတ်သက်၍ တိကျခိုင်မာစွာပြဋ္ဌာန်းထားသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၅ တွင် “ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ် စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်။”ဟူ၍လည်းကောင်း၊ ပုဒ်မ ၃၈၆ တွင် “နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ် ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်။”ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် နိုင်ငံတော် တွင်သတ်မှတ်ထားသည့်အသက်အရွယ်ရှိသူများအား ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်စေလျက် ရှိသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူရဟန်းရှင်လူပြည်သူအပေါင်းတို့သည် မိမိနိုင်ငံအား အေးချမ်း သာယာ၍ ခေတ်မီတိုးတက်နေခြင်းကို အလိုရှိကြသည်။ တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးနေခြင်း ကိုနှစ်သက်ကြသည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်ရှိနေသည့်အတွက် တိုင်းရင်းသားများစည်းလုံးညီညွတ်နေခြင်းကို အလေးထားသည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည်မှာ နိုင်ငံသားတိုင်း စောင့်ထိန်းရမည့်တာဝန်လည်းဖြစ်သည်။ နိုင်ငံတော်က ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းအတည်ပြုခြင်း နှင့်အတူ လူငယ်လူရွယ်များနိုင်ငံတော်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းများကိုတက်ရောက် ပြီး တပ်ရင်းတပ်ဖွဲ့အသီးသီး၌တာဝန်ထမ်းဆောင်လျက်ရှိကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းများအနက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁/၂၀၂၄)သည် ယခုအခါသတ်မှတ်ထားသည့် စစ်မှုထမ်းသက်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် အဆိုပါပြည်သူ့ စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြု မှတ်တမ်းလွှာများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ အခမ်းအနားများဖြင့် ချီးမြှင့်ပေးအပ်ခဲ့ပြီး မိသားစုဝင်များ ထံသို့လည်းကောင်း၊ ၎င်းတို့၏နေရပ်အသီးသီးသို့လည်းကောင်း ပြန်လည်အပ်နှင်းစေလွှတ်ခဲ့ကြသည်။

နိုင်ငံတော်နှင့်တပ်မတော်အနေဖြင့် ၎င်းတို့စစ်မှုထမ်းဆောင်စဉ်ကာလတစ်လျှောက် ရသင့်ရထိုက် သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့်အခြားထောက်ပံ့မှုများကို စနစ်တကျဆောင်ရွက်ပေးခဲ့သည့် အပြင် စစ်မှုထမ်းကာလပြီးမြောက်ပါက အလုပ်အကိုင်ရရှိရေးနှင့်ပတ်သက်၍လည်း ၎င်းတို့ဆန္ဒပြုသည့် အလုပ်အကိုင်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူ များက ပြည်တွင်း/ပြည်ပအလုပ်အကိုင်ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီများနှင့်ချိတ်ဆက်၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ တာဝန်ရှိသူအားလုံးကလည်း ပြည်သူ့စစ်မှုထမ်းများနှင့် ပတ်သက်လာလျှင် ဖော်ရွေစွာကြိုဆိုပြီး လိုအပ်ချက်မရှိအောင်ပံ့ပိုးကူညီပေးလျက်ရှိသည်။ သတ်မှတ် စစ်မှုထမ်းကာလ ပြည့်မြောက်သည့်အခါတွင်လည်း ၎င်းတို့အား ဂုဏ်သိက္ခာရှိစွာအခမ်းအနားများ ကျင်းပပြီး လိုအပ်သည်များကူညီမှုပြုခဲ့သည်။ နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်း၊ တပ်မတော် အတွက် စစ်သည်တော်ကောင်းတစ်ဦးပီသစွာ တာဝန်များကိုကျေပွန်စွာထမ်းဆောင်လာခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများ၏အိမ်အပြန်ခရီးများတွင်လည်း ၎င်းတို့၏အောင်မြင်ကျေပွန်စွာ တာဝန် ထမ်းဆောင်ခဲ့မှုအပေါ် မိသားစုဝင်များသာမက ဒေသခံပြည်သူများကပါ ဝမ်းသာဂုဏ်ယူမဆုံးဖြင့် သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီး၌ ဂုဏ်ပြုပန်းခြင်းများ၊ အောင်သပြေပန်းခက်များ၊ အိုးစည်ဒိုးပတ်များဖြင့် စည်စည်ကားကားသိုက်သိုက်ဝန်းဝန်းဂုဏ်ပြုကြိုဆိုခဲ့သည်။ ဤမြင်ကွင်းမှာ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် ကြည်နူးဖွယ်၊ အားကျဂုဏ်ယူဖွယ်ကောင်းသည့်မြင်ကွင်းများပင် ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းလူငယ်များအနေဖြင့် တပ်မတော်သားတစ်ဦးအဖြစ် တာဝန်ကျေပွန်စွာထမ်းဆောင် ခဲ့ရခြင်းအပေါ် မိမိကိုယ်မိမိဂုဏ်ယူနေကြမည်ဖြစ်သည်။ နိုင်ငံအတွက် အဖိုးတန်သားကောင်းများ ဖြစ်သလို မိသားစုအတွက် သားကောင်းရတနာများဖြစ်ပေရာ အခြားသောလူငယ်များအနေဖြင့်လည်း မိမိတို့ပြည်သူ့စစ်မှုထမ်းတာဝန်မထမ်းဆောင်ရသေးပါက ဂုဏ်ယူဝင့်ကြွားစွာထမ်းဆောင်ကြရန်နှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာ အလွန်ပင်မွန်မြတ်လှသောနိုင်ငံနှင့်လူမျိုးဂုဏ်ကိုမြှင့်တင် သည့်ဆောင်ရွက်ချက်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

# အောင်လံမြို့၌ အပူလှိုင်းသတိပေးချက်များ လိုက်နာဆောင်ရွက်ရေး အသိပညာပေးနှိုးဆော်

အောင်လံ ဧပြီ ၂၄

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ အပူရှိန် အလွန်အမင်းမြင့်တက်နေမှုကြောင့် ပြည်သူများ အပူဒဏ်အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အသိပညာပေးနှိုးဆော်ခြင်းကို ဌာနဆိုင်ရာတာဝန် ရှိသူများက ဧပြီလ ၂၃ ရက်တွင် ကွင်းဆင်းဆောင်ရွက် သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီး ဌာနနှင့်တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့သည် မြို့ပေါ် လူစည်ကားရာနေရာများနှင့် လမ်းဆုံလမ်းခွများ၌ မော်တော်ယာဉ်ဖြင့်လှည့်လည်ကာ အပူလှိုင်းနှင့် ပတ်သက်သည့် သတိပေးချက်များ၊ လိုက်နာရမည့် အချက်များကို အသံချဲ့စက်ဖြင့် တိုက်တွန်းနှိုးဆော် ရာတွင် နံနက် ၁၁ နာရီမှ ညနေ ၄ နာရီအတွင်း နေရောင်ခြည်အောက်သို့ တိုက်ရိုက်ထွက်ခွာခြင်းမှ ရှောင်ကြဉ်ရန်၊ ခန္ဓာကိုယ်အတွင်း ရေဓာတ်မခန်း ခြောက်စေရန်၊ ရေနှင့်ဓာတ်ဆားရည်များသောက်သုံး ရန်၊ အပြင်ထွက်ပါက ထီး၊ ဦးထုပ်များ ဆောင်းသွား ရန်နှင့် အပူဒဏ်ခံနိုင်သော အဝတ်အထည်များ ဝတ်ဆင်ရန်၊ အပူဒဏ်ကြောင့် မူးဝေခြင်း၊ ပျို့အန်ခြင်း နှင့် ကြွက်တက်ခြင်းများဖြစ်ပေါ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးပြသရန် စသည်တို့ကို တိုက်တွန်းနှိုးဆော်ကြသည်။

ထိုသို့တိုက်တွန်းနှိုးဆော်ခြင်းမှာ အပူရှိန်ပြင်းထန် သည့်ကာလအတွင်း ပြည်သူများ ကျန်းမာရေး ထိခိုက်မှုမရှိစေရန်နှင့် အပူဒဏ်အန္တရာယ်ကို ဂရုပြု နေထိုင်နိုင်စေရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ် ကြောင်း သိရသည်။ **အာကာ(ပြန်/ဆက်)**

# ပေါက်ခေါင်းမြို့နယ်၌ ကြံ ၂၀၅၈၉ ဧက စိုက်ပျိုးပြီးစီး

ပေါက်ခေါင်း ဧပြီ ၂၄

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ယခုနှစ် တွင် ကြံ ၂၀၅၈၉ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး လျာထားချက် ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပေါက်ခေါင်းမြို့နယ်၌ ကြံစိုက်ပျိုးမှု အထွက်နှုန်း တိုးတက်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ သဘာဝ မြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျသုံးစွဲနိုင်ရေး တို့အပြင် အပင်ကြီးထွားချိန် ပိုးမွှားကျရောက်လာ ပါက ကာကွယ်နှိမ်နင်းရေးနည်းလမ်းများကို ကြံစိုက် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ခင်းသစ် ၁၂၃၆၅ ဧကနှင့် လမိုင်း ၈၂၂၄ ဧက စုစုပေါင်း ၂၀၅၈၉ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

ကြံများကို ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် စတင်စိုက်ပျိုးကြပြီး ဒီဇင်ဘာလတွင် ခုတ်သိမ်းကြ သည်။ အဆိုပါကြံများကို ဒေသတွင်းရှိ အင်ငါးခွ သကြားစက်ရုံနှင့် နဝဒေးသကြားစက်ရုံတို့သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

**ဖုန်းကျော်ဇင် (ပြန်/ဆက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၄-၂၀၂၆(စနေနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | ၁၁။ | ၁၀:၄၅ | လူသားတို့နှင့်ဆိုက်ဘာအန္တရာယ် |
| ၂။ | ၀၇:၁၀ | ဓမ္မပူဇာတေး | ၁၂။ | ၁၂:၀၀ | တစ်ပတ်အတွင်း မြဝတီရုပ်မြင်သံကြားသတင်း |
| ၃။ | ၀၇:၂၅ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ | ၁၃။ | ၁၃:၁၅ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်း |
| ၄။ | ၀၇:၃၀ | ကိုယ်လက်လှုပ်ရှားအားကစား | | | |
| ၅။ | ၀၈:၁၅ | မျိုးချစ်တပ်မတော် | ၁၄။ | ၁၃:၂၅ | မြတ်ဗုဒ္ဓ၏သာသနာ |
| ၆။ | ၀၈:၂၀ | မွေးမြူသုတ | ၁၅။ | ၁၄:၃၀ | အိုဘယ့်သခင်တေးနုယဉ် |
| ၇။ | ၀၈:၄၀ | မောင်မယ်လေးများသိစေချင် | ၁၆။ | ၁၅:၅၀ | ဓာတ်လမ်းတို |
| ၈။ | ၀၉:၂၀ | လူတိုင်းကျန်းမာသိမှတ်စရာ | ၁၇။ | ၁၇:၄၀ | သုတရသစုံလင်ဗဟုသုတပုံပြင် |
| ၉။ | ၀၉:၄၀ | ဆွေမျိုးပေါက်ဖော်မှရသအစုံစုံ သုတအဖုံဖုံ | ၁၈။ | ၁၇:၄၅ | ယဉ်ကျေးလိမ္မာ ဓမ္မတေးကဗျာ |
| | | | ၁၉။ | ၁၈:၃၀ | ပြည်သူ့ကြားကပြည်သူ့စကား |
| ၁၀။ | ၁၀:၃၀ | စာပေနှင့်အနုပညာသတင်း | ၂၀။ | ၁၉:၀၀ | **လူငယ်နှင့်ပင်လယ် (မှတ်တမ်း)** |

မြဝတီ နေ့စဉ် the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၁၄-၇၁၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ခရီးသွားများအနေဖြင့် ရေလမ်းခရီးကိုပိုမိုအားထားလာသည့်အတွက် ကမ်းရိုးတန်းသွားအမြန်ရေယာဉ်များ တိုးချဲ့ပြေးဆွဲလာ

မြိတ် ဧပြီ ၂၄

တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် ခရီးသွားများအနေဖြင့် ရေလမ်းခရီးကို ပိုမိုအားထားလာသည့်အတွက် ကမ်းရိုးတန်းသွားအမြန်ရေယာဉ်များ တိုးချဲ့ပြေးဆွဲလာကြောင်း အမြန်ရေယာဉ်လုပ်ငန်းရှင်များ၏ပြောဆိုချက်အရ သိရသည်။

တနင်္သာရီကမ်းရိုးတန်းရှိ ကော့သောင်း-မြိတ်-ထားဝယ်မြို့များသို့ ဧပြီလတတိယပတ်မှစ၍ အမြန်ရေယာဉ်များပြေးဆွဲပေးနေပြီး တစ်ပတ်လျှင်တစ်ကြိမ် ပြေးဆွဲပေးလျက်ရှိသည်။

" လက်ရှိ ခရီးသွားပြည်သူတွေက ရေလမ်းခရီးကို ပိုမိုအားထားလာတာတွေ့ရတယ်။ ဒါကြောင့် အမြန်ရေယာဉ် 555 နဲ့ 999 ဆိုပြီး နှစ်စင်းစီစဉ်ထားပါတယ်။ 999 က မြိတ် – ထားဝယ်၊ 555 က မြိတ် – ကော့သောင်း ပြေးဆွဲမှာပါ။ ပြီးခဲ့တဲ့ဧပြီလ ၁၉ ရက်က တစ်ခေါက်စတင်ပြေးဆွဲကြည့်တာ အဆင်ပြေပါတယ်။ ခရီးသွားပြည်သူတွေလုံခြုံဖို့ အဓိကရည်ရွယ်ပါတယ်။ မိုးရာသီရောက်လာတော့မှာဖြစ်တဲ့အတွက် ဒီလိုအမြန်ရေယာဉ်တွေနဲ့ သွားလာနိုင်ဖို့ စီစဉ်ရတာဖြစ်ပါတယ်။ ဒီရေအတက်အကျပေါ်မူတည်ပြီး တစ်ပတ်မှာတစ်ရက် ပြေးဆွဲပေးမယ့်ရက်ကို ကြေညာပေးနေပါတယ်" ဟု အမြန်ရေယာဉ်လိုင်းတာဝန်ခံ ဦးမိုးဇော်ကပြောသည်။

အဆိုပါအမြန်ရေယာဉ်များကို မြိတ်မြို့မှအခြေပြုပြေးဆွဲမည်ဖြစ်ပြီး မြိတ်– ထားဝယ်ခရီးစဉ်အတွက် ခရီးသည်တစ်ဦးလျှင် ငွေကျပ် နှစ်သိန်း၊ မြိတ်–ကော့သောင်းခရီးစဉ်အတွက် ခရီးသည်တစ်ဦးလျှင် ငွေကျပ် သုံးသိန်း ကျသင့်မည်ဖြစ်ကြောင်း သိရသည်။


"လက်ရှိဆီဈေးနှုန်းအရ အကျိုးအမြတ်ထက် ခရီးသည်တွေရဲ့လုံခြုံရေးကို အဓိကထားတာပါ။ မိုးရာသီမှာ အမိုးအကာတွေနဲ့ ကုန်စည်လည်းပိုမိုတင်ဆောင်နိုင်တဲ့ အမြန်ရေယာဉ်တွေကိုပြေးဆွဲပေးတာပါ။ မြိတ်–ထားဝယ် ပြေးဆွဲချိန် ငါးနာရီ၊ မြိတ်– ကော့သောင်း ပြေးဆွဲချိန် ခြောက်နာရီကြာပါတယ်။ နေ့ချင်းအရောက်သွားနိုင်တဲ့ ခရီးစဉ်တွေဖြစ်ပါတယ်" ဟု ဦးမိုးဇော်ကပြောသည်။

လက်ရှိတွင် ရေလမ်းခရီးစဉ်မှာ ငွေကြေးအနည်းငယ်ပိုမိုကုန်ကျသော်လည်း အချိန်တိုအတွင်း ခရီးရောက်ခြင်းနှင့် လုံခြုံစိတ်ချရမှုရှိခြင်းတို့ကြောင့် ခရီးသွားပြည်သူများ ပိုမိုအားထားလာကြောင်း သိရသည်။

မြင့်ဦး(မြိတ်)



# ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တစ်ရက်လျှင် ကြက်သွန်နီပိဿာနှစ်သိန်းခန့်ဝင်ရောက်



ရန်ကုန် ဧပြီ ၂၄

ရန်ကုန်မြို့ရှိ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ သင်္ကြန်ပြီးကာလတွင် တစ်ရက်လျှင် ကြက်သွန်နီပိဿာနှစ်သိန်းခန့်ဝင်ရောက်နေကြောင်း မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

"သင်္ကြန်မတိုင်မီက တစ်ရက်ကို ကြက်သွန်နီပိဿာ သုံးသောင်းကျော်ပဲဝင်ခဲ့တယ်။ လက်ရှိမှာ တစ်ရက်ကို ပိဿာနှစ်သိန်းလောက်ဝင်ရောက်မှုရှိပါတယ်" ဟု ဘုရင့်နောင်ကုန်စည်ဒိုင်မှ ကြက်သွန်ကုန်သည် ဦးဖြိုးအောင်ကပြောသည်။

ပြီးခဲ့သည့်သင်္ကြန်မတိုင်မီကာလက တစ်ရက်လျှင် နယ်စုံမှကြက်သွန်နီကားအစီးရေခြောက်စီးမှ ၁၀ စီးခန့်သာဝင်ရောက်ခဲ့ရာမှ လက်ရှိတွင် တစ်ရက်လျှင် ကြက်သွန်နီကားအစီးရေ ၃၀ ကျော် အထိဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်ပုံမှန်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ ကြက်သွန်နီအဝင်လည်းများလာပါတယ်။ နယ်စုံကဝင်နေတာပါ"ဟု ဦးဖြိုးအောင်ကပြောသည်။

ဆောင်းကြက်သွန်များမှာ တာရှည်အထားခံခြင်းကြောင့် တစ်နှစ်ပတ်လုံး သိုလှောင်ထားနိုင်သော်လည်း တောင်သူတချို့က နုတ်သိမ်းပြီးချိန်တွင် ရောင်းချလေ့ရှိပြီး တချို့က ကြက်သွန်ဈေးကောင်းသည့်အချိန်မှသာ ထုတ်ရောင်းလေ့ရှိကြောင်း သိရသည်။

ဝါဝါ

# သစ်တောထိန်းသိမ်းရေး တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေး

သထုံ ဧပြီ ၂၄

မွန်ပြည်နယ် သထုံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဧပြီလ ၂၃ ရက်က သထုံမြို့နယ် ကတိုက်ကြီးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ သထုံမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသံစဉ်မှူးက ရိုးပြတ်များမီးရှို့ခြင်းနှင့် မီးခိုးမြူငွေ့အန္တရာယ်ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ယင်းနောက် သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး Video Clip ကိုပြသရာ တက်ရောက်လာသူများက စိတ်ပါဝင်စားစွာကြည့်ရှုကြသည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ မြို့နယ်သစ်တောဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

ချမ်းမြေ့

# အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)အားကစားနည်းပြမွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၄

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) အားကစားနည်းပြမွမ်းမံသင်တန်း (၁/၂၀၂၄)သင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းအတွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ရုံးဟောင်းခန်းမ၌ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ သင်တန်းနည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက ယခုဖွင့်လှစ်သည့်နည်းပြသင်တန်းကို အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ၏ ဦးတည်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်၊ အားကစားနည်းအလိုက် ခေတ်နှင့်အညီ ပြောင်းလဲနေသည့်နည်းစနစ်များ၊ နည်းဥပဒေများကို သိရှိနိုင်စေရန်၊ အရည်အချင်းပြည့်ဝသည့်နည်းပြများပေါ်ထွက်လာစေရန်၊ အားကစားသမားများကို နည်းစနစ်ပိုင်းဆိုင်ရာနှင့် စိတ်ခာတ်ပိုင်းဆိုင်ရာများတွင် နည်းစနစ်တကျသင်ကြားနိုင်စေရန်၊ အားကစားလေ့ကျင့်ရေးနှင့်ယှဉ်ပြိုင်မှုတိုင်းတွင် အားကစားသိပ္ပံကဏ္ဍကို မျက်ခြည်မပြတ်စေဘဲ စဉ်ဆက်မပြတ်လေ့လာနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ နည်းပြတစ်ဦးသည် အားကစားသမားများကို နည်းစနစ်သင်ကြားပေးနိုင်ရုံသာမက စိတ်ဓာတ်တက်ကြွစေရန်အတွက် လှုံ့ဆော်မှုပေးနိုင်သည့် ခေါင်းဆောင်တစ်ဦးဖြစ်ရန်လည်းလိုအပ်ကြောင်း၊ နည်းပြများ၏အရည်အချင်းပြည့်ဝမှု၊ အရည်အသွေးမြင့်မားမှုသည် အားကစားလောကအောင်မြင်မှု၏ အခြေခံအုတ်မြစ်တစ်ခုဖြစ်ကြောင်း၊ သင်တန်းမှသင်ကြားပို့ချပေးသည့် သင်ခန်းစာများကို ကောင်းစွာလေ့လာမှတ်သားကြစေလိုကြောင်း၊ သင်တန်းမှရရှိလာသည့် အတွေ့အကြုံကောင်းများကို မိမိတို့၏ လုပ်ငန်းခွင်များတွင် ပြန်လည်အသုံးချပြီး အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆက်လက်ကြိုးပမ်းကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၄ ဦး တက်ရောက်ပြီး သင်တန်းကို ဧပြီလ ၂၃ ရက်မှ မေလ ၈ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

မြဝတီ ကာတွန်း



# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

'ဟ ညီလင်း၊ မင်းမှာအဆက်ရှိတယ် ဟုတ်လား'

ပေါက်ကျိုင်းက မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် မေးလေသည်။

'ဒီစံပယ်ပင်မှာလည်း ဇာတ်လမ်းတစ်ပုဒ်ရှိရမယ်'

စပ်စုလိုစိတ်၊ သိလိုစိတ်ပြင်းပြနေသော သက်သက်နှင့် ပေါက်ကျိုင်းတို့သည် ညီလင်းညို၏မျက်နှာကို ဝိုင်းပြီးအကဲခတ်နေကြသည်။ မရမက မေးကြတော့မည့်ဟန် ပြင်နေကြလေသည်။

'မိသက်ရယ် စပ်စုမရဲ့အမေလို့ မပြောရဘူး၊ စပ်စုလှချည်လား'

ကျော်ထွန်းညိုက ဆက်၍မမေးရန် မျက်ရိပ်ပြပြီး သက်ပြင်းရှိုက်လိုက်မိသည်။ ညီလင်း၏နှလုံးသားအနာသည် ယခုထက်တိုင်မကျက်သေးကြောင်း သူသိထားသည်။ ဘာကိုမှအစွဲအလမ်းမထားဘဲ ပေ့ါပေ့ါကလေးတွေးကာ ရယ်မောနေတတ်သော လူပျော်လူရွှင်လေး ညီလင်းညိုသည် ယခင်တုန်းကလောက် မပျော်နိုင်၊ မရွှင်နိုင်သည်မှာ နှစ်နှင့်ချီ၍ကြာခဲ့ပေပြီ။ ကျော်ထွန်းညိုက ဟန့်လိုက်သောကြောင့် ပေါက်ကျိုင်းနှင့်သက်သက်သည် ပါးစပ်ပိတ်သွားကြသည်။ သို့သော်လည်း ညီလင်းကို သိလိုစိတ်ကဲနေသောမျက်လုံးများဖြင့်လှမ်းကြည့်ပြီး မေးခွန်းပေါင်းများစွာကို အသံတိတ်မေးနေကြသည်။

'ကျွန်တော် လမ်းထိပ်သွားဦးမယ်'

အနေရခက်လာသော ညီလင်းက နေရာမှထသည်။ လမ်းထိပ် ကွမ်းယာဆိုင်သို့ ရမယ်ရှာပြီး ရှောင်ပြေးရန်ဖြစ်သည်။ သူ့ကို စူးစိုက်အကဲခတ်နေသူများအား ဟဲခနဲသွားဖြဲပြလိုက်ပြီး လှည့်ထွက်လာခဲ့လေသည်။ သူထွက်သွားသည်နှင့် ကိုကို့အား ဝိုင်းပြီး အစ်ကြအောက်ကြတော့မည်ဖြစ်လေသည်။ ကိုကိုကတော့ လုံးဝစိတ်ချရသည်။ နှုတ်လုံမည်ဟု ယုံကြည်သည်။ သူ့အတွင်းရေးကို သူမပြောစေချင်ပါဘဲလျက် မည်သည့်အခါမျှ ဖွင့်ပြောလိမ့်မည်မဟုတ်ချေ။

'အစ်ကို အစ်ကိုကြီး'

ခေါင်းငိုက်စိုက်ဖြင့်လျှောက်လာစဉ် သူ့ဘေးသို့ ကားလေးတစ်စီးက ကပ်၍ရပ်လိုက်သည်။ အမောတကောခေါ်သံလေးကို ကြားလိုက်ရသည်။

'ဟင် ထွန်း'

ထွန်းသည် ညီလင်းညိုကို အားကိုးတကြီးဖြင့်ကြည့်နေသည်။ မျက်လုံးညိုကြီးတွင် မျက်ရည်များရစ်ဝဲနေလေသည်။ ထွန်း၏ဘေးတွင်တော့ မအေးတင်မျက်စိမျက်နှာပျက်နေသည်။ ထို့နောက် သူ့ကိုညိုးငယ်စွာကြည့်နေသော ဦးဆာမိ။

'ဟင် ဘာဖြစ်လို့လဲဟင်၊ ဘာဖြစ်လာလို့လဲ'

ညီလင်းက ကားတံခါးဝမှကုန်းကြည့်ရင်း စိုးရိမ်ပူပန်စွာမေးလိုက်မိသည်။

'မမလေ မမသွားပြီ အစ်ကို'

'စုလား ဘယ်သွားတာလဲ'

'နိုင်ငံခြားကိုတဲ့'

'ဟာ'

ညီလင်း၏ရင်ထဲတွင် ဟာခနဲဖြစ်ပြီး လှိုက်မောသွားသည်။ ခေါင်းထဲတွင် ရိပ်ခနဲမူးသွားသည်။ 'သွားပြီ၊ သူ ထွက်သွားပြီ' တဲ့။

'ဘယ် ဘယ်တုန်းကသွားတာလဲ'

'အခုပဲ၊ မမက သူ့ကိုဘယ်သူမှလိုက်မပို့ရဘူးတဲ့'

ထွန်း၏မျက်ဝန်းများသည် ရီဝေမှုန်မှိုင်းလာပြီး မျက်ရည်များစီးကျလာလေသည်။ ကြေကွင်းဆင်းရဲရခြင်းကို ထိုကလေးငယ်သည် အရွယ်နှင့်မမျှအောင် ခံစားတတ်နေပေပြီ။

'ကျွန်မတို့လည်း မသိဘူး၊ သူသွားမှာကို ဘယ်သူမှမသိဘူး၊ ဒီမနက်မှ စုကပြောတယ်၊ ပစ္စည်းတွေအားလုံးကို ထွန်းရဲ့နာမည်နဲ့လွှဲခဲ့ပြီတဲ့၊ ဒါပေမဲ့ ထွန်းကသိပ်ငယ်သေးတော့ ဝိုင်းပြီးစောင့်ရှောက်ကြပါတဲ့၊ နောက်ပြီး ကိုညီလင်းညိုကို ဒီစာပေးလိုက်ပါတဲ့၊ သူက နက်ဖြန်မှပေးခိုင်းတာ၊ ဒါပေမဲ့ ကျွန်မတို့က ချက်ချင်း'

မအေးတင်၏အသံသည် တိမ်ဝင်သွားပြီး ရှိုက်နေသည်။ ထို့နောက်

> **"စုလှိုင်သည် လေယာဉ်ခရီးသည်များနှင့်အတူ ရော၍ လျှောက်သွားရင်း အသက်ကို တဝကြီးရှိုက်၍ ရှူလိုက်သည်။ အမိမြန်မာပြည်မှလေကို နောက်ဆုံးရှူရခြင်းဖြစ်သည်။ နောင်သောအခါများတွင် ရှူရရှိုက်ရတော့မည်မဟုတ်ချေ။**
>
> **ဒီတိုင်းပြည်မှာ ငါချစ်စရာလူမှမရှိတော့ဘဲ၊ သေကုန်ပြီ၊ ထွန်းအတွက်လည်း ပစ္စည်းတွေအကုန်ပေးပစ်ခဲ့တာပဲ၊ ညီလင်းရော ငါထွက်သွားတာသိရင် သူဘယ်လိုနေမယ်မသိဘူး၊ အိုကွယ် သူ့ဟာသူမိန်းမယူပြီး သာယာချမ်းမြေ့တဲ့ဘဝလေးကိုတည်ထောင်နေမှာပါလေ…"**

စာအိတ်လေးနှစ်အိတ်ကို လှမ်းပေးသည်။ တစ်အိတ်ပေါ်တွင် 'ညီလင်းညို' ဟု ရေးထားသည်။ တခြားတစ်အိတ်တွင် 'ကိုကျော်ထွန်းညို၊ သက်သက်၊ ကိုပေါက်ကျိုင်းနှင့် အမာညို' ဟုရေးထားလေသည်။

သူ့အမည်ရေးထားသောစာအိတ်ကို ညီလင်းသည် တုန်ယင်သောလက်များဖြင့်ဖောက်လိုက်သည်။

၁၊ ၃၊ ၇၆

ညီလင်းရေ

ဒို့သွားပြီ၊ ဒီတိုင်းပြည်ကိုတော့ ပြန်လာဖြစ်တော့မယ်မထင်ပါဘူး။

ထွန်းကိုစိတ်မချဘူးကွယ်၊ သူ့ကို စုလိုမဖြစ်စေချင်ဘူး၊ ဒီကလေးဟာ အထီးကျန်ဘဝမှာ အိပ်မက်ဆိုးတွေမက်နေမှာ စိုးရိမ်တယ်၊ ညီလင်းတို့မိသားစုလေးဟာ ပျော်စရာကောင်းတယ်၊ မေတ္တာငွေ့လွှမ်းပြီးနွေးထွေးတယ်၊ စုရဲ့မောင်လေးကို ညီလင်းတို့စောင့်ရှောက်ပါနော်၊ စုငယ်ငယ်တုန်းက အရှူးအမူးတမ်းတခဲ့ဖူးတဲ့ မိသားစုဘဝလေးကို မျှပေးကြပါကွယ်၊ တတ်နိုင်ရင်တော့ သက်သက်တို့က ထွန်းကိုမွေးစားနိုင်ရင်ကောင်းမယ်၊ သူတို့ဆီကိုလည်း စု သီးသန့်စာရေးလိုက်တယ်၊ ပေးလိုက်နော်။

သွားရတော့မယ်ဆိုတော့လည်း စိတ်မကောင်းဘူးကွယ်၊ စုလေ အခု နည်းနည်းချစ်တတ်လာပြီလို့ထင်တယ်၊ ညီလင်းနဲ့ ထပ်တွေ့စရာလမ်းမရှိတော့ဘူးဆိုတော့ စုရဲ့မာနကိုဘေးချိတ်ထားပြီး တစ်ခုလောက်မေးချင်တယ်၊ ညီလင်းက စုကိုချစ်တယ်လို့ ဘာဖြစ်လို့မပြောခဲ့တာလဲ၊ နောက်ပြီး ဟိုတစ်ခါတုန်းက ညီလင်း စုအိမ်ကိုလာတုန်းကလေ 'စုကိုလက်ထပ်ပါရစေ'လို့မပြောဘဲ ဘာဖြစ်လို့များ'ကျွန်တော့်ကို လက်ထပ်မလား' လို့မေးခဲ့တာလဲဟင်၊ ညီလင်းက စုကိုမချစ်ဘူးလား၊ နောက်ပြီး လက်မထပ်ချင်ဘူးလား၊ တော်ပါပြီလေ၊ စိတ်မောပါတယ်။

ဟိုကျရင် ဒို့ စာမရေးတော့ဘူး၊ ထာဝရခွဲကြပါစို့၊ သွားပြီနော်။

စုလှိုင်

ညီလင်း၏လက်များသည် တဆတ်ဆတ်တုန်ယင်လာပြီး မျက်ဝန်းများနီကြင်လာသည်။ တံတွေးကိုအထပ်ထပ်မျိုချရင်းငိုင်နေသည်။

'စု သွားတာမကြာသေးဘူး၊ မီချင်မီမလားမသိဘူး'

မအေးတင်ကပြောသည်။ နှုတ်ခမ်းများဖြူရော်ကာ မျက်ရည်ဝိုင်းနေသော ညီလင်းအားကြည့်ရင်းမှ အကြံပေါက်လာဟန်ရှိသည်။ ထွန်း၏လက်ကိုဆွဲကာ ကားပေါ်မှဆင်းလေသည်။

ထို့နောက် ညီလင်းညိုကို တိုက်တွန်းသောလေသံဖြင့် ထပ်ပြောသည်။

'လိုက်သွားရင် မီမလားမသိဘူး၊ ကားယူသွားပါလား'

■ ■ ■ ■ ■

ရွှေဝါရောင်တောက်နေသောဆည်းဆာရိပ်ဝယ် အရာရာသည် ခြောက်သွေ့နေလေသည်။ သူ့ရှေ့မှလျှောက်သွားနေသော မျက်နှာဖြူအမျိုးသမီးနှစ်ဦး၏ အဝါရောင်ဆံပင်များကို ဆည်းဆာရောင်က လိမ်းကျံထားသဖြင့် ပို၍ဝါကာ နီရောင်ရိပ်ရိပ်ပြေးနေသည်။

စုလှိုင်သည် လေယာဉ်ခရီးသည်များနှင့်အတူရော၍ လျှောက်သွားရင်း အသက်ကို တဝကြီးရှိုက်၍ရှူလိုက်သည်။ အမိမြန်မာပြည်မှလေကို နောက်ဆုံးရှူရခြင်းဖြစ်သည်။ နောင်သောအခါများတွင် ရှူရရှိုက်ရတော့မည်မဟုတ်ချေ။

'ဒီတိုင်းပြည်မှာ ငါချစ်စရာလူမှ မရှိတော့ဘဲ၊ သေကုန်ပြီ၊ ထွန်းအတွက်လည်း ပစ္စည်းတွေအကုန်ပေးပစ်ခဲ့တာပဲ၊ ညီလင်းရော ငါထွက်သွားတာသိရင် သူဘယ်လိုနေမယ်မသိဘူး၊ အိုကွယ် သူ့ဟာသူမိန်းမယူပြီး သာယာချမ်းမြေ့တဲ့ဘဝလေးကို တည်ထောင်နေမှာပါလေ'

လေးကန်စွာလျှောက်သွားရင်းမှ စုလှိုင်၏ရင်ထဲတွင် အတွေးတို့က ဝဲလှည့်လာလေသည်။

မြန်မာပြည်မှထွက်သည့်နေ့ကျမှပင် စုလှိုင်သည် သူဝတ်လေ့မရှိသောချိတ်ထဘီလေးကို မြန်မာဆန်ဆန်ဝတ်လာခဲ့သည်။ စိမ်းပြီဆိုမှ စုလှိုင်တို့က အပြီးတိုင်စိမ်းချင်သည်။ ထို့ကြောင့် အင်္ကျီအစိမ်းနှင့် ထဘီချိတ်အစိမ်းလေးကို ဝတ်လာခဲ့မိသည်။ ရွှေဝါရောင်ဆည်းဆာရောင်သည် စိမ်းမြနေသောစုလှိုင်ကို အဝါရည်လိမ်းပေးထားလေသည်။

**ဆက်လက်ဖော်ပြပါမည်။**

**ဤဝတ္ထုပြီးဆုံးပါက စာရေးဆရာကြီး တင့်တယ်၏"ကမ္ဘဖလ"ဝတ္ထုအား ဆက်လက်ဖော်ပြပါမည်။**

## ဒိုက်ဦးမြို့နယ် ကလိကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကွင်းဆင်းစစ်ဆေး

ဒိုက်ဦး ဧပြီ ၂၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကလိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေဖြင့် ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုကို ဧပြီလ ၂၃ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့်ဝန်ထမ်းများက ကျေးရွာတွင်းလမ်းအကောင်အထည်ဖော်ရေး ကော်မတီဝင်များနှင့်အတူ ကလိကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများနှင့် ကျေးရွာကော်မတီဝင်များအား ဆောင်ရွက်ပြီးလုပ်ငန်းများကို ဝိုင်းဝန်းထိန်းသိမ်းကြရန်မှာကြားသည်။

ဒိုက်ဦးမြို့နယ် ကလိကျေးရွာ၌ အရှည်ပေ ၅၈၀၊ အကျယ် ၃ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေ ငွေကျပ် ၁၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကြောင့် ကလိကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ သွားလာရေးလွယ်ကူပြီး လူမှုစီးပွားဘဝများ ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။



ကိုညို(ကျေးလက်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ မိုင်းဖြတ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်ကြည့်ရှုအားပေး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဆေးကုသမှုခံယူနေသူတစ်ဦးအား စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဆေးကုသမှုခံယူနေသူတစ်ဦး၏ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

နေပြည်တော် ဧပြီ ၂၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မိုင်းဖြတ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။


ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များအား လိုက်လံကြည့်ရှုပြီး တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသမှုပေးထားသည့်အခြေအနေများနှင့်ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့်ကလေးကုသဆောင်များသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့်လူနာများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာ မီးဖွားလူနာတစ်ဦးအား အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

## ရန်ကုန်-မာန်အောင်-ကျောက်ဖြူ-ရန်ကုန် လေကြောင်းခရီးစဉ် စတင်ပြေးဆွဲ

စစ်တွေ ဧပြီ ၂၄

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ပြည်သူများလမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် မြို့များသို့ ခရီးသွားလာမှုအဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲရာတွင် ရန်ကုန်မြို့မှ ရခိုင်ပြည်နယ်အတွင်းရှိ မာန်အောင်မြို့နှင့် ကျောက်ဖြူမြို့တို့သို့ ရက်သတ္တတစ်ပတ်လျှင် သုံးရက်ပြေးဆွဲသွားမည်ဖြစ်ပြီး ယနေ့နံနက် ၉ နာရီတွင် XY-AMW လေယာဉ်ဖြင့် လေကြောင်းခရီးစဉ်စတင်ပြေးဆွဲခဲ့ကြောင်း သိရသည်။



ကျောက်ဖြူ-မာန်အောင်-ကျောက်ဖြူ-ရန်ကုန်လေယာဉ်ခရီးအား သတ်မှတ်ပြေးဆွဲမည့်နေ့အလိုက် ပျံသန်းပြေးဆွဲမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများက ဝမ်းမြောက်ကြိုဆိုလျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ၂၄-၄-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းဖြစ်ပေါ်နိုင်

နေပြည်တော် ဧပြီ ၂၄

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# နိုင်ငံ့အကျိုးကိုရှေးရှု၍ အမျိုးသားအကျိုးစီးပွားကို မြှင့်တင်ကြိုးစားဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၄

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များနှင့် အစိုးရသစ်၏ ရက် (၁၀၀) စီမံကိန်းများအပေါ် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ ရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရုံးအမှတ် (၁၇) ပြည်ထောင်စုရာထူးဝန်အဖွဲ့ စုပေါင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းတွင် ပါရှိသော လမ်းညွှန်မှာကြားချက်များကို အလေးအနက်ထား အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အရည်အချင်းပြည့်ဝသော နိုင်ငံ့ဝန်ထမ်းများဖြစ်လာစေရန် စနစ်တကျရွေးချယ်ပေးခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်နှင့် စံတန်ဖိုးများကို စိမ့်ဝင်စေ၍ ခံယူချက်စိတ်ဓာတ်မြင့်မားစေရန်ဆောင်ရွက်ပေးခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုကိစ္စများနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများသည် နိုင်ငံတည်ရှိသရွေ့ ထာဝရရှိနေရမည် ဖြစ်သည့် အတွက်



ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် မြန်မာနိုင်ငံဝန်ထမ်းအဖွဲ့အစည်းများရှိနိုင်ငံ့ဝန်ထမ်းများသည် ကဏ္ဍအလိုက်၊ အဆင့်အလိုက် လုပ်ငန်းများစဉ်ဆက်မပြတ်မှန်မှန်ကန်ကန် လုပ်ဆောင်ပြီး နိုင်ငံ့အကျိုးကိုရှေးရှု၍ အမျိုးသားအကျိုးစီးပွားကို မြှင့်တင်ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း။

အစိုးရ၏ ရက်(၁၀၀) စီမံကိန်းနှင့်မူဝါဒ၊ ရည်မှန်းချက်များအပေါ် ကဏ္ဍအလိုက်၊ အဆင့်အလိုက် လိုက်ပါအကောင်အထည်ဖော်ရသော ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများရှိနိုင်ငံ့ဝန်ထမ်းများအား သက်ဆိုင်ရာကဏ္ဍအလိုက် လိုက်ပါတာဝန်ထမ်းဆောင်နိုင်ရေး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် အသိပညာပေးဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များရှိ အဆင့်အလိုက် တက်ရောက်ရသော သင်တန်းများ၏ သင်ရိုးညွှန်းတမ်းများအား အစိုးရသစ်၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်ကိုက်ညီစေရန်ပြင်ဆင်၍ အစိုးရသစ်၏ ရက်(၁၀၀) စီမံကိန်းနှင့်ပတ်သက်၍ ထဲထဲဝင်ဝင်သိရှိနားလည်ပြီး ပြည်သူ့အကျိုးကိုရှေးရှုသော၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်သော နိုင်ငံ့ဝန်ထမ်းများဖြစ်စေရေးဦးတည် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

အဆိုပါရှင်းလင်းပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများနှင့် အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲလွမ်းကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်

ပွင့်ဖြူ မေ ၂၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော ပဲလွမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ တစ်ကေလျှင် ၁၆ ဒသမ ၅၇ တင်းခန့်ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲလွမ်း ၂၁၇၃ ကေ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါပဲလွမ်းစိုက်ခင်းများကို ယခုနှစ်ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းရာ လက်ရှိတွင် ကေအားလုံးကို ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အထွက်နှုန်းမှာ တစ်ကေလျှင် ၁၆ ဒသမ ၅၇ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီက ပွင့်ဖြူမြို့နယ်မှာ ပဲလွမ်း ၂၁၇၃ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲလွမ်းစိုက်ခင်းတွေ လက်ရှိမှာ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲလွမ်းစိုက်ပျိုးတာနဲ့ပတ်သက်ပြီး အထွက်နှုန်းတိုးတက်စေဖို့၊ စိုက်ကေတွေတိုးချဲ့စိုက်ပျိုးနိုင်ဖို့ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးပါတယ်။ ပဲလွမ်းက ဈေးကွက်ရှိတာကြောင့် တစ်နှစ်ထက်တစ်နှစ် စိုက်ကေတွေ တိုးတက်လာပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ပဲလွမ်းစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံအထွက်နှုန်းများ တိုးတက်စေရန် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ မြေဩဇာနှင့်သွင်းအားစုများ မှန်မှန်ကန်ကန် သုံးစွဲတတ်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ သီးနှံအချိန်မီရိတ်သိမ်းနည်းပညာများ စသည့်တောင်သူအသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲလွမ်းကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးကာ အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပနိုင်ငံများသို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ကျောင်းသား ကျောင်းသူများအတွက် နွေရာသီကျောင်းပိတ်ရက် အင်္ဂလိပ်စာ Basic Grammar သင်တန်း ဖွင့်လှစ်သင်ကြား


ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် သဃ်န်းကျွန်းမြို့နယ်ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်ရေးရည်ရွယ်၍ အင်္ဂလိပ်စာ Basic Grammar သင်တန်းကို ဧပြီလ ၂၄ ရက်တွင် ဖွင့်လှစ်သင်ကြားသည်။

ရှေးဦးစွာ သဃ်န်းကျွန်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာထွန်းက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ယခုသင်တန်းမှ သင်ကြားပေးလိုက်သည့် ပညာရပ်များကို မိမိတို့ကျောင်းစာပညာသင်ကြားရာတွင် အထောက်အပံ့ပေးနိုင်ကြောင်း၊ ပညာရဲရင့် ပွဲလယ်တင့်ဆိုသည့် ဆိုရိုးစကားအတိုင်း လူအများအလယ်တွင် ဂုဏ်ယူဝင့်ကြွားစွာ နေထိုင်နိုင်စေရန်၊ အင်္ဂလိပ်စာအကြောင်း ကောင်းစွာသိရှိစေရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

အင်္ဂလိပ်စာ Basic Grammar သင်တန်းဖွင့်ပွဲသို့ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ သင်တန်းနည်းပြဆရာမ ရွှေယဉ်နု(ပညာရေး)၊ မိဘအုပ်ထိန်းသူများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြကြောင်း၊ သင်တန်းကို ဧပြီလ ၂၄ ရက်မှစ၍ တစ်လကြာ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ဇော်မိုး(သဃ်န်းကျွန်း)




# အိမ်တွင်းလက်မှုပညာ( ကော်ဖီအိတ်ခွံဖြင့် အခင်းဖျာ ခြင်း ခွက်ပြုလုပ်နည်း )သင်တန်းဖွင့်လှစ်



သီပေါ မေ ၂၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဧပြီလ ၂၃ ရက်က အိမ်တွင်းလက်မှုပညာ (ကော်ဖီအိတ်ခွံဖြင့် အခင်းဖျာ၊ ခြင်း၊ ခွက်ပြုလုပ်နည်း)သင်တန်းကို ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နီလာစိုးက သင်တန်းဖွင့်လှစ်ပေးရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် ကော်ဖီအိတ်ခွံဖြင့် အခင်းဖျာ၊ ခြင်း၊ ခွက်ပြုလုပ်ပုံပြုလုပ်နည်းအဆင့်ဆင့်ကို သင်ကြားပြသပေးကြောင်း၊ သင်တန်းသို့ ကျောင်းသား၊ ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြကြောင်း သိရသည်။

သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဖွဲ့စည်းထားသော Club အသင်းများပူးပေါင်း၍ စာဖတ်ဝိုင်း၊ ဆွေးနွေးပွဲ၊ ဟောပြောပွဲ၊ ပြပွဲပြိုင်ပွဲ၊ ကွန်ပျူတာအခြေခံသင်တန်းနှင့် အိမ်တွင်းလက်မှုပညာသင်တန်းများကို လစဉ်ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့

# ပဲခူးတိုင်းဒေသကြီး မြို့ပြသန့်ရှင်းသာယာလှပစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ပဲခူး မေ ၂၄

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် မြို့ပြသန့်ရှင်းသာယာလှပစေရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက စည်ပင်သာယာရေး၏ လုပ်ငန်းစဉ်များသည် အလွန်များပြားပြီး ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ရသည့် ဝန်ဆောင်မှုပေးရသည့် ဌာနတစ်ခုဖြစ်ကြောင်း၊ မြို့ပြတစ်ခု၏ သန့်ရှင်းသာယာလှပရေးသည် စည်ပင်သာယာ၏ ပုံရိပ်ဖြစ်၍ မိမိတို့ဌာန၏ ပုံရိပ်ကောင်းမွန်စေရေး ကြိုးစားဆောင်ရွက်သွားရန်နှင့် ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များသည် ပြည်သူလူထုသို့ တိုက်ရိုက်အကျိုးရှိသည့် လုပ်ငန်းများဖြစ်စေရေး ဆောင်ရွက်သွားရန်မှာကြားသည်။




ထို့နောက်တက်ရောက်လာသည့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများက ပန်းခြံလိုအပ်သည့် မြို့နယ်များနှင့် မြို့များအလိုက် ပန်းခြံတည်ဆောက်မည့် လျာထားမြေနေရာနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သွားမည့် မြို့ပြသန့်ရှင်းသာယာလှပစေရေး လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးက တင်ပြချက်များနှင့်ပတ်သက်၍ သုံးသပ်အကြံပြုတင်ပြရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မြို့နယ်တစ်ခုချင်းအလိုက် မြို့ပြသန့်ရှင်းသာယာလှပစေရေး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ (၄၁၀)

# မွေထိုင်း PATONG FIGHT NIGHT ပြိုင်ပွဲတွင် နော်ဥမ္မာစိုးက အယ်ဒါးနားဆစ်နဲရိုးကို အနိုင်ထိုးသတ်ပြီး ချန်ပီယံခါးပတ်ရယူ

ရန်ကုန် မေ ၂၄

ထိုင်းနိုင်ငံတွင် ယမန်နေ့ညပိုင်းက ကျင်းပသည့် မွေထိုင်း PATONG FIGHT NIGHT ပြိုင်ပွဲတွင် မြန်မာဖိုက်တာ နော်ဥမ္မာစိုးနှင့် အာဂျင်တီးနားမွေထိုင်းဖိုက်တာ အယ်ဒါးနားဆစ်နဲရိုးတို့ ချန်ပီယံခါးပတ်လုပွဲအဖြစ် နှစ်မိနစ်ငါးချီယှဉ်ပြိုင်ထိုးသတ်ကြရာ နော်ဥမ္မာစိုးက အနိုင်ရရှိပြီး ချန်ပီယံခါးပတ်ရရှိသွားသည်။


နော်ဥမ္မာစိုးသည် PATONG FIGHT NIGHT ပြိုင်ပွဲတွင် ပုံမှန်ထိုးသတ်နေသူတစ်ဦးဖြစ်ပြီး မွေထိုင်းပညာကိုရင်းနှီးကျွမ်းဝင်မှုရှိသကဲ့သို့ အယ်ဒါးနားဆစ်နဲရိုးကလည်း မွေထိုင်းပညာကို ငယ်ငယ်ကတည်းက ကစားနေသည့် ဖိုက်တာတစ်ဦးဖြစ်ပြီး ချန်ပီယံခါးပတ်လုပွဲပီပီပွဲကအကြိတ်အနယ်ရှိသည့်ပွဲတစ်ပွဲဖြစ်ခဲ့သည်။

ပထမအချီပွဲစသည်နှင့် အယ်ဒါးနားဆစ်နဲရိုးက ဖိုက်တာကစားပြီးအမှတ်ယူဖို့ကြိုးစားသည်။ ဥမ္မာစိုးက သူ့ပုံစံအတိုင်း ပေါ့ပေါ့ပါးပါးဖြင့် ကစားကွက်တည်လာပြီး ကောင်တာထိချက်များနှင့်အမှတ်ယူခဲ့သည်။ ဥမ္မာစိုး၏ထောက်လက်သီးများ၊ တံတောင်ရိုက်ချက်များ၊ အမြင့်ကန်ချက်များက ထိချက်ကောင်းသကဲ့သို့ နှစ်ဦးလုံး၏ ချုပ်ဒူးတွေကလည်း အမှတ်ရစေခဲ့သည်။

ဒုတိယအချီတွင် ဥမ္မာစိုး၏ထောက်လက်သီးပြင်းပြင်း တံတောင်ရိုက်ချက်များ ဆက်တိုက်ထိပြီး အာဂျင်တီးနားဖိုက်တာ အတော်လေးအထိနာခဲ့သည့်အတွက် အဝင်အထွက်မဝံ့မရဲဖြစ်လာသည်။ သူ၏အမြင့်ကန်ချက်တိုင်းကိုလည်း ဥမ္မာစိုးကဖမ်းသိမ်းပြီး လက်သီးတွဲလုံးများဖြင့်ဖိအားပေးနိုင်မှုကြောင့် အာဂျင်တီးနားသူဟန်ချက်ပျက်ကာ ထင်တိုင်းမပေါက်ဖြစ်ခဲ့သည်။ တတိယအချီတွင်လည်း ဥမ္မာစိုး၏ဘယ်တံတောင်ရိုက်ချက်၊ ဒူးတိုက်ချက်များဖြင့် ပြိုင်ဘက်ကိုအသာစီးကစားခဲ့သည်။

လေးချီမြောက်ပြန်စသည်နှင့် အယ်ဒါးနားက နိုင်ပွဲတစ်ပွဲဖြစ်လာရန် ပြိုင်ဘက်ကို တရစပ်ဖိအားပေးလာပေမယ့် ပါးနပ်သည့် ဥမ္မာစိုး၏လက်သီးတွဲလုံးများက ဆက်တိုက်ထိပြီး ကစားကွက်ပျက်ခဲ့ရသည်။ နောက်ဆုံးအချီတွင်လည်း ဥမ္မာစိုး၏ တံတောင်ရိုက်ချက် ဒူးတိုက်ချက်များနှင့် ထောက်လက်သီးများ ကောင်းခဲ့သကဲ့သို့ နင်းခြေများကလည်းကောင်းခဲ့သည်။ နှစ်ဦးလုံးသူတစ်ပြန်ကိုယ်တစ်ပြန်ထိုးသတ်ကြသည်ဆိုသော်လည်း ဥမ္မာစိုးသည်ငါးချီလုံး အသာစီးဖြင့် ထိုးသတ်နိုင်ခဲ့ပြီး ချန်ပီယံခါးပတ်ကိုသိမ်းပိုက်သွားသည်။

ဝန်းရံခ




ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၄-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပူတာအို | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၆၆၈ | ၄၈၅၅ | ၄၇၉၅ | ၄၆၈၅ | ၄၈၆၀ | ၄၈၇၀ | ၄၉၂၀ | ၄၇၆၅ | ၄၉၂၀ | ၅၂၄၀ | ၄၇၉၀ | ၄၉၀၅ | ၄၈၉၅ | ၄၈၄၅ | ၄၈၄၅ | ၅၀၆၀ |
| 95 Ron | ၄၉၀၉ | ၅၀၉၀ | ၅၀၃၀ | ၄၉၂၀ | ၅၀၉၅ | ၅၁၀၅ | ၅၁၅၅ | ၅၀၀၀ | ၅၁၅၅ | ၅၄၇၅ | ၅၀၂၅ | ၅၁၁၀ | ၅၁၃၀ | ၅၀၈၀ | ၅၀၈၅ | ၅၂၉၅ |
| HSD (500 ppm) | ၅၇၅၂ | ၅၉၃၀ | ၅၈၇၀ | ၅၇၆၅ | ၅၉၃၀ | ၅၉၄၀ | ၅၉၉၀ | ၅၈၄၅ | - | ၆၂၉၅ | ၅၈၆၅ | ၆၂၇၀ | ၅၉၆၅ | ၅၉၂၀ | ၅၉၂၀ | ၆၁၂၀ |
| HSD (50 ppm) | ၇၀၁၂ | ၇၂၀၅ | ၇၁၄၅ | ၇၀၃၅ | ၇၂၁၀ | ၇၂၂၀ | ၇၂၇၀ | ၇၁၁၅ | ၇၂၇၀ | ၇၅၉၀ | ၇၁၄၀ | ၇၂၇၅ | ၇၂၄၅ | ၇၁၉၅ | ၇၂၀၀ | ၇၄၁၀ |
| HSD (10 ppm) | ၇၀၁၂ | ၇၂၀၅ | ၇၁၄၅ | ၇၀၃၅ | ၇၂၁၀ | ၇၂၂၀ | ၇၂၇၀ | ၇၁၁၅ | | ၇၅၉၀ | ၇၁၄၀ | ၇၂၇၅ | ၇၂၄၅ | ၇၁၉၅ | ၇၂၀၀ | ၇၄၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၄၂၉ | ၄၅၅၂ |
| 95 Ron | ၄၆၆၀ | ၄၇၈၇ |
| HSD (500 ppm) | ၅၄၉၅ | ၅၆၃၅ |
| HSD (50 ppm) | ၆၇၀၂ | ၆၈၆၆ |
| HSD (10 ppm) | ၆၇၀၂ | ၆၈၆၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**သဇင်(FM) အသံလွှင့်အစီအစဉ်**

၂၅-၄-၂၀၂၆(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့နားဆင်စို့

၂။ ၀၈:၂၀ Morning Songs

၃။ ၁၁:၅၀ စိုက်မွေးသုတ

၄။ ၁၄:၅၀ Business Tips

၅။ ၁၆:၀၀ Holiday Vibes

၆။ ၂၁:၄၀ ဇာတ်လမ်းအသွင်တေးသံစဉ်

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## (၂၄-၄-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၃ ~ ၃၆၆၈ | ၅၅၈.၁ ~ ၅၅၈.၆ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၃၁,၂၅၆,၁၃၇.၆၀ | ၁၇,၃၀၀,၇၁၃.၆၀ | ၇,၅၄၅,၄၉၄.၁၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးဝါးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ဂျုံ၊ စားသုံးကုန်စည်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ တင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃.၅၉ သန်းကိုလည်းကောင်း၊ LNG ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃.၃၃ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ

## ကြည်လွင်မြင့်(မုဒြာ)

**မေး။ ဆရာ မင်္ဂလာပါ။ စိတ်ရှည်ရှည်နဲ့ ဖတ်ပေးစေလိုပါတယ်။ ဘုန်းဘုန်း အသက်က ၅၅ နှစ်ပါ။ ပေါင် ၁၄၀ ရှိပါတယ်။ ဆီးသွားပေမယ့် တစ်ခါတစ်ခါ ဝမ်းသွားတဲ့အခါ ရှောရှောရှူရှူမသွားပါ။ အပူအခိုးက ရင်ဘတ်လာပူပြီး ခြေဖျားတွေအေးပါတယ်။ နှလုံးတုန်လာ၊ စိတ်ဂနာမငြိမ်ဖြစ်လာပါတယ်။ စိုးရိမ်ထိတ်လန့်စရာတွေ့ရင်၊ စိတ်တိုဒေါသဖြစ်ရင်၊ တစ်ခုခုအတွက် စိတ်ဖိအားဖြစ်ရင် စောစောကလို ရင်တွေပူ၊ ခြေဖျား၊ လက်ဖျားတွေအေးပါတယ်။ သွေးလည်ပတ်မှုမမှန်တော့ဘဲ သွေးတိုးပြီး နှလုံးတုန်လာပါတယ်။ အဲဒီလိုဖြစ်ရင် အစားပျက်ပြီး အိပ်လို့လည်းမရနဲ့ တစ်နေကုန်ပင်ပန်းသွားလို့ စိတ်မအေးချမ်းတော့ပါ။ ပင်ပန်းလွန်းရင် ညလည်း အိပ်မပျော်ပါ။ စဖြစ်တာကတော့ ခဲလုံးတစ်လုံးကို ဖနောင့်နဲ့နင်းမိတော့ အတွင်းကြေပြီး အတော်နဲ့မပျောက်တာနဲ့ တိုင်းရင်းဆေးခန်းပြတော့ ကျီးပေါင်းဆိုပြီး ဆေးပေးပါတယ်။ အဲဒီဆေးတွေစားပြီး ဝမ်းသွားတော့ အရိအရွဲတွေနဲ့ အချဉ်ခတ်တွေပါသွားတယ်ထင်ပါတယ်။ အဲဒီကနေ ဘုန်းဘုန်းလည်း ဆေးရုံတက် လူနာသွားအမေးကအပြန် အင်္ဂလိပ်ဆေးခန်းဝင်ပြတယ်။ စိတ်လှုပ်ရှားပြီး နှလုံးမငြိမ်တော့ သွေးပေါင်တွေတက်တယ်။ ဒါနဲ့ဆရာဝန်က သွေးတိုးကျဆေးပေးလို့ သောက်တာ လူလည်းနုံးပြီး နားထဲမှာ တစီစီအသံတွေကြားရာကနေ စိတ်ဂနာမငြိမ်ဖြစ်၊ အိပ်မပျော်၊ စားမဝင်ဖြစ်သွားတယ်။ ဘုန်းဘုန်းက ပုံမှန်ခြေဖျားတွေနွေးပြီး နေကောင်းနေရင် သွေးပေါင်ချိန်က ပုံမှန်ပါပဲ။ စကားရှည်တယ်လို့တော့ မထင်ပါနဲ့ဆရာ။ ဘုန်းဘုန်းက စာချဘုန်းကြီးဆိုတော့ စာသင်သားတွေလည်း ထိန်းရပြီး ညဆို ၁၁ နာရီမှ အိပ်ရပါတယ်။ မနက် ၄ နာရီဆို ထပါတယ်။ အိပ်ရေးဝဝ အိပ်ရမယ်ဆိုတဲ့ ကျန်းမာရေးလည်း မလိုက်စားခဲ့ပါဘူး။ ဒါနဲ့ မယ်တော်ကြီးဆေးရုံတက်ပြီး ကိုယ့်ရှေ့မှာဆုံးတော့ ရင်ထဲထိတ်ခနဲဖြစ်၊ အိပ်ရေးတွေလည်းပျက်နဲ့ စောစောကအဖြစ်တွေနဲ့ဆုံပြီး ဖြစ်သွားတာပါပဲ။ အသက် ၄၇ နှစ်လောက်က စဖြစ်တာပါ ဆရာ။ ဆေးရုံ၊ ဆေးခန်းတွေလည်းပြဖူးပါတယ်။ အပူတွေများ၊ ဇက်ကြောတွေတက်၊ လေတွေတက်၊ အတွေးများတဲ့ညတွေမှာ အိပ်မပျော်ပါ။**

**ဖြေ။** အသက်အရွယ်အရ လေ၊ သည်းခြေ၊ သလိပ်မှာ လေအရွယ်ရောက်လာလို့ ဝမ်းတွင်းမှာ လေဖောက်ပြန်မှုတွေဖြစ်လာတာပါ။ အဓိကကတော့ လေပူဖြစ်၊ လေအထက်ဆန်၊ နှလုံးလေရိုက်ပြီး စိတ်မတည်ငြိမ်၊ အိပ်မပျော်၊ လေပွ၊ အစားပျက်ရောဂါတွေ ဆက်တိုက်ဖြစ်လာတာပါ။ အထက်တက်တဲ့လေ (ဥဒ္ဓင်္ဂမဝါယော)ကို အောက်ကိုသက်တဲ့လေ(အဓောဂမဝါယော) ဖြစ်အောင် ခတ်စာပေး၊ ဆေးပေးကုသနိုင်မှ ရောဂါပျောက်မှာပါ။ လေစာ (ခွေးတောက်၊ တမာ၊ ကြောင်လျှာ၊ ကြက်ဟင်းခါး၊ မျှစ်၊ မျှစ်ချဉ်စသည်များ)ရှောင်ကြဉ်ရပါမယ်။ လေအောက်သက်စေဖို့ တိုင်းရင်းဆေးအမှတ် (၂) လေမျိုးရှစ်ဆယ်ဆေး၊ လေပူကျဆေးများ ဘုဉ်းပေးပါ။ နှလုံးလေရိုက်တာသက်သာအောင် တိုင်းရင်းဆေးအမှတ် (၁၆) အပူငြိမ်းသွေးဆေးသောက်ပါ။ စိတ်မတည်ငြိမ်၊ အိပ်မပျော်တာပျောက်အောင် တိုင်းရင်းဆေးအမှတ် (၁၅) သည်းခြေဆေးကို ညအိပ်ရာဝင်မှာ ဘုဉ်းပေးပါ။ ကျောက်ဖရုံသီးဟင်းချို၊ ကျောက်ဖရုံယို၊ စတုမဓုများ ဘုဉ်းပေးပါ။

**မေး။ ဆရာရှင့် ကျွန်မက သိုင်းရှိုက်ထုတ်ထားတာ ၁၉ နှစ်ရှိပါပြီ။ အခုဘယ်ခြေဖဝါးအလယ်ကရောင်ပြီး လမ်းလျှောက်ရင် တအားနာပါတယ်။ မနေ့မနက်အိပ်ရာထကတည်းက ဖြစ်တာပါ။ သံပရာရည်နဲ့ နနွင်းရောလိမ်းပြီး အဝတ်စည်းထားပါတယ်။ စားသောက်ပြီးတာနဲ့ အာရုံကြောဆေးသောက်ပြီး လမ်းလျှောက်သွားရတာ တစ်နေကုန်ပဲ၊ အခုမနက်ပြန်ဖြစ်ပါတယ်။ ဆရာ့ရဲ့အကြောလိမ်းဆေးအမှုန့် လိမ်းရင်ရပါသလား။**

**ဖြေ။** တိုင်းရင်းဆေး လိမ်းဆေးအမှုန့်ရှိရင် လိမ်းပါ။ ရေနွေးနဲ့ပျစ်ပျစ်ဖျော်ပြီး ခြေဖဝါးအလယ်မှာ ထူထူလိမ်း၊ ဝါဂွမ်းခံပြီး ပတ်တီးစည်းပါ။ ညအိပ်ရာဝင်ခါနီး ခြေဖဝါး ဆားပွတ်၊ ဒူးအထက်ကနေရေလောင်း ခြေဆေးပါ။ ခြေဖဝါးကနေ အပူတွေထွက်လာပါလိမ့်မယ်။ ပျားရည်နဲ့ အုန်းဆီ ဟင်းစားဇွန်းတစ်ဇွန်းစီ ရောစပ်ပါ။ ခြေဖဝါးမှာလိမ်းပါ။ ပြီးရင် လေလုံတဲ့ပလတ်စတစ်အိတ် ဒါမှမဟုတ် ကြွပ်ကြွပ်အိတ်နဲ့ ခြေမျက်စိအထိ လုံအောင်စွပ်ပြီး လေလုံအောင်ချည်ထားပါ။ ခဏကြာရင် ခြေဖဝါးမှာ ပူလာပါလိမ့်မယ်။ သည်းခံပြီး အိပ်ပျော်အောင်အိပ်ပါ။ မနက်လင်းခါနီးမှဖြေပါ။ ၃ – ၄ ည ဆက်လုပ်ပါ။ ခြေဖဝါးနာ၊ အသားကြေ၊ ဖနောင့်နာတွေပါပျောက်ပါတယ်။

**မေး။ မင်္ဂလာပါဆရာ။ ကျွန်မအသက်က ၅၁ နှစ်ပါ။ မွန်ပြည်နယ် ဘီးလင်းမြို့နယ်ကပါ။ အရင်က ၁၁၂ ပေါင်ပါ။ အခု ၁၀၆ ပေါင်ပါ။ ဆီးမှန်ပါတယ်။ ဝမ်းက မမှန်ပါဘူး။ အိပ်လို့ပျော်ပါတယ်။ သွေးဆုံးတာ တစ်နှစ်ရှိပါပြီ။ အပျိုကြီးပါ။ မန်ကျည်းဖျော်ရည်သောက်ပါတယ်။ ဝမ်းချုပ်တာ မဟုတ်ပေမယ့် နည်းနည်းပဲသွားပါတယ်။ လေလည်းမလည်ပါဘူး။အပေါ်ကိုလေတက်ပါတယ်။ ဝမ်းလည်း ကျန်ပါတယ်။ ဝမ်းသွားရတာ မကုန်သလို ခံစားရပါတယ်။ ဝမ်းလုံးကသေးလာပြီး လေလည်ချင်လည်း ညှစ်ပေါက်ရပါတယ်။ ဝမ်းသွားပြီး စအိုထဲ လက်ထည့်ကြည့်တော့ အပေါ်နားမှာ အဖုစမ်းမိပါတယ်။ ဝမ်းမသွားဘဲစမ်းရင်တော့ စအိုဝနားရှိနေပါတယ်။ အပူအစပ်၊ အကြော်အလှော်ရှောင်တာကြာပါပြီ။ ခုလိုဖြစ်တာလည်း လေးလကျော်ပါပြီ။**

**ဖြေ။** အတွင်းလိပ်ခေါင်းဖြစ်တာပါ။ လိပ်ခေါင်းဖြစ်ရင် ကျားမနိုင်နွယ်မြစ်သွေးပြီး အုန်းဆီနဲ့ရော၊ စအိုတွင်းထိ ဝင်နိုင်သမျှ လိမ်းပေးပါ။ မန်ကျည်းမှည့်ဖျော်ရည်မှာ ဆားခါးနှစ်ဇွန်းထည့်ပြီး ညအိပ်ရာဝင် သောက်ပါ။ ရောင်ရင်၊ သွေးကျရင် ပရဆေးဆိုင်မှာ ပန်းလဲပွင့်ခြောက်ဝယ်ပြီး ပြုတ်သောက်ပါ။ အပူအစပ်၊ အရက်ရှောင်ပါ။ တစ်နည်း – ဝမ်းမှန်အောင် ဂရုစိုက်ပါ။ ဆားခါးကိုလှော်ထားပြီး ညအိပ်ရာဝင် ပျားသံပရာဖျော်ရည် တစ်ဖန်ခွက်မှာ ဆားခါးနှစ်ဇွန်း ထည့်သောက်ပါ။ လိပ်ခေါင်းအပြင်ထွက်ရင် ကျားမနိုင်နွယ်မြစ်သွေးလိမ်းပါ။ ရှားစောင်းလက်ပပ်အနှစ် ကပ်ပေးရင်လည်း ကျုံ့ပြီးပြန်ဝင်နိုင်ပါတယ်။ အပူအစပ်၊ ဆန်စေး၊ ကောက်ညှင်း၊ အကြော်အလှော်တွေ ရှောင်စားပါ။ ဝမ်းမှန်အောင် ဂရုစိုက်ပါ။ ညအိပ်ရာဝင် မန်ကျည်းဖျော်ရည်တစ်ခွက်မှာ ဆားခါးနှစ်ဇွန်းထည့်သောက်ပါ။

**မေး။ ကျွန်တော်က ဆိုင်ကယ်ကို နေ့တိုင်း အချိန်အကြာကြီးစီးပြီး သွားလာနေရတဲ့သူတစ်ယောက်ပါ။ အစားလည်း ပုံမှန်မစားဖြစ်ပါဘူး။ ဝမ်းအရမ်းချုပ်နေပါတယ်။ လေလည်းအရမ်းတက်ပါတယ်။ အစားစားတာများရင် ပြန်အန်ထွက်ပါတယ်ဆရာ။ ခါးလည်း နာပါတယ်။ ဆိုင်ကယ်စီးရလို့ပါ။ ဆေးနည်းလေး လမ်းညွှန်ပေးပါဆရာ။**

**ဖြေ။** နေ့စဉ် မနက်စောစောထ၊ ရေအဝသောက်ပြီး လမ်းလျှောက်ဖို့အချိန်ပေးပါ။ နာရီဝက်လမ်းလျှောက်ရင် ရပါတယ်။ ညအိပ်ရာဝင်ခါနီးမှာ မန်ကျည်းဖျော်ရည် ပုံမှန်သောက်ပါ။ သိပ်ဝမ်းချုပ်ရင် ဆားခါးကိုလှော်ပြီး ဟင်းစားဇွန်းတစ်ဇွန်းထည့်သောက်ပါ။ လူဝရင် လေပူကျဆေး၊ အဆီကျဆေးတွေသောက်ပါ။ ထမင်းစားတိုင်း ချဉ်ပေါင်ဟင်း၊ ကင်ပွန်းချဉ်၊ ကန်စွန်းရွက်ချဉ်ရည်ဟင်းပါပါစေ။ ကောက်ညှင်း၊ ဆန်စေးတွေရှောင်ပါ။ ဆန်ကြမ်းကို ထမင်းရည်ငှဲ့ချက်စားပါ။ ခါးနာရင် သက်ရင်းကြီးရွက်ကို အိပ်ရာအောက်မှာ ထားအိပ်ပါ။ ခါးမှာ တောရှောက်မြစ်သွေးပြီး အရက်နဲ့ ဖျော်လိမ်းပါ။

**မေး။ ဆရာရှင့် သမီးအပူထွက်အောင် ဆရာ့ရဲ့ဆားနင်းနည်း Video ကိုကြည့်ပြီး လုပ်ကြည့်တာ နှစ်ခါရှိပါပြီ။ ပထမရက်က ညပိုင်းနင်းတယ်။ မနက်ပိုင်းနာရီဝက်လမ်းလျှောက်တယ်။ နောက်တစ်ရက်ည ခြေဖဝါးတွေနည်းနည်းနာလာတယ်။ အဲဒါနဲ့ နောက်ရက်ကျတော့ မနက်ပိုင်းလမ်းလျှောက်တယ်။ ပြန်ရောက်ပြီး နှစ်နာရီကျော်တော့ ဆားနင်းပါတယ်။ နင်းပြီး နာရီဝက်လောက်ခြားပီးတော့ ရေချိုးတယ်ဆရာ။ အဲဒါ အခုမနက် အိပ်ရာနိုးတော့ လမ်းကောင်းကောင်းမလျှောက်နိုင်ဘဲ ခြေဖဝါးတွေ နာနေလို့ပါ၊ အဲဒါ သမီးဆားနင်းလို့ အပူတွေကန်ထွက်လာပြီး နာတာလားပြောပြပေးပါဆရာ။ ဆားနင်းရင် မိနစ် ၂၀ နင်းပါတယ်။**

**ဖြေ။** ခြေထောက်ကို အရင်ရေဆေးပြီးမှ နင်းပါ (ဆောင်းတွင်းမို့)။ ၁၀ မိနစ်နင်းပြီးရင် ခြေထောက်ကို ထပ်ပြီးရေဆေးပါ။ ရေဆေးရင် ဒူးအထက်ကနေအောက်ကို လောင်းပါ။ နောက်တစ်ကြိမ် ၁၀ မိနစ် ထပ်နင်းနိုင်ပါတယ်။

**မေး။ ဆရာကြီးခင်ဗျာ ကျေးဇူးပြုပြီး ဖြေကြားပေးပါ။ ကျွန်တော့်အသက် ၂၂ နှစ်ပါ။ တက္ကသိုလ်ကျောင်းသားပါ။ အစာအိမ်ရောင်ရောဂါဖြစ်ပါတယ်။ ပျောက်လိုက်၊ ဖြစ်လိုက်ပါ။ အစားအသောက်ဆင်ခြင်ပါတယ်။ လူကလည်းပိန်၊ အသားကလည်း ဖြူဖျော့ပါတယ်။ ပေါင်ချိန် ၁၀၉ ပေါင်၊ အရပ်က ၅ ပေ ၁၁ လက်မရှိပါတယ်။ ရာသီဥတုအေးတာနဲ့ ခြေဖျားတွေအေးပါတယ်။ အကြောတွေနာ၊ ခေါင်းကြောတွေထိုးသလိုဖြစ်ပါတယ်။ မကြာခဏ နေမကောင်းဖြစ်ပါတယ်။ နေမကောင်းဖြစ်တိုင်းလည်း အစာအိမ်ရောဂါပြန်ထပါတယ်။ အေးရင် အကြောတက်ပြီး ကျောနဲ့ရင် ညှပ်အောင့်ပါတယ်။ မျက်စိက ဆလင်ဒါရှိပါတယ်။ ကြက်ဥနဲ့မတည့်တဲ့ ရောဂါလည်းဖြစ်နေပါတယ်။ ဖီးကြမ်းငှက်ပျောသီးစားရင် ရင်ပူလို့ စားမရပါ။ လေပူကျဆေးသောက်ပေမယ့် ဗိုက်ထဲပူလာလို့ ရပ်ထားပါတယ်။ အပူငြိမ်းသွေးဆေးသောက်ရင်လည်း ဗိုက်ထဲလေတအားပွပါတယ်။ ရေနွေးသောက်ရင်ကို လေတွေတက်ပါတယ်။ အစာအိမ်ဖြစ်ရင် ဗိုက်မအောင့်ဘဲ ဗိုက်တင်းကယ်၊ ရင်ပူ၊ ကျောနဲ့ရင်ညှပ်အောင့်၊ ရင်ပြည့်၊ လေတက်၊ အန်တာဖြစ်တာပါ။ ဆရာဝန်နဲ့ပြတာ အစာအိမ်ကကောင်းပြီး အူလှုပ်ရှားမှုမှုမမှန်တာလို့ ပြောပါတယ်။ အခု ဝမ်းက တစ်ရက် နှစ်ကြိမ်၊ သုံးကြိမ်သွားပါတယ်။ အစာမစားခင် အကောင်းပါ။ စားပြီးရင် ဝမ်းက ဗွမ်းခနဲသွားပါတယ်။ တစ်ခါတစ်ရံ အမြှုပ်တွေပါပါတယ်။ တစ်ခါတစ်ရံ စမြင်းတုံးတွေ သွားပါတယ်။ ဟင်းသီးဟင်းရွက်စားရင် လေအရမ်းပွပြီး လေသံတွေ ကြားရပါတယ်။ အစာစားပြီးရင် ဗိုက်အရမ်းတင်းပါတယ်။ လုံးဝအမြစ်ပြတ်ပျောက်ကင်းအောင်နဲ့ ဝလာအောင် ဘယ်လိုစားသောက်နေထိုင်ရမလဲနဲ့ ဘယ်လိုဆေးဝါးများ မှီဝဲရမလဲ လမ်းညွှန်ပေးပါဆရာကြီးခင်ဗျ။**

**ဖြေ။** ရောဂါမှန်သမျှ အစာမကြေခြင်းက စတယ်လို့ဆိုပါတယ်။ အစာအိမ်ကောင်းဖို့ အထူးဂရုစိုက်ပါ။ အစာအိမ်ရောင်ရင် ထမင်းနဲ့ မာတဲ့အစာ ခဏရပ်ပြီး ဆန်ပြုတ်သောက်ပါ။ ဆန်လက်တစ်ဆုပ်၊ ပဲရာဇာခေါ် ပဲနီလေးလက်တစ်ဆုပ်ထဲကို ကြက်သွန်နီတစ်ဥထည့်ပြုတ်ပါ။ ထမင်းစားချင်ရင် နေ့လယ်စာတစ်နပ်ပဲ ပူပူနွေးနွေး နှမ်းဆီသင့်ရုံဆမ်းပြီးစားပါ။ အသားပြုတ်ကြော်၊ ငါးကြော်၊ ကြက်ဥကြော်၊ ပဲရာဇာ ဒါမှမဟုတ် ပဲစင်းငုံဟင်းချိုနဲ့စားပါ။ ပျားရည်က အစာအိမ်နာကျက်ပါတယ်။ နံနက်အိပ်ရာထ၊ ညအိပ်ရာဝင် ပျားရည်တစ်ဇွန်းကို ရေအေးနဲ့သောက်ပါ။ တိုင်းရင်းဆေးအမှတ် (၁၆)အပူငြိမ်းဆေးနဲ့ ဆေးအမှတ် (၇) နွယ်ချိုကဲဆေး ဆတူရောစပ်ပြီး တစ်နေ့သုံးကြိမ်သောက်ပါ။ ညနေဘက်မှာ တိုင်းရင်းဆေးအမှတ် (၂) လေမျိုးရှစ်ဆယ်ဆေးကို ရေနွေး ဒါမှမဟုတ် ရှောက်ရည်နဲ့ စပ်သောက်ပါ။ ညအိပ်မပျော်ရင်၊ စိတ်ပူပင်သောကရှိရင်လည်း အစာအိမ်ရောဂါမပျောက်ပါ။

---

# တွံတေးမြို့နယ်၌ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ဂိမ်းကစားနည်းပြိုင်ပွဲများကျင်းပ

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှကြီးမှူး၍ ကျောင်းသား၊ ကျောင်းသူများ နွေရာသီအားလပ်ရက်တွင် အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်၊ စာကြည့်တိုက်နှင့်ရင်းနှီးကျွမ်းဝင်မှုရှိစေရန်ရည်ရွယ်၍ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ဂိမ်းကစားနည်းပြိုင်ပွဲများကို ဧပြီလ ၂၃ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူဖြူဝင်းက ပြိုင်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဆေးရောင်ခြယ်ပြိုင်ပွဲကို ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ဂိမ်းကစားနည်းပြိုင်ပွဲများကိုကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)



# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်

သရက် ဧပြီ ၂၄

မကွေးတိုင်းဒေသကြီး သရက်မြို့၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ဦးဆောင်မှုဖြင့် ရပ်ကွက်လုံးကျွတ် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများကို ဧပြီလ ၂၄ ရက် နံနက်ပိုင်းတွင် မြို့ပေါ် အနောက်ရပ် မြောက်ပိုင်းရပ်ကွက်အတွင်းရှိ ၃၈၉ အိမ်တို့အတွင်း ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက နေအိမ်များအတွင်းရှိ ရေတွင်းရေကန်များကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ပိုးလောက်လမ်းသေဆေးခတ်ခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

သရက်မြို့နယ်၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ဆောင်ရွက်မှုဖြင့် မြို့နယ်လုံးကျွတ် ပိုးလောက်လမ်းနှိမ်နင်းရေးကို ရက် ၁၀၀ စီမံချက်ရေးဆွဲထားပြီး ရပ်ကွက်/ ကျေးရွာအဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် နှီးနွှော အဖွဲ့အစည်းများ၊ ပရဟိတဆောင်ရွက်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇော်ထက်(သရက်)



# စားသုံးရန်မသင့်သောစားသောက်ကုန်ပစ္စည်းများနှင့် ကုန်အမှတ်တံဆိပ်မပါသော ပစ္စည်းများ ဈေးကွက်အတွင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေး

ကျိုက်မရော ဧပြီ ၂၄

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် စည်ပင်သာယာဈေးကြီးအတွင်း စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းများ၊ ကုန်အမှတ်တံဆိပ်မပါသော စားသုံးကုန်ပစ္စည်းများအား ဈေးကွက်အတွင်းရောင်းချခြင်း မရှိစေရန် ဧပြီလ ၂၄ ရက် နံနက်ပိုင်းတွင် မြို့မဈေးကြီးအတွင်း ပူးပေါင်းအဖွဲ့များဖြင့် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ၌ မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ခံဦးစီးမှူး ဦးမင်းနောင်ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးစိုးလွင်၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိနှင့်ပူးပေါင်းအဖွဲ့များက ဈေးအတွင်းရှိ မုန့်မျိုးစုံဆိုင်များနှင့် ကုန်စုံဆိုင်များ၌ စားသုံးသူပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော တာရှည်ခံဆိုးဆေးများ၊ ဓာတုပစ္စည်းများပါဝင်သည့် အစားအသောက်များ၊ တားမြစ်ထားသည့် အလှကုန်ပစ္စည်းများအား ဈေးကွက်တွင်းရောင်းချခြင်းမရှိစေရန် ပညာပေးခြင်း၊ စားသုံးကုန်ပစ္စည်းများတွင်လည်း အမှတ်အသားတံဆိပ်များကပ်၍ ရောင်းချရန်၊ ညွှန်ကြားချက်များနှင့်မကိုက်ညီသောပစ္စည်းများရောင်းချပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးမင်းနောင်က အသိပညာပေး ရှင်းလင်းပြောကြားကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)

# ကျေးရွာနေပြည်သူများ သောက်သုံးရေ ဖူလုံစေရန် ရေဖြန့်ဝေလှူဒါန်း



ညောင်ဦး ဧပြီ ၂၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းက ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ဧပြီလ၂၃ ရက်တွင် ညောင်ဦးမြို့နယ် ဇီးအိုကျေးရွာနှင့် ဒါန်းကျင်းကျေးရွာတို့သို့သွားရောက်ပြီး ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးသည်။

ထိုသို့ သောက်သုံးရေများဖြန့်ဝေလှူဒါန်းပေးရာတွင် ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းမှ အသင်းသား၊ အသင်းသူများက ဇီးအိုကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၂၀၀၊ ဒါန်းကျင်းကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၆၄၀၀ စုစုပေါင်းရေဂါလန် ၉၆၀၀ အား အိမ်ထောင်စုလူဦးရေအလိုက် စနစ်တကျဖြန့်ဝေလှူဒါန်းပေးသည်။

ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းသည် ပွင့်လင်းရာသီကာလ၌ မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေ အခက်အခဲမဖြစ်စေရန်နှင့် ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ရပ်ဝေးရပ်နီးမှ စေတနာအလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ရေသယ်ယာဉ်များဖြင့် ကျေးရွာများအရောက် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

**ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်၊ ရေဖြည့်ထားသော ရေလောင်းပုံးကိုသာ အသုံးပြုပါ။**

## မျိုးဆက်သစ်တို့အနာဂတ်လမ်း

❖ "လူငယ်"ဆိုတာ အနာဂတ်လမ်းတွက်
ကမ္ပည်းမြတ် စိုက်ကာထူ။
စွမ်းကိုယ်စီ လွှင့်ထူမိုးလို့
ရေးထိုးမယ့်သူ။
အတွေးအမြင်သစ် တလူလူ
အတုယူကာ ကြံဆတတ်။
စူးစမ်းဖွေ ဉာဏ်ရည်လက်လို့
ထက်မြက် ဖျတ်လတ်။

❖ "လူငယ်"ဆိုတာ အနာဂတ်
သမိုင်းမြတ် ဆက်ခံယူ။
စွမ်းကိုယ်စီ ရဲမာန်လှစ်လို့
ထုဆစ်မယ့်သူ။
ဖူးပွင့်သစ် ပန်းနှယ်တူ
ပျံ့ထုံကြူ အလှများ။
အားသစ်မြိုင် ရဲရင့်စိတ်နဲ့
လျှမ်းဖိတ် ဝင့်ကြွား။

❖ "ယနေ့လူငယ် နောင်ဝယ်လူကြီး"
ကိုယ့်ခရီးနဲ့ ကိုယ့်လမ်းထွင်။
နှီးကြားညီ အားမာန်နှီးလို့
ပြည်ကျိုး မြော်မြင်။
ပခုံးပြောင်း တွဲလက်ယှဉ်
အောင်ပွဲဆင် ရေးဆစ်ပိုင်း။
ကောင်းမွေခံ စံတင်ပျိုးပါလိမ့်
မျိုးဆက်သမိုင်း။

❖ ရင်းမြစ်မှန် မျိုးဆက်သွေးတို့
အနာဂတ်ရေး ပြည့်မဏ္ဍိုင်။
"ဗလငါးတန်" ဂုဏ်ရည်များနဲ့
နှီးကြားတူပြိုင်။
ရှေ့ဆက်ရမယ့် ပြည့်ပန်းတိုင်
လှမ်းတက်မြိုင် အရောက်ချီဖို့။
မျိုးဆက်ညီညာ တိုးတက်ရည်ကာ
ဖြိုးလက်စည်ဖြာ အနာဂတ်လမ်းတွက်
"စိတ်ဓာတ်"ညီ "စည်းကမ်း"ပြည့်စွာနဲ့
ဖြည့်စွမ်းကျေ ပြည့်ဝန်ထမ်းနိုင်ဖို့
ထူးချွန်စွာ မြှင့်တင်လှမ်း
(မောင်မယ်တို့တစ်တွေ… )
ကြိုးပမ်းပါစို့။ ။

ခိုင်ခိုင်နွယ်(ပညာရေး)

# သာပေါင်းမြို့နယ်၌ ဒေသထွက်ဖရဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်



သာပေါင်း ဧပြီ ၂၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်၌ ဒေသထွက်ဖရဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်လာကြောင်း သာပေါင်းမြို့နယ်မှ သစ်သီးအမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ညိုညို၏ပြောဆိုချက်အရ သိရသည်။

သာပေါင်းမြို့နယ်၌ ဒေသထွက်ဖရဲသီးများ ဈေးကွက်အတွင်း ယခုနှစ် ဧပြီလတတိယပတ်မှ လက်ရှိအချိန်ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး လက်ရှိ တစ်ရက်လျှင် ဖရဲသီးအလုံးရေ ၅၅၀၀ ခန့် ဝယ်လိုအားကောင်းကာ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"ဒေသထွက်ကုန်တွေ အများအပြားစိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်တော့ သယ်ယူစရိတ်တွေလည်း သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့အသီးအနှံတွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခုလို ဖရဲသီးတွေ ဝယ်လိုအားကောင်းလာတော့ ဖရဲစိုက်ပျိုးတဲ့တောင်သူတွေ ပိုမိုအဆင်ပြေလာပါတယ်" ဟု ဒေါ်ညိုညိုက ပြောသည်။

အဆိုပါဖရဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းသွက်လာသည့်အတွက် စိုက်ပျိုးသူများ အဆင်ပြေလာခြင်း၊ သယ်ယူစရိတ်ကုန်ကျမှုသက်သာခြင်း၊ လတ်ဆတ်သည့်သီးနှံများကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်းတို့ကြောင့် အကျိုးကျေးဇူးများစွာရရှိကြောင်း သိရသည်။ **သုတကျော်**

# ပဲခူးမြို့၌ သက်ကြီးသတင်းစာဆရာကြီးများအား ပူဇော်ကန်တော့ပွဲကျင်းပ



ပဲခူး ဧပြီ ၂၄

ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာများအသင်း(MJA)မှကြီးမှူး၍ ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းဘေးရှိတိုင်းဒေသကြီးသတင်းစာဆရာများအသင်းရုံးခန်းမ၌ သက်ကြီးသတင်းစာဆရာကြီးများအား ပူဇော်ကန်တော့ပွဲကို ဧပြီလ ၂၃ ရက်က ကျင်းပသည်။

အခမ်းအနားသို့ ကန်တော့ခံသက်ကြီးသတင်းစာဆရာကြီးများ၊ ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်း(MJA) ဥက္ကဋ္ဌနှင့်ဇနီး၊ တိုင်းဒေသကြီးအလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဖြိုးကိုလင်းနှင့်ဇနီး၊ တိုင်းဒေသကြီးအလုပ်အမှုဆောင်များက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သက်ကြီးသတင်းစာဆရာကြီးများအား လက်ဆောင်ပစ္စည်းများနှင့် ငွေသားများဖြင့် ပူဇော်ကန်တော့ခဲ့ကြရာ ကန်တော့ခံသက်ကြီး သတင်းစာဆရာကြီးများက ဆုတောင်းမေတ္တာများ ပို့သပေးကြကြောင်း သိရသည်။ **(၄၁၀)**

# ကျောက်ဆည်မြို့နယ်၌ မိသားစုဝင်ငွေတိုးပွားရေး ပလတ်စတစ်ခြင်းတောင်းရက်လုပ်နည်းသင်တန်းဆင်း

ကျောက်ဆည် ဧပြီ ၂၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှကြီးမှူး၍ မိသားစုဝင်ငွေတိုးပွားရေး အခမဲ့သင်ကြားပေးလျက်ရှိသော ပလတ်စတစ်ခြင်းတောင်းရက်လုပ်နည်းသင်တန်းဆင်းပွဲကို ဧပြီလ ၂၃ ရက်က ကျောက်ဆည်မြို့နယ်ရှိ ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ခြင်းတောင်းရက်လုပ်သည့်နည်းပညာသည် တစ်နိုင်တစ်ပိုင်ဝင်ငွေရှာဖွေနိုင်သည့်ပညာဖြစ်သောကြောင့် အားလပ်သည့်အချိန်များတွင် မိသားစုအပိုဝင်ငွေရရှိရေး ခြင်းတောင်းအမျိုးမျိုးရက်လုပ်ရန် ပြောကြားသည်။

ယင်းနောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းယုသင်းက သင်တန်းမှရရှိသည့်နည်းပညာများကို လက်တွေ့အသုံးချရန် သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာမ ဒေါ်အိအိစိုးအား ဂါရဝပြုလက်ဆောင်များပေးအပ်ပြီး သင်တန်းသူများကိုယ်တိုင်ရက်လုပ်ခဲ့သည့်ခြင်းတောင်းများကို အမှတ်တရလက်ဆောင်အဖြစ်ပေးအပ်ကာ စုပေါင်းမှတ်တမ်းဓာတ်ပုံများရိုက်ကူးခဲ့ကြောင်း သိရသည်။ **တင်တင်ထွေး**

# ယခုနှစ်သုံးလတာကာလအတွင်း ပုဂ္ဂလိကကဏ္ဍမှ ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၀၉ သန်းရရှိထား

ရန်ကုန် ဧပြီ ၂၄

ယခုနှစ် သုံးလတာကာလအတွင်း ပုဂ္ဂလိကကဏ္ဍမှ ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၀၉ သန်းရရှိထားကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်၏ပြောကြားချက်အရ သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ မတ်လကုန်အထိ ပြည်ပသို့ ပုဂ္ဂလိကကဏ္ဍမှ ပျားရည်တင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်ရေးမှ မက်ထရစ်တန် ၁၀၀၁ ဒသမ ၁၅ တန်တင်ပို့ပြီး နယ်စပ်ကုန်သွယ်ရေးမှ မက်ထရစ်တန် ၅ ဒသမ ၁၈ တန်တင်ပို့ခဲ့သည့်အတွက် ပြည်ပသို့ စုစုပေါင်းပျားရည်မက်ထရစ်တန် ၁၀၀၆ ဒသမ ၃၃ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၀၉ သန်းရရှိခဲ့သည်။

ထိုသို့တင်ပို့ရာတွင် ဂျပန်နိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၇၅၉ ဒသမ ၉၅ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၁၃ ၉၂၅ ဒေါ်လာ၊ ထိုင်းနိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၂၄၁ ဒသမ ၂ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃၆၁၈၀၀ နှင့် တရုတ်(တိုင်ပေ)သို့ ပျားရည်မက်ထရစ်တန် ၅ ဒသမ ၁၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၇၇၇၀ ရရှိခဲ့သည်။



ပျားရည်ထုတ်လုပ်မှုအနေဖြင့် နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ ရော်ဘာပျားရည်နှင့် လိုက်ချီးပျားရည်ဟူ၍ ထုတ်လုပ်ပြီး ပြည်တွင်း၌ ပျားရည်ကို ဆေးဝါးအဖြစ်အသုံးပြုမှုများကာ ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်းနှင့် တရုတ်နိုင်ငံတို့သို့ တင်ပို့ပြီး နိုင်ငံခြားငွေရရှိနေကြောင်း သိရသည်။ **စောယု**

# အောင်လံမြို့၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေး

အောင်လံ ဧပြီ ၂၄

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကို ဧပြီလ ၂၃ ရက်က ကျင်းပသည်။

ရှေးဦးစွာ အောင်လံခရိုင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) ခေါင်းဆောင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကပ်ကျော်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များဖြစ်ကြသော ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းလှိုင်က အဂတိလိုက်စားမှု၏အဓိပ္ပာယ်နှင့် ဆိုလိုချက်များကိုလည်းကောင်း၊ ခရိုင်ဥပဒေအရာရှိ ဒေါ်အေးအေးသွယ်က အဂတိလိုက်စားမှုနှင့် ပတ်သက်သည့် ဥပဒေ/ပုဒ်မများကိုလည်းကောင်း၊ ခရိုင်စာရင်းစစ်ရုံးမှ စာရင်းစစ်မှူး ဒေါ်စန္ဒာက စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ခရိုင်ပြည်တွင်းအခွန်များဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်ဦးက အခွန်ရှောင်တိမ်းခြင်းနှင့် အဂတိလိုက်စားမှုဆက်စပ်ပုံများ၊ ခရိုင်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းထိုက်က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို အသေးစိတ်ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြကြောင်း သိရသည်။ **အာကာ(ပြန်/ဆက်)**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆေးကုသမှုခံယူနေသူတစ်ဦးအား ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားစဉ်။



မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေး ဆေးကုသမှုခံယူနေသူတစ်ဦးအား ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားစဉ်။



ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန် ဆေးကုသမှုခံယူနေသူ တစ်ဦးအား ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားစဉ်။



တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက် ဆေးကုသမှုခံယူနေသူ တစ်ဦးအား ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားစဉ်။



အနောက်မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်သူရ ဆေးကုသမှုခံယူ နေသူတစ်ဦးအား ကျန်းမာရေး တိုးတက်ကောင်းမွန် မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားစဉ်။



အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦး ဆေးကုသမှု ခံယူနေသူ တစ်ဦးအား အာဟာရဖြည့် စားသောက်ဖွယ်ရာ များနှင့်ဂုဏ်ပြုချီးမြှင့် ငွေပေးအပ်စဉ်။



အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုး ဆေးကုသမှုခံယူနေသူ တစ်ဦးအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ် ဆေးကုသမှုခံယူနေသူ တစ်ဦးအားကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားစဉ်။



အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ဆေးကုသမှုခံယူနေသူ တစ်ဦးအားကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားစဉ်။



အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇော ဆေးကုသမှုခံယူနေသူ တစ်ဦးအား ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားစဉ်။

နေပြည်တော် ဧပြီ ၂၄

တပ်မတော်အနေဖြင့် တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှု များဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် ဆေးရုံများ၌ အရာရှိ၊စစ်သည်၊မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊

စာမျက်နှာ ၁၂ သို့ ▼

# ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်(၂၀၂၆) အထိမ်းအမှတ်အခမ်းအနားကျင်းပ



နေပြည်တော် ဧပြီ ၂၄

ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၆) အထိမ်းအမှတ် အခမ်းအနားကို ယနေ့တွင် ပြည်ထောင်စု နယ်မြေ နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)တွင် ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ယခုနှစ်အတွက် ဆောင်ပုဒ်မှာ "For Every Generation, Vaccines Work" ဖြစ်ပြီး မြန်မာဘာသာဖြင့် "မျိုးဆက်တိုင်းကို ကာကွယ်ထား၊ ကာကွယ်ဆေး၏ စွမ်းပကား" ဟုဘာသာပြန်ဆိုထားကြောင်း၊ မြန်မာနိုင်ငံတွင်ကာကွယ်ဆေးထိုးလုပ်ငန်းကို ၁၉၇၈ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းများအရသိရှိရပြီး ယခုအခါ ရောဂါ ၁၃ မျိုးကို ကာကွယ်သောကာကွယ်ဆေးများကို ကမ္ဘာ့နိုင်ငံများနည်းတူ တိုးချဲ့ထိုးနှံပေးလျက်ရှိပြီး မျိုးဆက်တိုင်းကို ကာကွယ်ပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင်ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ ကလေးမိဘများက အားကောင်းစွာ ပူးပေါင်း၍ ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိခြင်းကြောင့် မြန်မာနိုင်ငံတွင် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ outbreak သဖွယ်အစုလိုက်ဖြစ်ပွားမှုမရှိကြောင်း၊ နိုင်ငံတော်မှလည်း ကာကွယ်ဆေးနှင့်ဆက်စပ်ပစ္စည်းများဝယ်ယူနိုင်ရေးအတွက် နိုင်ငံတော်ရန်ပုံငွေမှအလုံးစုံကျခံ၍ဝယ်ယူသည့်နည်းလမ်း(Self-financing)၊ နိုင်ငံတော်နှင့် GAVI တို့ အချိုးကျထည့်ဝင်၍ ဝယ်ယူသည့်နည်းလမ်း (Co-financing) တို့ဖြင့် နှစ်စဉ် နိုင်ငံပိုင် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၁၀ သန်းခန့်အထိ ကျခံသုံးစွဲလျက်ရှိပြီး ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးမှုမှတ်တမ်းတင် Documentary Story ပြသခြင်း၊ "မျိုးဆက်တိုင်းကို ကာကွယ်ထား၊ ကာကွယ်ဆေး၏ စွမ်းပကား" တေးသီချင်း Video ပြသခြင်းနှင့်တက်ရောက်လာသူများက ပြခန်းငယ်အားလှည့်လည်ကြည့်ရှုခြင်းများဆောင်ရွက်ကြသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)၊ ကျန်းမာရေးနှင့် ရောဂါနှိမ်နင်းရေးတပ်တို့မှ တာဝန်ရှိသူများနှင့်ဖိတ်ကြားထားသည့်ဧည့်သည်တော်များ စုစုပေါင်း ၁၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

▼ စာမျက်နှာ ၁၁ မှအဆက်

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိတပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိတပ်မတော်ဆေးရုံ၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ရှိတပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# တနင်္သာရီတိုင်းဒေသကြီးအတွင်း မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်ခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲ

မြိတ် ဧပြီ ၂၄

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ထားဝယ်၊ မြိတ်၊ ဘုတ်ပြင်းနှင့် ကော့သောင်းမြို့တို့သို့ သတ်မှတ်ရက်များအလိုက် အသွားအပြန်လေယာဉ်ခရီးစဉ်များကိုမြန်မာအမျိုးသားလေကြောင်းမှ တိုးချဲ့ပျံသန်းပြေးဆွဲသွားမည်ဖြစ်ပြီး ယနေ့နံနက်ပိုင်းတွင် မြိတ်-ဘုတ်ပြင်း-ကော့သောင်း-ဘုတ်ပြင်း-မြိတ် ခရီးစဉ်ကို စတင်ပျံသန်းပြေးဆွဲပေးခဲ့သည်။




တိုးချဲ့ပျံသန်းပြေးဆွဲပေးသည့်လေယာဉ်ခရီးစဉ်များအနေဖြင့် အပတ်စဉ် အင်္ဂါ၊ ကြာသပတေးနှင့် တနင်္ဂနွေနေ့တို့တွင် မြိတ်-ထားဝယ်-မြိတ် ခရီးစဉ်၊ တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့တို့တွင် မြိတ်-ဘုတ်ပြင်း-ကော့သောင်း -ဘုတ်ပြင်း-မြိတ် ခရီးစဉ်အဖြစ် ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကာ အဆိုပါခရီးစဉ်များကို ခရီးသည် ၁၉ ဦးအထိ L410 Turbolet အမျိုးအစားလေယာဉ်ဖြင့် ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်သည်။

တိုးချဲ့ပျံသန်းမည့် လေယာဉ်ခရီးစဉ်အသေးစိတ်အချက်အလက်များနှင့်လေယာဉ်လက်မှတ်များကို မြန်မာအမျိုးသားလေကြောင်း Website ဖြစ်သည့် www.flymna.com တွင် ဝင်ရောက်ကြည့်ရှုဝယ်ယူနိုင်ပြီး သက်ဆိုင်ရာမြို့များရှိ လေယာဉ်လက်မှတ်အရောင်းကိုယ်စားလှယ်များထံတွင်လည်း ဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါခရီးစဉ်များကို လမ်းပန်းဆက်သွယ်မှုခက်ခဲသည့်မြို့များသို့ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းအနေဖြင့် လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲပေးခြင်းဖြစ်ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

# ၂၀၂၆ ခုနှစ် ဧပြီလ ၂၃ ရက်တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car- (AQMS Mobile Car)၊ Compact Air Quality Monitoring Station- (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်အုံ့

ဆုလတ်မေ

နိုင်ငံတစ်နိုင်ငံတိုးတက်မှုကိုအကဲဖြတ်ရာတွင် နိုင်ငံ၏နိုင်ငံရေး၊စီးပွားရေး၊လူမှုရေးကဏ္ဍများနှင့်အတူ လူ့စွမ်းအားအရင်းအမြစ်၏ အရည်အသွေးသည် အရေးပါသောအခန်းကဏ္ဍတစ်ခုအဖြစ်ပါဝင်သည်။ ထိုအရင်းအမြစ်ကိုတည်ဆောက်ပေးရာတွင်ပညာရေး ကဏ္ဍသည် အခြေခံအုတ်မြစ်အဖြစ်တည်ရှိနေပြီး နိုင်ငံတစ်နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိနေသည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတ၏ ရက် ၁၀၀ စီမံချက်အတွင်း ပညာရေးကဏ္ဍကို အထူးအာရုံစိုက်ထားခြင်းသည် မူဝါဒရေးရာအရ အရေးပါသည့် လမ်းညွှန်ချက်တစ်ရပ်ဖြစ်သည်။

**မိန့်ခွန်းထဲမှ ပညာရေးအတွက် အဓိကအချက်များ**

နိုင်ငံ၏ပညာရေးကဏ္ဍမြှင့်တင်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတက ဧပြီလ ၂၀ ရက်တွင်ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၌ ပြောကြားခဲ့ရာတွင် “ပညာရေးအားနည်းမှုများကြောင့် အသိပညာအားနည်းမှုများဖြစ်ပေါ်လာရာမှတစ်ဆင့် နိုင်ငံရေးပြဿနာများဖြစ်ပေါ်လာကာ မြန်မာနိုင်ငံ၏ ပညာရေးအားနည်းချက်ကိုအသုံးချ၍ ပြည်တွင်း၊ ပြည်ပမှ နိုင်ငံရေးသမားများက ၎င်းတို့အကျိုးအတွက် သွေးထိုးလှုံ့ဆော်အသုံးချလုပ်ဆောင်ခဲ့သဖြင့် နိုင်ငံ၏ ပညာရေးကဏ္ဍကိုမြှင့်တင်ပြီး နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်နေစိတ်ထား (Mind Set) မြင့်မားလာအောင် ဆောင်ရွက်ရန်လိုကြောင်း၊ မြန်မာနိုင်ငံ၏ ပညာရေး ကဏ္ဍသည် လွတ်လပ်ရေးမရမီနှင့် လွတ်လပ်ရေး ရပြီးချိန်တို့၌ ပညာရေးအားနည်းချက်များရှိခဲ့၍ ပညာမတတ်သူပပျောက်ရေးအတွက် “အ” သုံးလုံး လှုပ်ရှားမှုများဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် ယခု အချိန်၌ သက်ဆိုင်ရာဘာသာရပ်များအလိုက် ပြည်ပနိုင်ငံများမှမဟုတ်ဘဲ ပြည်တွင်း၌ပင် အောင်မြင်သောကျွမ်းကျင်ပါရဂူဘွဲ့ရရှိသူများစွာ ရှိကြောင်း၊ပြည်ပနိုင်ငံများ၌ပညာတော်သင်သွားရောက်ပြီး D.Sc ဘွဲ့ရရှိသူများလည်းရှိ၍ လူအများစု ပညာရေး များ တိုးတက်လာစေရန် ပညာရေးနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်မြှင့်တင်ပေးရန် လိုကြောင်း” ပြောကြားခဲ့သည်။

**ဘဏ္ဍာငွေတိုးမြှင့်ဆောင်ရွက်မည်**

ထို့ပြင် မိမိတို့အနေဖြင့် နိုင်ငံတော်ဘဏ္ဍာငွေများကို ပညာရေးကဏ္ဍ၌ ပိုမိုတိုးမြှင့်ရင်းနှီးမြှုပ်နှံသွားမည် ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍတိုးတက်စေရေး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်း၊ အခြားဝန်ကြီးဌာနများ၏ပညာရေးကဏ္ဍများအပါအဝင် နိုင်ငံတော်ဘဏ္ဍာငွေမှ ၉ ဒသမ ၂၂ ရာခိုင်နှုန်းကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်တွင်လည်း ပညာရေးကဏ္ဍအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၀ ရာခိုင်နှုန်းထက်မနည်း တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ကြောင်း၊ လာမည့်တစ်နှစ်ကျော်တွင်လည်း နိုင်ငံတော်၏ဘဏ္ဍာငွေကို ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် မိမိတို့အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်သည့် ငါးနှစ်တာကာလအတွင်း ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံခြင်း၊ နိုင်ငံအတွက် တန်ဖိုးအရှိဆုံးသော ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်၍ ပညာရေးကဏ္ဍမြှင့်တင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျောင်းနေ ရာခိုင်နှုန်းများမြင့်တက်လာစေရေး၊ တန်းစဉ်ကူးပြောင်းမှု များ လျော့နည်းမှုမရှိစေရေး ဆောင်ရွက်ရန်လိုကာ **“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက”** ဆိုသည့် အတိုင်း မျိုးချစ်စိတ်ဓာတ်ရှိသည့်၊ စည်းကမ်းကောင်းမွန်မှုရှိသည့်လူငယ်များကို အခြေခံပညာကျောင်းများမှ မွေးထုတ်ပေးရန်လိုသည်ဟုပြောကြားခဲ့သည်။

**နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိမှု**

ပညာရေးကဏ္ဍ၌ အဓိကအာရုံစိုက်ရမည့်အချက် များထဲတွင် ပညာရေးရရှိနိုင်မှုကို မြှင့်တင်ခြင်းသည် ပထမဆုံးအရေးပါသည့် လုပ်ဆောင်ချက်တစ်ခုဖြစ်သည်။ အခြေခံပညာအဆင့်တွင် ကျောင်းဝင်နှုန်း တိုးတက်လာစေရန် ကျောင်းအဆောက်အအုံများကို ပြုပြင်မွမ်းမံခြင်း၊ ပျက်စီးနေသောကျောင်းများကို ပြန်လည်တည်ဆောက်ခြင်းနှင့် ကျေးလက်ဒေသများ တွင် ကျောင်းအသစ်များတည်ဆောက်ခြင်းတို့ကို နိုင်ငံတော်မှအကောင်အထည်ဖော်လျက်ရှိသည်။ ထို့ပြင် ကျောင်းသားများ ကျောင်းထွက်နှုန်းကိုလျှော့ချ ရန်အတွက် စီးပွားရေးအခက်အခဲရှိသောမိသားစုများ အတွက် ပံ့ပိုးမှုများ ဆောင်ရွက်လာခြင်းကိုလည်း တွေ့မြင်ရသည်။ ဤကဲ့သို့သော လုပ်ဆောင်ချက်များ ကြောင့် အချို့ဒေသများတွင် ကျောင်းတက်ရောက်သူ အရေအတွက်များ တိုးတက်လာခဲ့သည်။

ပညာရေးအရည်အသွေးမြှင့်တင်ရေး ကဏ္ဍတွင် လည်း အရေးကြီးသောပြောင်းလဲမှုများဖြစ်သည့် သင်ရိုးညွှန်းတမ်းများကို ခေတ်မီအောင်ပြင်ဆင်ခြင်းနှင့် ကျောင်းသားများ၏ အတွေးအခေါ် ဖန်တီးနိုင်စွမ်း၊ ပြဿနာဖြေရှင်းနိုင်စွမ်းနှင့် လက်တွေ့အသုံးချနိုင်စွမ်း တို့ကို တိုးတက်စေရန် အာရုံစိုက်လာကြသည်။ ထို့ပြင် သင်ကြားနည်းများကိုလည်း ပြောင်းလဲပြီး Teacher-Centered Learning မှ Student-Centered Learning သို့ တဖြည်းဖြည်း ပြောင်းလဲလာသည်ကိုတွေ့ရသည်။ ဆရာ၊ ဆရာမများ၏အရည်အသွေးမြှင့်တင်ရေးအတွက် သင်တန်းများကို ပုံမှန်ပြုလုပ်ပေးခြင်း၊ သင်ကြားရေး နည်းပညာအသစ်များကို မိတ်ဆက်ပေးခြင်းတို့သည် ပညာရေးအရည်အသွေးတိုးတက်ရေးအတွက် အရေးကြီးသော အစိတ်အပိုင်းများဖြစ်သည်။

လက်ရှိတွင် နည်းပညာအခြေပြုပညာရေး (Digital Education) သည်လည်း ယနေ့ခေတ်ပညာရေး ဖွံ့ဖြိုး တိုးတက်မှု၏ အဓိကလမ်းကြောင်းတစ်ခုဖြစ်လာပြီ ဖြစ်သည်။ အွန်လိုင်းသင်ကြားမှုစနစ်များ၊ e-Learning Platform များနှင့် Digital Learning Tools များကို အသုံးပြုခြင်းအားဖြင့် ကျောင်းသားများသည် မိမိ နေရာမှ သင်ယူနိုင်သည့်အခွင့်အလမ်းများ ပိုမိုရရှိ လာသည်။ အထူးသဖြင့်မြို့ပြဒေသများတွင်အင်တာနက် အသုံးပြုနိုင်မှု တိုးတက်လာခြင်းကြောင့် Digital Education သည် ပိုမိုထိရောက်လာသည်။ သို့သော် ကျေးလက်ဒေသများတွင် အင်တာနက်ချိတ်ဆက်မှု မလုံလောက်ခြင်းနှင့် လျှပ်စစ်ဓာတ်အားမတည် ငြိမ်မှုတို့ကြောင့် နည်းပညာအခြေပြုပညာရေးကို အပြည့်အဝအသုံးမပြုနိုင်သေးကြောင်းလည်း တွေ့ရှိရသည်။

**စိန်ခေါ်မှုများ**

ထို့ပြင် ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်းသည်လည်း ကောင်းမွန်သောအချက် တစ်ခုပင်ဖြစ်သည်။ ပညာရေးအတွက် ဘဏ္ဍာငွေ သုံးစွဲမှုတိုးတက်လာခြင်းသည် ကျောင်းအဆောက် အအုံများ၊ သင်ကြားရေးပစ္စည်းများနှင့် ဆရာ၊ ဆရာမ များ၏ အကျိုးခံစားခွင့်များကို တိုးတက်စေရန် အထောက်အကူဖြစ်စေမည်ဖြစ်သည်။ နိုင်ငံ၏ပညာရေး ကဏ္ဍ၌ တိုးတက်မှုများရှိနေသော်လည်း စိန်ခေါ်မှု များမှာ ဆက်လက်တည်ရှိနေသည်ကိုတွေ့ရမည် ဖြစ်သည်။ မြို့ပြနှင့် ကျေးလက်ဒေသများအကြား ပညာရေးရရှိနိုင်မှုနှင့် အရည်အသွေးကွာခြားမှုသည် အဓိကပြဿနာတစ်ခုဖြစ်သည်။ ကျေးလက်ဒေသများ တွင် ဆရာအင်အားမလုံလောက်ခြင်း၊ သင်ကြားရေး ပစ္စည်းများချို့တဲ့ခြင်းနှင့် နည်းပညာအသုံးပြုမှု မညီမျှမှု တို့ကြောင့် ပညာရေးအရည်အသွေးသည် မတူညီမှုများ ဖြစ်ပေါ်နေသည်။ ထို့ပြင် ကျောင်းထွက်နှုန်းကို လျှော့ချရန် ကြိုးပမ်းမှုများရှိသော်လည်း စီးပွားရေး အခက်အခဲများကြောင့် ကျောင်းမတက်နိုင်သော ကျောင်းသားများလည်းရှိနေဆဲပင်ဖြစ်သည်။

အနာဂတ်အတွက် ပညာရေးကဏ္ဍကို ပိုမိုတိုးတက် စေရန် အကြံပြုချက်များအနေဖြင့် အချက်အလက် များအပေါ်အခြေခံသည့် မူဝါဒများချမှတ်ရန်လိုအပ် သည်။ ဆရာ၊ ဆရာမများအတွက် ပညာရေးသင်တန်း များနှင့် လုပ်ငန်းခွင်အတွေ့အကြုံများတိုးမြှင့်ပေးခြင်း သည် ပညာရေးအရည်အသွေးတိုးတက်ရေးအတွက် အရေးကြီးသည်။ ထို့ပြင် ကျေးလက်ဒေသများတွင် အင်တာနက်နှင့် လျှပ်စစ်အခြေခံအဆောက်အအုံများကို တိုးတက်စေရန် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်သင့်ပေသည်။ နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီသည့်သင်ရိုးညွှန်းတမ်း များကို ဆက်လက်ပြင်ဆင်ခြင်းနှင့် ကျောင်းသားများ၏ လက်တွေ့ကျွမ်းကျင်မှုများကို အလေးထားသင်ကြား ပေးခြင်းတို့သည်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

အချုပ်အားဖြင့် အနာဂတ်တွင် နိုင်ငံ၏ပညာရေး ကဏ္ဍ တိုးတက်လာစေရေးသည် တစ်ဦးကောင်း တစ်ယောက်ကောင်း၏အားဖြင့် ဆောင်ရွက်၍မရဘဲ နိုင်ငံတော်အစိုးရ၊ မိဘ၊ ဆရာနှင့် အနာဂတ်၏ လူငယ် များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။ သို့မှသာ ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အတူ နိုင်ငံတစ်နိုင်ငံလုံး၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ကူညီပေးရာရောက်မည်ဖြစ်ကြောင်း ဆန္ဒပြုရေးသား တင်ပြလိုက်ရပါသည်။ ။

> **❖ ❖ ❖ ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော်၏အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံခြင်း၊ နိုင်ငံအတွက် တန်ဖိုးအရှိဆုံးသော ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်၍ ပညာရေးကဏ္ဍမြှင့်တင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျောင်းနေရာခိုင်နှုန်းများမြင့်တက်လာစေရေး၊ တန်းစဉ် ကူးပြောင်းမှုများ လျော့နည်းမှုမရှိစေရေး ဆောင်ရွက်ရန်လို . . .**
>
> **❖ ❖ ❖ “အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဆိုသည့်အတိုင်း မျိုးချစ် စိတ်ဓာတ်ရှိသည့်၊ စည်းကမ်းကောင်းမွန်မှုရှိသည့်လူငယ်များကို အခြေခံပညာ ကျောင်းများမှ မွေးထုတ်ပေးရန်လို . . .**

## ကျောက်ဆည်မြို့နယ်၌ နွေသီးနှံစုံ ၄၃၈၈ ဧက စိုက်ပျိုးပြီးစီး


**ကျောက်ဆည် ဧပြီ ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် မြို့နယ်ကျေးရွာအုပ်စုငါးအုပ်စု၌ ၂၀၂၅-၂၀၂၆ ခုနှစ် နွေသီးနှံများစိုက်ပျိုးရာတွင် ဆည်ရေသောက်စနစ်ကို အဓိကထား စိုက်ပျိုးလျက်ရှိ၍ မင်းရဲ၊ သင်းတွဲ စိုက်ပျိုး ရေမြောင်းများဖြင့် နွေသီးနှံစုံ ၄၃၈၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် အရှေ့ငယ်တိုး ကျေးရွာအုပ်စု၌မင်းရဲမြောင်းရေဖြင့် နွေနှမ်း ၆၆၉ ဧက၊ သင်းတွဲမြောင်းရေဖြင့် နွေစပါး ၁၂၂ ဧက၊ နွေနှမ်း ၁၀၁၆ ဧက၊ မိုးကြို ပဲတီစိမ်း ၇၃ ဧက၊ ဟင်းသီးဟင်းရွက် ၁၀၆ ဧက၊ ထန်းဇင်တော်ကျေးရွာအုပ်စု၌ မင်းရဲ မြောင်းရေဖြင့် နွေစပါး ၂၁ ဧက၊ နွေနှမ်း ၅၉ ဧက၊ သင်းတွဲမြောင်းရေဖြင့် နွေစပါး ၆၂ ဧက၊ နွေနှမ်း ၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ သည်။

အလားတူ ငှက်တောင်ကျေးရွာအုပ်စု ၌ မင်းရဲမြောင်းရေဖြင့် နွေစပါး ၆ ဧက၊ နွေနှမ်း ၃၆ ဧက၊ မိုးကြိုပဲတီစိမ်း ၃ ဧက၊ သင်းတွဲမြောင်းရေဖြင့် နွေစပါး ၇၆ ဧက၊ နွေနှမ်း ၇၈၂ ဧက၊ မိုးကြိုပဲတီစိမ်း ၃၁ ဧက၊ ရွှေဒါးကျေးရွာအုပ်စု၌ သင်းတွဲမြောင်းရေဖြင့် နွေနှမ်း၄၁၇ ဧက၊ မိုးကြိုပဲတီစိမ်း ၈၃ ဧက၊ ဟင်းသီးဟင်းရွက် ၇၃ ဧက၊ ရဲဘော်ကြီး ကျေးရွာအုပ်စု၌ သင်းတွဲမြောင်းရေဖြင့် နွေနှမ်း ၅၄၄ ဧက၊ မိုးကြိုပဲတီစိမ်း ၁၂၇ ဧက၊ ဟင်းသီးဟင်းရွက် ၁၀ ဧက စုစုပေါင်း ၄၃၈၈ ဧက စိုက်ပျိုးပြီးဖြစ်သည်။

ထို့ပြင် နွေသီးနှံများအောင်မြင်နိုင်ရေး မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံ ခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေများကို



ရေမြောင်းများအလိုက် အလှည့်ကျစနစ် ဖြင့်လုံလောက်စွာ ပေးဝေလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# နိုင်ငံတကာစာရင်းစစ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်



နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော်သမ္မတ၏ ပြည်ထောင်စုလွှတ်တော်တွင်ကျင်းပခဲ့သော ကတိသစ္စာပြုပွဲအခမ်းအနား၊ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများအား တွေ့ဆုံမှာကြားသည့်မိန့်ခွန်း၊ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကားနှင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားခဲ့မှုများအရ အစိုးရ၏ရက်(၁၀၀)ကာလအတွင်း ဦးစားပေးဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့် ရှေ့ဆက်လက်အကောင်အထည်ဖော်မည့်လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး/ ပြည်နယ် စာရင်းစစ်ချုပ်ရုံးများနှင့် ဒေသစာရင်းစစ်ရုံးများမှ ဝန်ထမ်းများအား ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များတွင်ပြည်ထောင်စု၏လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊နိုင်ငံတကာဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြဋ္ဌာန်းရေးဆိုင်ရာကိစ္စရပ်များကို ဌာနအဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများနှင့်အတူ စည်းလုံးညီညွတ်စွာ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတိုးတက်ဖြစ်ပေါ်မှုကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများကိုအခြေခံကာ ကုန်ထုတ်လုပ်မှုနှင့် ပို့ကုန်တိုးမြှင့်ရေး၊ ဒေသအလိုက်ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရမည်ဖြစ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးချရေး စသည်တို့ကိုအားပေးဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း ထပ်ဆင့်ရှင်းလင်းသည်။

ဆက်လက်၍ လမ်းညွှန်မှာကြားချက်များအရ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့်လည်း ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိကြောင်း၊ ရက်(၁၀၀)ကာလအတွင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေနှင့်အညီ စစ်ဆေးအစီရင်ခံတင်ပြခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျသင်ကြားလေ့ကျင့်ပေးခြင်း၊ နိုင်ငံတကာစံနှုန်းနှင့်အညီဖြစ်သည့် စစ်ဆေးရေးနည်းပညာရပ်များ သိရှိအသုံးချနိုင်ရေးအတွက် နိုင်ငံတကာစာရင်းစစ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ရန်လျာထားအစီအစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ငွေရေးကြေးရေး ကဏ္ဍစုံတိုးတက်ဖြစ်ပေါ်စေရေး ဆောင်ရွက်မှုများအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့်လည်း ရှေ့ကာလများတွင် ဆောင်ရွက်ရမည့်ကိစ္စရပ်များ အောင်မြင်ပြီးမြောက်မှုရှိစေရေး အစီအမံများချမှတ်၍ တိုးမြှင့်ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ရှေ့ဆက်ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များတွင် ကောင်းမွန်မှန်ကန်သည့် ဆုံးဖြတ်ချက်များချမှတ်နိုင်ရေးတို့အတွက် စစ်ဆေးရေးအမျိုးအစားအလိုက် အပြုသဘောဆောင်သည့် အကြံပြုချက်များ ပေးနိုင်ရန် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းတာဝန်များကို ဆက်လက်ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယစာရင်းစစ်ချုပ် ဒေါ်ခိုင်ခိုင်အောင်က အစိုးရ၏ရက်( ၁၀၀) ကာလအတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်များ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ စုစုပေါင်း ၉၀၂ ဦး တက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

❍ ရှေ့ဖုံးမှအဆက်

ကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အစိုးရ၊ လွှတ်တော်၊ ပါတီ၊ ပြည်သူနှင့်အတူ တစည်းတလုံးတည်း ဒေသကောင်းကျိုးများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားရေးကိစ္စများကိုလည်း စည်းစည်းလုံးလုံးသစ္စာရှိရှိ ဆက်လက်ဆောင်ရွက်သွားရန်နှင့် ပြည်သူလူထုပူးပေါင်းပါဝင်သော လုံခြုံရေးစနစ်ဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံမဲဆန္ဒရှင်ပြည်သူများက သာသနာရေးဆိုင်ရာကိစ္စရပ်များ၊ လမ်းတံတားဆိုင်ရာကိစ္စရပ်များ၊ ပညာရေးဆိုင်ရာကိစ္စရပ်များ၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိမဲဆန္ဒနယ်မြေအတွင်း တည်ငြိမ်အေးချမ်းစေရေးအတွက် ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြန်လည်ရှင်းလင်းပြောကြားပြီး ဒေသခံမဲဆန္ဒရှင်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်များအောင်မြင်စေရန် အင်တိုက်အားတိုက် လက်တွဲညီစွာ ပူးပေါင်းဆောင်ရွက်သွားကြစေလို



နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော်သမ္မတ၏ အခြေပြမိန့်ခွန်းအား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် အစိုးရအဖွဲ့၏ ရက်(၁၀၀) စီမံချက်ဆောင်ရွက်ရမည့်အခြေအနေများ ချပြရှင်းလင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံးအစည်းအဝေးခန်းမ(၁)၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဌာနဆိုင်ရာများသည် ပြည်သူကိုဗဟိုပြု၍ ပွင့်လင်းမြင်သာမှုရှိသော အဂတိကင်းစင်သော ဝန်ဆောင်မှုများပေးအပ်ရန် လိုအပ်ကြောင်း၊ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကုန်ထုတ်လုပ်ငန်းများကိုဆောင်ရွက်သည့်အခါ မိမိတို့ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ပေးကြရန်နှင့် တာဝန်ရှိသူများအနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်များအောင်မြင်စေရန် အင်တိုက်အားတိုက် လက်တွဲညီစွာ ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် နေပြည်တော်ကောင်စီဝင်များနှင့် ဌာနဆိုင်ရာများက အစိုးရအဖွဲ့၏ ရက်(၁၀၀) စီမံချက်ဆောင်ရွက်ရမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် အဖွဲ့ဝင်များနှင့်အတူ နေပြည်တော်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အကောင်အထည်ဖော်နိုင်မှု၏ အားသာချက်များကို ဆက်လက်ထိန်းသိမ်းခြင်း၊ အားနည်းချက်များကို ဖော်ထုတ်ပြုပြင်ဖြည့်ဆည်းဆောင်ရွက်ခြင်းဖြင့် လက်ရှိ ၂၀၂၆-၂၀၂၇ စီမံကိန်းရည်မှန်းချက်ကို သက်ဆိုင်ရာကဏ္ဍအလိုက် အချိတ်အဆက်မိမိဖြင့် လျာထားချက်ရာခိုင်နှုန်းပြည့်မီကျော်လွန်ရေးနှင့် မျှော်မှန်းထားသည့် တိုးတက်မှုနှုန်းများရရှိရေး ကြိုးပမ်းကြစေလိုကြောင်းပြောကြားပြီး လယ်ယာကဏ္ဍကြီး၏ စီမံကိန်းရည်မှန်းချက်တာဝန်များပေးအပ်ရာ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးက လက်ခံရယူသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်များက စက်မှုကဏ္ဍကြီး၏ စီမံကိန်းရည်မှန်းချက်တာဝန်များ၊ ဝန်ဆောင်မှုကဏ္ဍကြီး၏စီမံကိန်းရည်မှန်းချက်တာဝန်များ၊ နေပြည်တော်အတွင်းရှိ ခရိုင်များ၏ စီမံကိန်းရည်မှန်းချက် တာဝန်များကို ပေးအပ်ကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

အောင်ကို(ပုဗ္ဗသီရိ)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မန္တလေးဒေသရှိ ရှေးဟောင်းအဆောက်အအုံ၊ စေတီ၊ ပုထိုးများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ကွင်းဆင်းကြည့်ရှုစစ်ဆေး

မန္တလေး ဧပြီ ၂၄

ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ကြောင့်မန္တလေးဒေသရှိ အရိပ်မထွက်ဘုရား၊ ဘုရားနီဘုရား၊ မဟာမင်းထင်သစ်သားဘုန်းကြီးကျောင်း၊ မဟာစန္ဒာမုနိဘုရားနှင့် မဟာမုနိဘုရားကြီးတို့ ထိခိုက်ပျက်စီးမှုနှင့် ပြုပြင်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အရိပ်မထွက်ဘုရားထိခိုက်ပျက်စီးမှုနှင့် အလှူရှင်များ လှူဒါန်းမှုအရ ပြုပြင်နေမှုကို သွားရောက်စစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ပြုပြင်ရာတွင် မူလလက်ရာမပျက်ပြုပြင်သွားရန်၊ ပြုပြင်ရာတွင် ပြန်လည်အသုံးပြုနိုင်သည့် ရှေးအုတ်များကို ပြန်လည်အသုံးပြုသွားရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် အင်းဝခေတ် ဦးပိုင်းကတည်းကတည်ထားခဲ့သောဘုရားနီဘုရားကို သွားရောက်စစ်ဆေးရာ ပြည်ထောင်စုဝန်ကြီးက ဘုရားကြီးအားပြုပြင်ရာတွင်



ရှေးမူမပျက်ပြုပြင်ရန်နှင့် မူလနှစ်ထပ်ဘုရားဖြစ်ကြောင်း ပေါ်လွင်စေရန်အတွက် ပြုပြင်သည့်အခါတွင် နှစ်ထပ်စေတီများအတွက်ပြုပြင်သည့်အတိုင်းတစ်ပါတည်း ဆောင်ရွက်သွားရန်၊ အတွင်းနှစ်ထပ်စေတီအတွက် ချန်လှပ်ခဲ့ရာတွင် မိုးရေစိမ့်ဝင်ခြင်း မရှိအောင် ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် မဟာမင်းထင်သစ်သားဘုန်းတော်ကြီးကျောင်းအား မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၏ ညှိနှိုင်းစီစဉ်မှု၊ ဂျပန်နိုင်ငံဘက်မှ လှူဒါန်းငွေတို့ဖြင့် ပြုပြင်နေမှုအခြေအနေကို လည်းကောင်း၊ ဘိုးတော်ဗဒုံမင်းအေဒီ-၁၇၈၄ တွင်တည်ခဲ့သော မဟာစန္ဒာမုနိဘုရားခေါင်းလောင်းအထက်ပိုင်းနှင့် ပစ္စယံဆင့်များ ပြိုကျပျက်စီးမှုနှင့် အလှူရှင်လှူဒါန်းမှုဖြင့် မူလပုံသဏ္ဌာန်မပျက်ပြန်လည်ပြုပြင်နေမှုကို လည်းကောင်း၊ မဟာမုနိဘုရားရှိ ထိခိုက်ပျက်စီးခဲ့သည့် အာရုံခံတန်ဆောင်း၊ မုခ်ဦးများ၊ ဂန္ဓကုဋိတိုက်များ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့်အတူ မန္တလေးမြို့ရှိY Mandalay Hotel၌ မန္တလေးမြို့၊ ပြင်ဦးလွင်မြို့နှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မန္တလေးမြို့သည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုသမိုင်းအမွေအနှစ်များ စုံလင်စွာ တည်ရှိနေသည့်မြို့တစ်မြို့ဖြစ်ပြီးယဉ်ကျေးမှုအခြေခံခရီးသွားလုပ်ငန်း (Cultural Tourism) ဖော်ဆောင်ရန် အထူးကောင်းမွန်သည့် ခရီးစဉ်ဒေသကြီးတစ်ခုဖြစ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများအားလုံးသည် အကျိုးရှိထိရောက်စွာ အသုံးချပြီး မြန်မာနိုင်ငံကို သွားလာလည်ပတ်စရာကောင်းမွန်သည့် ခရီးစဉ်ဒေသကြီးတစ်ခုအဖြစ် ကမ္ဘာကသိအောင် promotion and marketing ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များ၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်းမြို့တို့မှ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များက အသင်းအဖွဲ့အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ငလျင်ဒဏ်ခံဟိုတယ်များ လိုအပ်သည့်ထောက်ပံ့ကြေးငွေရရှိရေးနှင့် လျှပ်စစ်မီးရရှိရေး၊ စက်သုံးဆီရရှိရေး၊ ကြုံတွေ့နေရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး အဆုံးအဖြတ်ကိစ္စရပ်များကို နိုင်ငံတော်အစိုးရသို့ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနပိုင် ငှားရမ်းဟိုတယ်ဖြစ်သည့် Mandalay Swan Hotel ကိုလည်းကောင်း၊ ထွန်းလှဟိုတယ်ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# မြန်မာအမျိုးသားလေကြောင်းအနေဖြင့် လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် မြို့များသို့ လေယာဉ်ခရီးစဉ်များ စတင်ပျံသန်းပြေးဆွဲ



နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းအနေဖြင့် လမ်းပန်းဆက်သွယ်မှုခက်ခဲသည့်မြို့များသို့ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် L- 410 လေယာဉ်ငယ်များဖြင့် ရန်ကုန်မြို့မှ ရခိုင်ပြည်နယ်အတွင်းရှိ မာန်အောင်မြို့နှင့် ကျောက်ဖြူမြို့တို့သို့ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်လေဆိပ်ကို အခြေပြု၍ ထားဝယ်မြို့၊ ဘုတ်ပြင်းမြို့နှင့် ကော့သောင်းမြို့တို့သို့ လည်းကောင်း ယနေ့နံနက်ပိုင်းမှ စတင်ပျံသန်းပြေးဆွဲလျက်ရှိသည်။

လေယာဉ်ခရီးစဉ်ပျံသန်းမှုများအနေဖြင့် ရန်ကုန်-မာန်အောင်-ကျောက်ဖြူ-ရန်ကုန် ခရီးစဉ်အား ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာပြီး နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ အလားတူ မြိတ်-ဘုတ်ပြင်း-ကော့သောင်း-ဘုတ်ပြင်း-မြိတ် ခရီးစဉ်အား ယနေ့နံနက် ၈ နာရီတွင် မြိတ်မြို့မှစတင်ထွက်ခွာခဲ့ပြီး နံနက် ၁၀ နာရီခွဲတွင် မြိတ်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

မြဝတီ

# အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာဓာတ်ခွဲခန်း တည်ဆောက်ခြင်းစီမံကိန်း(ပထမအဆင့်) စီမံကိန်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၅)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာဓာတ်ခွဲခန်း တည်ဆောက်ခြင်းစီမံကိန်း(ပထမအဆင့်)၏ စီမံကိန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ကျင်းပသည်။




အခမ်းအနားသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး၊ ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးနှင့် ဦးခင်လတ်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာဓာတ်ခွဲခန်းတည်ဆောက်ခြင်းစီမံကိန်း (ပထမအဆင့်)သည် မြန်မာနိုင်ငံမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၅)ဖြင့် အကောင်အထည်ဖော်သည့်စီမံကိန်းဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ကာကွယ်နိုင်ရန်၊ လေထု၊ ရေထု၊ မြေထု အရည်အသွေးများကို ဆန်းစစ်အကဲဖြတ်နိုင်ရန်၊ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ရန်နှင့် အမျိုးသားပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများ ရေးဆွဲသတ်မှတ်နိုင်ရေး အခြေခံအချက်အလက်များ စုဆောင်းနိုင်ရန်ရည်ရွယ်ပြီး စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

စီမံကိန်း၏ ဒုတိယအဆင့်နှင့် တတိယအဆင့်များကိုလည်း သတ်မှတ်ကာလများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယခုစီမံကိန်းကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီထောက်ပံ့ပေးခဲ့ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှတာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Minister Counsellor Dr. Zheng Znhongr နှင့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်မိုးတို့က အမှာစကား ပြောကြားကြကြောင်း သိရသည်။

မြဝတီ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

⇨ ကျောဖုံးမှအဆက်

ပူးပေါင်းပါဝင် လုပ်ကိုင်လျက်ရှိကြကြောင်း၊ ထို့ပြင် တပ်မတော်သည် ရဲဘော်စိတ်ကို အခြေခံ၍ တည်ဆောက်ထားကာ အထက်အောက် လေးစားသောစိတ်ဓာတ်၊ ရွယ်တူကို လေးစားသောစိတ်ဓာတ်၊ ငယ်သူကိုညှာတာသောစိတ်ဓာတ်ရှိသည့် ခိုင်မာသောအဖွဲ့အစည်းဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက်ချင်းစီမှ အဖွဲ့၊ တပ်စိတ်၊ တပ်စုအဆင့်ဆင့်သည် အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် ပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း။

တပ်မတော်သားများအတွက် စောင့်ထိန်းလိုက်နာရမည့် စစ်သည်တော်ကျင့်ဝတ်အပါး ၆၀ ကို ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ကျင့်ဝတ်များကိုလိုက်နာခြင်းဖြင့် အထက်အောက်ဆက်ဆံရေး၊ လုပ်ဖော်ကိုင်ဖက်ဆက်ဆံရေး၊ပြည်သူလူထုနှင့်ဆက်ဆံရေးများတွင် အဆင်ပြေနိုင်မည်ဖြစ်၍ ကျင့်ဝတ်အပါး ၆၀ ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲစွာစောင့်ထိန်းလိုက်နာရန်လိုအပ်ကြောင်း၊ စည်းကမ်းသည် တပ်မတော်၏ အသက်သွေးကြောဖြစ်၍ စည်းကမ်းနှင့်ပတ်သက်၍ အလျှော့ပေး၍မရကြောင်း၊ တပ်မတော်တွင် တာဝန်ထမ်းဆောင်မှုမှ စားသောက်နေထိုင်သွားလာမှုများအထိ ထောင့်စုံအောင် သတ်မှတ်ထားသည့် စည်းကမ်းများရှိပြီး အိမ်ထောင်သည်လိုင်းစည်းကမ်း၊ တပ်ပြင်ထွက်ခွင့်စည်းကမ်း စသဖြင့် သတ်မှတ်ထားကာ လိုက်နာကြရန်လိုကြောင်း၊ စည်းကမ်းချိုးဖောက်မှုများနှင့်ပတ်သက်၍ လျစ်လျူရှု၍မရကြောင်း၊ အိမ်ထောင်တစ်ခု၊ အဖွဲ့အစည်းတစ်ခုအတွင်း စည်းကမ်းချိုးဖောက်မှုကို လျစ်လျူရှုခြင်းသည် ၎င်းအိမ်ထောင်နှင့်အဖွဲ့အစည်းအတွင်း ပျက်စီးရာပျက်စီးကြောင်းကို ဖြစ်ပေါ်စေကြောင်း၊ တာဝန်ရှိသူများ၏ ဘာသိဘာသာနေမှုသည် အဖွဲ့အစည်းကိုထိခိုက်စေသည်သာမက ပတ်ဝန်းကျင်ကိုပါထိခိုက်စေနိုင်သဖြင့် စည်းကမ်းနှင့်အညီ ပြုပြင်ဆုံးမရန်လိုကြောင်း၊ သို့ဖြစ်၍ စည်းကမ်းနှင့်ပတ်သက်လာပါက အမိအဖစိတ်ဓာတ်၊ တပ်မှူးကောင်းစိတ်ဓာတ်တို့ဖြင့် မပြတ်သွန်သင်ဆုံးမခြင်းဖြင့် မကောင်းမှုကိုတားမြစ်နိုင်ပြီး စည်းကမ်းကောင်းသောတပ်မတော်အဖြစ် အစဉ်ရပ်တည်နိုင်မည်ဖြစ်ကြောင်း။

အထက်ပါ စိတ်ဓာတ်နှင့်စည်းကမ်းကဲ့သို့ အရေးကြီးသောအချက်မှာ သစ္စာရှိမှုပင်ဖြစ်ကြောင်း၊ သစ္စာရှိမှုသည် တပ်မတော်သားတိုင်းအတွက် ဘဝနှင့်သက်ဆိုင်၍ လေးနက်မှုရှိကြောင်း၊ တပ်မတော်သားတို့သည် နိုင်ငံတော်အတွက် အသက်ကိုပင် စွန့်လွှတ်မည်ဟု ကတိသစ္စာပြုထားသူများဖြစ်ကြကြောင်း၊ နိုင်ငံတော်အတွက် သစ္စာရှိစွာ စွန့်လွှတ်စွန့်စားတာဝန်ထမ်းဆောင်သောသူများကိုလည်း ချီးမြှောက်မှုများပြုလုပ်ပေးလျက်ရှိကြောင်း၊ သစ္စာရှိမှုဆိုရာတွင်လည်း နိုင်ငံတော်နှင့်တပ်မတော်အပြင် မိမိရဲဘော်ရဲဘက်နှင့် မိသားစုများအပေါ် သစ္စာရှိစွာ အမြဲစောင့်ထိန်းနေရန် အလေးအနက်ထားမှာကြားလိုကြောင်း၊ တစ်ဦးတစ်ယောက်ချင်းစီ၏ သစ္စာရှိစွာ လိုက်နာကျင့်ကြံမှုမှ အဖွဲ့အစည်းအပေါ် သက်ရောက်မှုရှိပြီး စည်းလုံးညီညွတ်မှုကိုလည်း တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မိုင်းဖြတ်၊ မိုင်းယောင်း၊ တာလေ၊ တာချီလိတ်တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာ မိုင်းဖြတ်၊ မိုင်းယောင်း၊ တာလေ၊ တာချီလိတ်တပ်နယ်များရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။

❖ **တပ်မတော်သားတို့သည် နိုင်ငံတော်အတွက် အသက်ကိုပင် စွန့်လွှတ်မည်ဟု ကတိသစ္စာပြုထားသူများဖြစ်၊ နိုင်ငံတော်အတွက် သစ္စာရှိစွာ စွန့်လွှတ်စွန့်စားတာဝန်ထမ်းဆောင်သောသူများကိုလည်း ချီးမြှောက်မှုများပြုလုပ်ပေးလျက်ရှိ၊ သစ္စာရှိမှုဆိုရာတွင်လည်း နိုင်ငံတော်နှင့်တပ်မတော်အပြင် မိမိရဲဘော်ရဲဘက်နှင့် မိသားစုများအပေါ် သစ္စာရှိစွာ အမြဲစောင့်ထိန်းနေရန် အလေးအနက်ထားမှာကြားလို . . .**

❖ **အွန်လိုင်းလိမ်လည်လောင်းကစားမှုနှင့်ပတ်သက်၍လည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သဘောထား၍ သတင်းရရှိသည်နှင့်တစ်ပြိုင်နက် သက်ဆိုင်ရာတာဝန်ရှိသူများထံ အချိန်မီသတင်းပို့တားဆီးနိုင်ရန်လို . . .**

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တွေ့ဆုံအားပေး



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအတွက် အသုံးအဆောင်ပစ္စည်းများပေးအပ်စဉ်။

နေပြည်တော် ဧပြီ ၂၄

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)သို့ တက်ရောက်ကြမည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့ နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက မြိတ်မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအတွက် တိုင်းမှူးနှင့်တာဝန်ရှိသူများက အသုံးအဆောင်ပစ္စည်းများပေးအပ်သည်။

ထို့နောက် နိုင်ငံ့သားကောင်းရတနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မူလတန်းပြဆရာ၊ ဆရာမများ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းဖွင့်

တောင်ကြီး ဧပြီ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း စိန်မြင့်မိုရ်ခန်းမ၌ ယမန်နေ့မွန်းလွဲပိုင်းက မူလတန်းပြဆရာ၊ ဆရာမများ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူတို့က သင်တန်းအတွက် ပံ့ပိုးငွေများပေးအပ်ပြီး ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်ယဉ်မင်းစုက အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း(Main Course) နှင့်ပတ်သက်သည့်အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တောင်ကြီးတက္ကသိုလ် အင်္ဂလိပ်စာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာမြမြဝင်းက သင်ကြားရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား၊ သင်တန်းသူများကို နှုတ်ဆက်အားပေးစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ မူလတန်းပြဆရာ၊ ဆရာမ ၁၀၀ ဦးတက်ရောက်ပြီး သင်တန်းတွင် အင်္ဂလိပ်စာဘာသာရပ်ကို မေလ ၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်းသိရသည်။

(၄၀၅)

စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှု၊ သစ္စာရှိမှုကိုအခြေခံ၍ တော်တည့်မှန်ကန်သောခေါင်းဆောင်မှုပေးခြင်းဖြင့် အဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်မှုကိုရရှိနိုင်မည်ဖြစ်ကြောင်း၊ တပ်မှူးလုပ်သူသည် မှန်ကန်သောအမိန့်ကိုပေးရန်လိုပြီး ၎င်းအမိန့်ကိုလိုက်ပါဆောင်ရွက်နိုင်ရန်လည်း လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန်လိုကြောင်း၊ ကောင်းမွန်သောခေါင်းဆောင်မှုနှင့်စည်းလုံးညီညွတ်မှုရှိသော တပ်ရင်း/တပ်ဖွဲ့သည် မည်သည့်ကိစ္စကိုမဆို အောင်မြင်အောင် လုပ်ဆောင်နိုင်ကြောင်း၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ခြင်း၊ သစ္စာရှိခြင်း၊ စည်းလုံးခြင်းဟူသော အချက် ၄ ချက်နှင့် ပြည့်စုံခြင်းဖြင့် စွမ်းရည်သုံးရပ်ပြည့်စုံနိုင်မည်ဖြစ်ကြောင်း၊ စွမ်းရည်သုံးရပ်တွင်လည်း တပ်ရင်း/တပ်ဖွဲ့တိုင်းသည် စစ်ရေးစွမ်းရည်ပြည့်ဝနေရန် အမြဲလေ့ကျင့်နေကြရန်လိုကြောင်း။

လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရန် ကျန်းမာကြံ့ခိုင်မှုသည် အခြေခံလိုအပ်ချက်ဖြစ်ကြောင်း၊ ကျန်းမာရေးကြောင့် မလိုလားအပ်သော ပြဿနာများဖြစ်ပေါ်လျက်ရှိပြီး တပ်မတော်အတွက်ဆုံးရှုံးမှုများဖြစ်ပေါ်သကဲ့သို့ မိသားစုများအတွက်လည်း ဝန်ထုပ်ဝန်ပိုးဖြစ်စေကြောင်း၊ ကျန်းမာရေး၊ ပညာရေးနှင့်ဘာသာရေးတို့သည် မိမိကိုယ်တိုင်ကြိုးစားလုပ်ယူရသော ကိစ္စရပ်များဖြစ်ကြောင်း၊ သို့ဖြစ်၍ ကျန်းမာရေးကို ကိုယ်စီဂရုစိုက်ကြရန်နှင့် ကျန်းမာရေးထိခိုက်စေသည့်အပျော်အပါးများကို ရှောင်ကြဉ်ရန် မှာကြားလိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ တပ်မတော်သားများ၏ သား/သမီးအားလုံးကို KG+9 အဆင့်အထိ အနည်းဆုံးတတ်မြောက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ KG+9 တက်ရောက်အောင်မြင်ပြီးသူများအနေဖြင့်လည်း စက်မှုသိပ္ပံကျောင်းများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများ၊ မွေးမြူရေးသိပ္ပံကျောင်းများသို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် အခွင့်အလမ်းများရရှိအောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းသည် တပ်မတော်နှင့် နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များ ထွက်ပေါ်လာအောင် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

တပ်မတော်သားများနှင့် မိသားစုဝင်များအနေဖြင့် ဗဟုသုတရစေသည့် ပြင်ပစာပေများကို ဖတ်ရှုလေ့လာရန် လိုကြောင်း၊ တပ်မတော်မှ ထုတ်ဝေဖြန့်ချိလျက်ရှိသော မဂ္ဂဇင်း၊ ဂျာနယ်များနှင့်သတင်းစာများကို အချိန်မီရရှိအောင် တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ မူးယစ်ဆေးဝါးကိစ္စများနှင့်ပတ်သက်၍ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့်မိသားစုဝင်များပါ ကင်းကင်းရှင်းရှင်းရှိစေရေး ကြပ်မတ်သွန်သင်နေရန်လိုကြောင်း၊ အလားတူ လောင်းကစားခြင်းသည်လည်း ဆိုးရွားသောအကျိုးဆက်များကိုဖြစ်ပေါ်စေ၍ မိသားစုနှင့်လုပ်ငန်းတာဝန်များကိုပါ ထိခိုက်စေနိုင်ကြောင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုနှင့်ပတ်သက်၍လည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သဘောထား၍ သတင်းရရှိသည်နှင့်တစ်ပြိုင်နက် သက်ဆိုင်ရာတာဝန်ရှိသူများထံ အချိန်မီသတင်းပို့ တားဆီးနိုင်ရန်လိုကြောင်း။

တပ်မတော်အနေဖြင့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏သက်သာချောင်ချိရေးအတွက် လိုအပ်ချက်များကို အမြဲမပြတ်ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ မိသားစုဝင်များအနေဖြင့်လည်း တပ်ပိုင်နှင့်တစ်ပိုင်တစ်နိုင် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြရေး တိုက်တွန်းလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိသားစု၏စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ပြီး သက်သာချောင်ချိမှု ဖြစ်ပေါ်နိုင်မည်ဖြစ်ကြောင်း။

မိုင်းဖြတ်၊ မိုင်းယောင်း၊ တာလေ၊ တာချီလိတ်ဒေသတို့သည် တိုင်းရင်းသားပြည်သူလူထုအများစုနေထိုင်ရာနယ်မြေများဖြစ်၍ ဒေသခံတိုင်းရင်းသားများနှင့် ထိတွေ့ဆက်ဆံရာတွင် တပ်မတော်သားပီသစွာ ကျင့်ဝတ်နှင့်အညီ ပြုမူပြောဆိုရန်နှင့် ဒေသအလိုက်သဘာဝဘေးအန္တရာယ်များကြုံတွေ့လာခဲ့ပါကလည်း အထက်အမိန့်မစောင့်ဘဲ ထိရောက်သောကူညီမှုများ ဆောင်ရွက်ပေးခြင်းဖြင့်ပြည်သူလူထု၏ယုံကြည်လေးစားမှုကိုရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း ဖြင့်ပြောကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်များရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်မှူး၏ဇနီးက လည်းကောင်း အသီးသီးလက်ခံရယူကြသည်။

ထို့နောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မိုင်းဖြတ်တပ်နယ်အတွင်းရှိ တပ်ရင်း/တပ်ဖွဲ့များအား မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မိုင်းဖြတ်၊ မိုင်းယောင်း၊ တာလေ၊ တာချီလိတ်တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**❖ မိုင်းဖြတ်၊ မိုင်းယောင်း၊ တာလေ၊ တာချီလိတ်ဒေသတို့သည် တိုင်းရင်းသားပြည်သူလူထုအများစုနေထိုင်ရာနယ်မြေများဖြစ်၍ ဒေသခံတိုင်းရင်းသားများနှင့်ထိတွေ့ဆက်ဆံရာတွင် တပ်မတော်သားပီသစွာ ကျင့်ဝတ်နှင့်အညီ ပြုမူပြောဆိုရန်နှင့် ဒေသအလိုက် သဘာဝဘေးအန္တရာယ်များကြုံတွေ့လာခဲ့ပါကလည်း အထက်အမိန့်မစောင့်ဘဲ ထိရောက်သောကူညီမှုများဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူလူထု၏ ယုံကြည်လေးစားမှုကိုရရှိအောင်ဆောင်ရွက် . . .**

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ကျောင်းသား/ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်စွမ်းရည်ပြိုင်ပွဲပြုလုပ်

နေပြည်တော် ဧပြီ ၂၄

နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသား/ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်စွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အရာရှိကြီးများ၊ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် ကျောင်းသား/ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား/ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်စွမ်းရည်ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် ဆုရရှိသည့် ကျောင်းသား/ကျောင်းသူများနှင့် ဒိုင်အဖွဲ့ဝင်များအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ နွေရာသီကျောင်းပိတ်ရက် ကျောင်းသား/ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်စွမ်းရည်ပြိုင်ပွဲကို တပ်နယ်အသီးသီးမှ တပ်နယ်အဆင့်ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့်(အထက်တန်းအဆင့်) ကျောင်းသား/ကျောင်းသူ ၈ ဦး၊ (အလယ်တန်းအဆင့်) ကျောင်းသား/ ကျောင်းသူ ၁၂ ဦး၊ စုစုပေါင်း ၂၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နေရာကျဲကျဲနှင့်နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

(မိုး/ဇလ)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Commander-in-Chief of Defence Services General Ye Win Oo meets officers, other ranks and families from Mongphyat, Mongyaung, Tarlay, and Tachilek stations in Shan State (East)

NAY PYI TAW April 24

Commander-in-Chief of Defence Services General Ye Win Oo met officers, other ranks and families from Mongphyat, Mongyaung, Tarlay, and Tachilek stations at the hall of a local battalion in Mongphyat town this morning.

Also present were Daw Nilar, wife of the Commander-in-Chief of Defence Services, Commander-in-Chief (Navy) Admiral Htein Win and wife, Commander-in-Chief (Air) Lt-Gen Tun Win and wife, senior military officers from the Office of the Commander-in-Chief and wives, and the Triangle Region Command commander.



Commander-in-Chief of Defence Services General Ye Win Oo meets officers, other ranks and families from Mongphyat, Mongyaung, Tarlay, and Tachilek stations.

In his speech, General Ye Win Oo said Tatmadawmen are the persons shouldering their duties with sacrificing spirit on own volition due to their love for the nation. Wives of the soldiers on their part are joining hands in the functions of a military unit at any place their husbands are assigned to through thick or thin as good companions. The Tatmadaw is based on camaraderie spirit and an institution consolidated with mutual respect between superiors and subordinates, respect for the peers, and sympathy for youngsters. Soldiers must realize their goals with collective efforts of individuals, sections and platoons through team spirit.

The 60 codes of conduct, all the Tatmadawmen must observe, have already been stipulated. By observing the codes of conduct, there will be harmony in the relations between superiors and subordinates and with the people. So, they must uphold the 60 codes of conduct steadfastly. There can be no compromise when it comes to discipline which is the lifeblood of Tatmadaw. There are military rules in every sector from the ones in connection with duties to daily activities. There are also rules in connection with staff quarters and outpass permits. So, all those rules must be observed. There is zero tolerance for breaking the rules. The act of ignoring disciplinary breaches in family or an organization may lead to the destruction of both. Apart from harming the organization concerned, the ignorance of the responsible persons can also have effects on the surrounding areas. Hence, there must be admonishments within the framework of rules. Superiors must control their subordinates through constant guidance and correction with parental spirit and the spirit of a good commander to prevent bad things from happening. In this way, the Tatmadaw will stand as a disciplined institution.

He stated that, similar to morale and discipline, loyalty is a vital factor, and it is a profound element that concerns the very life of every military personnel. He noted that military personnel are those who have pledged to sacrifice even their lives for the State. He added that rewards are being provided to those who serve their duties with loyalty and sacrifice for the country. Regarding loyalty, he emphasized the need to always remain loyal and steadfast not only to the State and Tatmadaw but also to one's comrades and families. He concluded that the loyal conduct of each individual has a positive impact on the organization and will enable the building of unity.

Also, he stated that unity within the organization can be achieved through upright and correct leadership based on morale, good discipline, and loyalty. He noted that a commander must issue correct orders and fulfill the necessary requirements to ensure those orders can be carried out. He added that a unit or battalion with good leadership and unity can successfully accomplish any task. Furthermore, he emphasized that being complete with these four factors—good morale, good discipline, loyalty, and unity—will lead to the fulfillment of the three capabilities. Regarding these three capabilities, he stressed that every unit and battalion must undergo constant training to ensure they remain fully proficient in military capability.

He then stated that physical fitness is a fundamental requirement for the performance of duties. He noted that health issues lead to unnecessary wastage, which results in losses for Tatmadaw and create burdens for families. He added that health, education, and religion are matters that one must strive for individually. Therefore, he urged everyone to take personal care of their health and to avoid indulgences that could be detrimental to their physical well-being.

Regarding education, he stated that concerted efforts must be made to ensure all children of military personnel complete at least the KG+9 level. He noted that those who pass the KG+9 level can continue their studies at technical, agricultural, and livestock institutes, and responsible officials are planning to provide these opportunities. He added that these efforts are aimed at developing human resources for both Tatmadaw and the State.

Military personnel and their family members should actively read and study educational literature to broaden their knowledge, while officials must ensure timely access to military-issued magazines, journals, and newspapers. Strict measures are also needed to educate against the use, possession, or sale of drugs and to maintain drug-free households. In addition, awareness should be raised about the serious consequences of gambling, which can negatively impact both family life and professional responsibilities. Online gambling fraud should be treated as a national concern, with any information reported promptly to the relevant authorities.

The Tatmadaw is continually working to support the well-being of its members and their families, while also encouraging them to actively engage in both personal and military-supported farming and livestock activities, which can strengthen household livelihoods and contribute to overall welfare.

In Mongphyat, Mongyaung, Tarlay, and Tachilek—regions largely inhabited by ethnic communities— military personnel are required to engage with local people in line with military ethics, building public trust and respect by providing timely and effective assistance, especially during natural disasters, even without awaiting higher orders. The Commander-in-Chief of Defence Services also reviewed the needs of officers, other ranks, and their families, coordinating with relevant authorities to ensure those needs are addressed.

The Commander-in-Chief of Defence Services presented food supplies and gratuities for officers, other ranks, and their families at the station, with the station commander accepting them on their behalf. The wife of the Commander-in-Chief of Defence Services also provided gratuities to the maternal and child welfare associations at the station, which were received by the station commander's wife.

The Commander-in-Chief of Defence Services, accompanied by his wife and members, then warmly greeted the attending officers, other ranks, and their families.

After the meeting, the Commander-in-Chief of Defence Services and party reportedly inspected the battalions and units in Mongphyat by vehicle. 100

# 470 males and 47 females, totalling 517 from PDF terrorist groups including KIA, AA and PLA terrorist groups accepting the peace processes of the State and the Tatmadaw return to the legal fold, and transferred to parents and gardians systematically

NAY PYI TAW April 24

The government extends invitations to those from various armed opposition groups including PDF to return to the legal frame and provides necessary aid for those returnees.

Tatmadaw columns recapture and regain control, one area after another, from armed terrorist groups and PDF groups that had temporarily held territory in various regions and states. As a result, local residents warmly welcome Tatmadaw members who are carrying out their duties with great sacrifice to restore peace and stability of the regions. Due to increasing public encouragement, support, and trust, as well as cooperation with the Tatmadaw, members of these terrorist groups have become demoralized and no longer wish to continue resistance. Consequently, some PDF members, wishing to abandon armed struggle and live peacefully, have been reporting to nearby military camps and re-entering the legal fold group by group, where they have been welcomed back by responsible officials in their respective areas.

Today, a ceremony to transfer those returnees to parents and guardians took place at the parade ground of the Central Command, attended by Mandalay Region Chief Minister U Myo Aung, Commander of Central Command Brig-Gen Aung Htay, departmental officials, parents and guardians of the returnees and guests.

The Chief Minister delivered a speech where the Commander explained the legal provisions. The Commander accepted 31 assorted arms, 48 grenades and grenade shells, one walkie-talkie, 35 magazines, 1,298 rounds of ammunition, and three mines handed over by the returnees. The Chief Minister and the Commander presented Ks-5 million per an automatic rifle, Ks-500,000 per a home-made gun, Ks-300,000 per granade/granade shell, Ks-200,000 per walkie-talkie and Ks-100,000 per indivdual returnee, totalling Ks-171.2 million and supplies to the returnees. Subsequently, those who re-entered the legal fold were required to sign pledges, after which they were systematically handed back to their parents or guardians.



Officials check arms and ammunition handed over by the returnees.

Then, the Chief Minister, the Commander and responsible officials inspected the weapons and ammunition surrendered by those who had re-entered the legal framework, warmly welcomed and greeted those who came, and hosted them with food and refreshments.

At today's ceremony, as a handover of those who have re-entered the legal framework—accepting and believing in the peace processes and genuinely desiring regional stability and tranquility—to their parents or guardians, it is reported that a total of 517 individuals, comprising 470 men and 47 women, were handed over. This included: (58 men, 5 women) from Aungmyaethazan Township, (4 men) from Chanayethazan Township, (2 men) from Chanmyathazi Township, (1 man) from Pyigyitagun Township, (8 men, 3 women) from Amarapura Township, (4 men, 1 woman) from Patheingyi Township, (11 men, 3 women) from Kyaukse Township, (1 man) from Myittha Township, (1 man) from Tada-U Township, (2 men) from PyinOoLwin Township, (4 men) from Nawnghkio Township, (118 men, 9 women) from Madaya Township, (14 men, 1 woman) from Thabeikkyin Township, (138 men, 15 women) from Singu Township, (22 men, 4 women) from Mogok Township, (13 men) from Momeik Township, (4 men) from Kyaukpandaung Township, (9 men, 4 women) from Myingyan Township, (16 men, 1 woman) from Nyaung-U Township, (3 men) from Chauk Township, (1 man) from Seikpyu Township in Mandalay Region; and from Magway Region: (8 men) from Ngape Township, (3 men, 1 woman) from Salin Township, (2 men) from Minhla Township, (8 men) from Mindon Township, (14 men) from Pakokku Township, (1 man) from Yenangyaung Township.

It is further reported that most of the members of the so-called PDF who entered the legal framework were individuals who had been coerced and forcibly recruited through threats against their family members and relatives. They decided to abandon the armed path and re-enter the legal framework because they could no longer accept the acts of violence, including hierarchical oppression, killings among themselves, and sexual assaults within those groups. Additionally, they were unable to resist the military's offensives, leading to low morale. Furthermore, they came to believe in and accept the state and military's peace processes, wishing to live peacefully within the legal framework and wanting to repay the State and the public for the damages and losses caused by their actions.

Those re-entering the legal framework are being welcomed, assisted, supported as needed, and systematically handed over to their parents or guardians. It is reported that there remain individuals who wish to re-enter the legal framework. Those who wish to do so are urged to quickly contact and inform the nearest district or township administrative bodies, military camps, or police stations, where they will be welcomed, received, and provided with necessary support. It is also reported that appropriate cash rewards will be given for surrendered weapons and ammunition.

The heartfelt voices of those who have entered the legal framework are heard as follows:



**1.** When MDY-PDF entered our Thabeikkyin Township, they claimed that one person from every household must mandatory join. They threatened to harm or bring trouble to our families if we didn't join, so we had to enter. During the training period, we were sent to a place called Hgnapyaw Taw. From Hgnapyaw Taw, we were sent to a place called Thattu Twin. From Thattu Twin, we reached Northern Shan State. We also had to give back the money we received to the superior officers. However, we did not see them using it for the people. We saw them using it only for their own personal benefit. Some younger brothers and sisters were also sold off. That is why, as we disliked this system and did not want to stay there, we ran away. Upon fleeing from the organization, we have now come to surrender to Tatmadaw. When we came to surrender, Tatmadaw welcomed us warmly. They have made arrangements for our accommodation and food to be convenient. They treat everyone like brothers. I invite the brothers, sisters, and friends left behind in the group to also come and surrender to Tatmadaw.



**2.** I got into this organization as I was not getting along well with my family. When I visited my friends, they told me to follow them as business was good there. They said every thing would be Okay, and took me with them. In reality, I arrived at a terrorist den. I had no knowledge that they (my friends) would take me to such place. They promised me with good job and let me stay at that place. They told me that I must stay there as terrorist would do something bad to me as I had known their place. They didn't let me return home, instead, I had to attend a one-month training during which I did not have a regular meal. After completing the training, I was posted to Shwebo. Girls were

See Page - 21

# US to 'shoot and kill' Iranian mine-laying boats in Strait of Hormuz – Trump

WASHINGTON April 24

US President Donald Trump has threatened lethal force against any Iranian boats suspected of laying mines in the Strait of Hormuz, claiming that Washington now has "total control" over the key waterway until Tehran agrees to a deal.

The warning comes amid a maritime standoff in the Strait of Hormuz, a crucial transit route that accounts for approximately 20 percent of global oil and gas flows. Traffic has largely come to a standstill following the US-Israeli campaign against Iran and Tehran's subsequent retaliation.

Despite the fragile ceasefire that Trump extended indefinitely earlier this week, the US has maintained its blockade of Iranian ports.

"I have ordered the United States Navy to shoot and kill any boat that is putting mines in the waters of the Strait of Hormuz," Trump wrote in a social media post late on Thursday, adding that US mine-sweeping operations are ongoing.

According to the Washington Post, the Pentagon has suggested that clearing suspected mines in the strait could take months.

Trump claimed the US has "total control" over the strait. "No ship can enter or leave without the approval of the United States Navy. It is 'Sealed up Tight,' until such time as Iran is able to make a DEAL!!!" he wrote.

Tehran has pushed back, saying it has "the right" to act in the waterway if its national security is threatened and making the lifting of US restrictions a condition for resuming talks.

Tensions in the strait have escalated following recent maritime incidents. This week, Iran's Islamic Revolutionary Guard Corps (IRGC) released footage showing the interception of two container ships in the waterway, while US forces have reported stopping and redirecting multiple vessels they described as suspected of violating sanctions.

Trump has made clear there is no firm timeline for ending the war, telling Fox News on Wednesday that there was "no time frame." He claimed that US strikes hit "75 percent of targets" inside Iran and that any Iranian military buildup during the ceasefire could be neutralized "in about one day."

The Hormuz disruption has rattled global markets, pushing Brent crude aboveUS$-100 per barrel. International Energy Agency head Fatih Birol warned of "the biggest energy security threat in history," while aid groups flagged risks to global food security as fertilizer and agricultural supply chains are hit.

Tehran's ambassador to Moscow, Kazem Jalali, told RT that Iran is not seeking war but is ready to respond, insisting the country remains open to diplomacy despite the escalation.

**RT**

# Iran provided exceptions for Russia, other countries in Hormuz Strait Tariffs - Ambassador

MOSCOW April 24

Tehran has provided exceptions for a number of countries, including Russia, regarding transit fees for passage through the Strait of Hormuz, Iranian Ambassador to Moscow Kazem Jalali told Sputnik.

First Deputy Speaker of the Iranian parliament Hamid Reza Haji Babaei said Thursday that Iran has received revenue from fees for crossing the Strait of Hormuz for the first time, with funds transferred to the country's central bank.

"We've currently provided exceptions for some countries, but I don't know what will happen in the future. However, our Foreign Ministry is currently trying to implement the exceptions envisioned for friendly countries, such as Russia," the ambassador said when asked whether Iran made exceptions to the Strait of Hormuz tariffs.

Iran announced plans to impose tariffs following the US and Israeli attack, citing the costs associated with ensuring security of the Strait of Hormuz. Iran has now closed the Strait of Hormuz until the US naval blockade is fully lifted.

The US and Israeli aggression against Iran has effectively blocked the Strait of Hormuz, a key route for oil and liquefied natural gas supplies from the Persian Gulf countries to global markets, and has also impacted oil exports and production in the region.



**Sputnik**

# Türkiye to return to Formula 1 from 2027 in 5-year deal




ISTANBUL April 24

Turkish President Recep Tayyip Erdogan announced on Friday that Türkiye will officially rejoin the Formula 1 (F1) World Championship starting from 2027, following a new long-term agreement.

Speaking at a promotion program at the Dolmabahce Working Office in Istanbul, Erdogan stated that the Istanbul Park circuit will host the racing series for five consecutive seasons through 2031.

"The return of Formula 1 to Istanbul Park will provide significant value to the championship," Erdogan said, adding that the event would offer "exciting and high-quality racing" for global fans.

The announcement was preceded by a symbolic run through central Istanbul, with an F1 car travelling from Galataport, a major cruise liner hub on the Bosphorus Strait, to the Presidential Working Office in Dolmabahce.

Located on the outskirts of Istanbul's Asian side, Istanbul Park circuit previously hosted Formula 1 from 2005 to 2011 and saw brief returns in 2020 and 2021. The new agreement marks a major milestone for Türkiye's sports and tourism sectors. **Xinhua**

# Tehran's largest airport to resume int'l flights Saturday -- media

TEHRAN April 24

Iran's Imam Khomeini International Airport will resume international passenger flights as of Saturday, the official IRNA news agency reported on Friday.

The first flights will depart for Istanbul in Türkiye, the Omani capital Muscat, and China's capital Beijing, IRNA quoted Ahoura Mohammadi, public relations director of the Imam Khomeini Airport City, as saying.

The inaugural flight, operated by Iran's national carrier Iran Air, is scheduled to take off at 06:45 a.m. local time (0315 GMT) for Istanbul, followed by another two flights to the same destination by Iran Airtour and Mahan Air at 09:00 a.m. and 09:30 a.m. respectively, Mohammadi said.

A flight to Muscat by Sepehran Airlines will depart at 11:00 a.m., and a Mahan Air flight to Beijing is set for 06:50 a.m., he added.

Mohammadi said that five airlines -- Iran Air, Iran Airtour, Mahan Air, Sepehran Airlines, and ATA Airlines -- have so far received permission to sell tickets.

Iran shut down its airspace after joint U.S. and Israeli strikes starting on February 28, halting civilian aviation operations nationwide.

The country reopened its eastern airspace to international flights on April 18, with the gradual resumption of passenger flights at other airports since then.

Iran's Civil Aviation Authority has said that flight services will return to normal once technical and operational preparations by military and civilian authorities are completed.

**Xinhua**

# Commander-in-Chief of Defence Services General Ye Win Oo, wife Daw Nilar visit officers, other ranks, families receiving medical treatment at local defence services hospital in Mongphyat

NAY PYI TAW April 24

Commander-in-Chief of Defence Services General Ye Win Oo, accompanied by his wife Daw Nilar, senior military officers from the Office of the Commander-in-Chief and their wives, the commander of Triangle Region Command and responsible officers, visited officers, other ranks, families and members of the Myanmar Police Force and people's militias (local) receiving medical treatment at the local defence services hospital in Mongphyat this morning.

First, the Commander-in-Chief of Defence Services and party arrived at the hospital and were greeted by the commandant and responsible officials of the hospitals.

Then, the Commander-in-Chief of Defence Services and party observed officers, other ranks and members of the MPF and people's militias (local) one by one and asked about their health conditions, medical treatment and improvements cordially before giving foodstuffs and cash rewards for them.

In the same way, the wife of the Commander-in-Chief of Defence Services and party went to maternal and child healthcare wards of the hospital and spoke words of encouragement to patients before offering assistance.

Afterward, the Commander-in-Chief of Defence Services and party inspected the hospital and gave necessary instructions. 100



General Ye Win Oo comforting a patient.

■■ From Page - 19

assigned to rear echelon and had to serve the wounded. They had to cook food for the wounded persons. Those girls had to attend to the needs of terrorists, who collected about Ks-20 million every day from the people. They (terrorists) got cash donations, but they are busy with the work of serving their own families. They never had any consideration for their subordinates, who did not even have a regular meal. There were a lot of persons wounded in the battle fields. Mostly, they had to tend themselves. But the superiors totally ignored them, instead they ride luxury cars and lived a happy live with their families. That's what happening there. Superiors never listened to our voices, and we had no rights at all. Even if parents wish to provide support, they didn't allow. They ordered us to care the wounded. But they did nothing for the wounded. There was shortage of medicines, and the wounded were neglected. There went to whatever place they liked. Something, they visited us and scolded us. When two girls from us wished to contact their parents, who were ill, they never allowed to do so. They confiscated the phones of the two. The two ran away, but were captured and were subject to torture. The superiors even had no mercy for the pregnant one. Then they put the two into jail. In the jail, they beat the girls till they were satisfied. I returned to the legal fold as I could not bear violence and torture anymore. I surrendered to the Tatmadaw after making contacts with friends who returned to the fold earlier. Many juvenile girls like me were still left in the organization. They too wanted to come back to the legal fold. So, I would like to ask help from officials to help those girls come back to the legal fold. I promise that I will never get involved in such terrorist groups.



**3.** The reason why I joined the group was that when they took over our town, we were conscripted by the TNLA. When we were drafted, we were required to join the group without fail. Frankly speaking, I didn't want to join the group but the PaKaPha lied to and convinced us to join them because after we had joined them, we were no longer required to serve under the TNLA and allowed to leave them at any time. When I told them I was going to leave them, they didn't allow me. They told us to give them Ks- 1 million per person if we wanted to leave them. I had to attend a training course for three and a half months. We were in the jungle and mountains during the training and had to endure poor conditions. When we ate food, we had to do with stale rice. On some days, we didn't have anything to eat. They were always trying to put blame on and beat us. They also swore at us rudely. After the training, I was assigned duties in Mogok. As I was still underage, I was not sent to the front but to find money by asking for donations. They also abused the money donated by the people. They didn't take care of soldiers under their command. Some of them abused narcotic drugs. Some people in the leadership spent the donations of the people on pleasures. When we had to stay with them, we saw two or three of them detaining a woman as old as our grandmother without any firm evidence and beating her with shoes. As we looked at their tortures and felt ashamed of ourselves. As I thought I was very wrong, I returned to the legal fold to the Tatmadaw. When we returned to the legal fold, we were warmly greeted by responsible officers from the Tatmadaw and provided with anything we needed. We are going to meet with our parents soon. I invite my friends who are left in the jungle to return to the legal fold to meet with their parents. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KIA၊ AA၊ PLA အကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင်အချို့အပါအဝင် PDF အမည်ခံအကြမ်းဖက်အဖွဲ့အစည်းအသီးသီးမှ အဖွဲ့ဝင် အမျိုးသား ၄၇၀ ဦးနှင့် အမျိုးသမီး ၄၇ ဦး၊ ပေါင်း ၅၁၇ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ

နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးအား ဆုကြေးငွေနှင့်ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးထံ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးကငင်းနှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများ လွှဲပြောင်းအပ်နှံစဉ်။

ထိုသို့ဆောင်ရွက်ပေးမှုများကြောင့် PDF အမည်ခံအဖွဲ့ဝင်များသည် ဥပဒေဘောင်အတွင်းသို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပြန်လည်ဝင်ရောက်လျက်ရှိသည်။ ထို့အတူ တပ်မတော်စစ်ကြောင်းများက တိုင်းဒေသကြီး/ပြည်နယ်များရှိ လက်နက်ကိုင် အကြမ်းဖက်အဖွဲ့အစည်းများနှင့် PDF အမည်ခံပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် နေရာများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ခြင်းများကြောင့် ပြည်သူများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများကို ဝမ်းသာအားရကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှု၊ ယုံကြည်အားကိုးမှု၊ တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့မှုများကြောင့် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့် စိတ်ဓာတ်ကျဆင်းကာ ဆက်လက်ခုခံလိုခြင်းမရှိတော့သည့်အတွက် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ အမြင်မှန်ရရှိကာ အေးချမ်းစွာနေထိုင်လိုကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် နီးစပ်ရာတပ်စခန်းများရှိ တာဝန်ရှိသူများထံ သတင်းပို့၍ ဥပဒေဘောင်အတွင်းသို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ပြန်လည်ဝင်ရောက်လျက်ရှိရာ သက်ဆိုင်ရာနယ်မြေများအလိုက် တာဝန်ရှိသူများက အသီးသီးကြိုဆိုလက်ခံခဲ့ကြသည်။

အဆိုပါဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများ၊ ၎င်းတို့၏ မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် လက်နက်မျိုးစုံ ၃၁ လက်နှင့် လက်ပစ်ဗုံး/ ဗုံးသီး ၄၈ လုံး၊ စကားပြောစက် ၁ လုံး၊ ကျည်အိမ်မျိုးစုံ ၃၅ ခု၊ ကျည်မျိုးစုံ ၁၂၉၈ တောင့်၊ မိုင်းမျိုးစုံ ၃ လုံးတို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ၎င်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ်သေနတ် တစ်လက်အတွက် ဆုကြေးငွေ ကျပ်သိန်း ၅၀ နှုန်း၊ လက်လုပ်သေနတ် တစ်လက်နှုန်းအတွက် ဆုကြေးငွေကျပ် ၅ သိန်းနှုန်း၊ လက်ပစ်ဗုံး/ ဗုံးသီး တစ်လုံးစီအတွက် ဆုကြေး ငွေကျပ် ၃ သိန်းနှုန်း၊ စကားပြောစက်တစ်လုံးအတွက် ဆုကြေးငွေကျပ် ၂ သိန်းနှုန်းနှင့် အလင်းဝင်ရောက်လာသူ များအား တစ်ဦးလျှင် ငွေကျပ် ၁ သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၇၁၂ သိန်းကျပ်နှင့် ထောက်ပံ့ပစ္စည်းများကိုပေးအပ်သည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများအား ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်း အပ်နှံပေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများမှ အပ်နှံထားသော လက်နက်ခဲယမ်းများအား ကြည့်ရှုစစ်ဆေးပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကာ စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့အခမ်းအနားတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်မှ အမျိုးသား (၅၈)ဦး၊ အမျိုးသမီး(၅)ဦး၊ ချမ်းအေးသာစံမြို့နယ်မှ အမျိုးသား(၄)ဦး၊ ချမ်းမြသာစည်မြို့နယ်မှ အမျိုးသား(၂)ဦး၊ ပြည်ကြီးတံခွန်မြို့နယ်မှ အမျိုးသား(၁)ဦး၊ အမရပူရမြို့နယ်မှ အမျိုးသား(၈)ဦး၊ အမျိုးသမီး(၃)ဦး၊ ပုသိမ်ကြီးမြို့နယ်မှ အမျိုးသား(၄)ဦး၊ အမျိုးသမီး(၁)ဦး၊ ကျောက်ဆည်မြို့နယ်မှ အမျိုးသား(၁၁)ဦး၊ အမျိုးသမီး(၃)ဦး၊ မြစ်သားမြို့နယ်မှ အမျိုးသား(၁)ဦး၊ တံတားဦးမြို့နယ်မှ အမျိုးသား(၁)ဦး၊ ပြင်ဦးလွင်မြို့နယ်မှ အမျိုးသား(၂)ဦး၊ နောင်ချိုမြို့နယ်မှ အမျိုးသား(၄)ဦး၊ မတ္တရာမြို့နယ်မှ အမျိုးသား(၁၁၈)ဦး၊ အမျိုးသမီး(၉)ဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား (၁၄)ဦး၊ အမျိုးသမီး(၁)ဦး၊ စဉ့်ကူးမြို့နယ်မှ အမျိုးသား(၁၃၈)ဦး၊ အမျိုးသမီး(၁၅)ဦး၊ မိုးကုတ်မြို့နယ်မှ အမျိုးသား(၂၂)ဦး၊ အမျိုးသမီး(၄)ဦး၊ မိုးမိတ်မြို့နယ်မှ အမျိုးသား (၁၃)ဦး၊ ကျောက်ပန်းတောင်းမြို့နယ်မှ အမျိုးသား(၄)ဦး၊ မြင်းခြံမြို့နယ်မှ အမျိုးသား (၉)ဦး၊ အမျိုးသမီး(၄)ဦး၊ ညောင်ဦးမြို့နယ်မှ အမျိုးသား(၁၆)ဦး၊ အမျိုးသမီး(၁)ဦး၊ ချောက်မြို့နယ်မှ အမျိုးသား(၃)ဦး၊ ဆိပ်ဖြူမြို့နယ်မှ အမျိုးသား (၁)ဦး၊ မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်မှ အမျိုးသား(၈)ဦး၊ စလင်းမြို့နယ်မှအမျိုးသား (၃)ဦး၊ အမျိုးသမီး(၁)ဦး၊ မင်းလှမြို့နယ်မှ အမျိုးသား(၂)ဦး၊ မင်းတုန်းမြို့နယ်မှ အမျိုးသား (၈)ဦး၊ ပခုက္ကူမြို့နယ်မှ အမျိုးသား (၁၄)ဦး၊ ရေနံချောင်းမြို့နယ်မှ အမျိုးသား (၁)ဦး၊ စုစုပေါင်း အမျိုးသား ၄၇၀ ဦးနှင့် အမျိုးသမီး ၄၇ ဦး ပေါင်း ၅၁၇ ဦး ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်အများစုသည် မိသားစုဝင်ဆွေမျိုးများအား ခြိမ်းခြောက်အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုင်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်းငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက်ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"MDY-PDF တွေ ကျွန်တော်တို့ သပိတ်ကျင်းမြို့နယ်ထဲ ဝင်ရောက်လာတဲ့အခါမှာ တစ်အိမ်တစ်ယောက်အနေနဲ့ မဖြစ်မနေဝင်ရမယ့်စနစ်လို့သူတို့ပြောတယ်။ ပြောတဲ့အခါမှာ ကျွန်တော်တို့တကယ်လို့မဝင်ရင် မိသားစုတွေကို အန္တရာယ်ပေးမယ် ဒုက္ခပေးမယ်ဆိုလို့ ကျွန်တော်တို့ဝင်ခဲ့ရပါတယ်။ ရောက်တဲ့အချိန်မှာ သင်တန်းကာလမှာ ကျွန်တော်တို့ကို ငှက်ပျောတောဆိုတဲ့ နေရာကိုပို့ပါတယ်။ ငှက်ပျောတောကနေပြီးတော့ သတ္တုတွင်းဆိုတဲ့နေရာကို ပို့ပါတယ်။ သတ္တုတွင်းကနေပြီးတော့ ရှမ်း(မြောက်)ကို ရောက်ပါတယ်။ ကျွန်တော်တို့ရတဲ့ ပိုက်ဆံတွေကိုလည်း အထက်အရာရှိကို ပြန်ပေးဆောင်ရတာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့က ပြည်သူတွေအတွက် သုံးတာမတွေ့ရပါဘူး။ သူတို့ ကိုယ်ကျိုးကောင်းစားဖို့အတွက်ပဲ သုံးတာတွေကို ကျွန်တော်တို့တွေ့ရှိခဲ့




ပါတယ်။ တချို့ ညီငယ်ညီမငယ်တွေကိုလည်း ရောင်းစားတာတွေလည်း ရှိတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဒီစနစ်ကိုမကြိုက်လို့ ဒီမှာလည်း မနေချင်လို့ ထွက်ပြေးခဲ့တာလည်း ဖြစ်ပါတယ်။ အဖွဲ့အစည်းကနေထွက်ပြေးလာတဲ့ အချိန်မှာ အခုတပ်မတော်ထံမှာ အလင်းလာဝင်တာပဲ ဖြစ်ပါတယ်။ တပ်မတော်ထံမှာ အလင်းလာဝင်တဲ့အချိန်မှာလည်း တပ်မတော်က နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး အားလုံးအဆင်ပြေအောင် လုပ်ပေးပါတယ်။ ညီအစ်အကိုလိုပဲ အားလုံးကို ဆက်ဆံပါတယ်။ အဖွဲ့ထဲမှာကျန်ခဲ့တာ ညီအစ်ကိုမောင်နှမတွေ သူငယ်ချင်းတွေလည်းတပ်မတော်ထံမှာအလင်းလာဝင်ဖို့ ဖိတ်ခေါ်ပါတယ်" ဟု ပြောသည်။

"ဒီအဖွဲ့အစည်းထဲရောက်သွားရတာကတော့ အိမ်နဲ့အဆင်မပြေတာနဲ့ သူငယ်ချင်းတွေဆီသွားရင်းနဲ့ သူငယ်ချင်းတွေက သူတို့နဲ့လိုက်ခဲ့ စာမျက်နှာ ၂၃ သို့ ▲

# တနင့်ယန်းမြို့နယ်နှင့် သုံးခွမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဧပြီ ၂၄

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က တနင့်ယန်းမြို့နယ်၊ တုန်ဟုန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ အခြေပြု၍ ကျေးရွာရှိ သံဃာတော် ၇၀ ပါးနှင့်ဒေသခံပြည်သူ ၇၂ ဦးတို့ကို အရေပြားရောဂါ၊ သွေးတိုးရောဂါ၊ အစာအိမ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်းများဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ရဲနွံ့ကျေးရွာရှိ ဒက္ခိဏာရုံကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူ ၁၁၉ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

▲ စာမျက်နှာ ၂၂ မှအဆက်

ဟိုမှာ လုပ်ငန်းအဆင်ပြေတယ်ပေါ့။ အစစအရာရာ အဆင်ပြေတယ်ဆိုပြီး ခေါ်သွားတယ်။ ဟိုမှာ အကြမ်းဖက်တွေဆီရောက်သွားတယ်။ အဲဒီလိုမျိုး ခေါ်သွားမယ်လို့လည်း မသိဘူး။ လုပ်ငန်းကောင်းတယ်ဆိုပြီး ခေါ်သွားပြီး ဒီအကြမ်းဖက်ထဲမှာပဲ နေခိုင်းတယ်။ နေခိုင်းပြီးတော့ မနေရင် နင်တို့ကို တစ်ခုခုလုပ်မှာ ငါတို့ပွိုင့်နေရာတွေသိသွားပြီဆိုတော့ ကျွန်တော်တို့ကိုမပြန်ခိုင်းဘူး။ မပြန်ခိုင်းဘဲနဲ့သင်တန်းတစ်လလောက်ပေးတယ်။ သင်တန်းမှာလည်း ထမင်းနပ်မှန်အောင်လည်း မစားခဲ့ရဘူး။ သင်တန်းပြီးတော့ ရှေ့ဘိုမှာ တာဝန်ကျတယ်။ သမီးတို့ကို နောက်တန်းမှာထားတယ်။ ရှေ့တန်းက ထိခိုက်ဒဏ်ရာရသူတွေနဲ့ထားတယ်။ ထိခိုက်ဒဏ်ရာရသူတွေကို ထမင်းချက်ကျွေးရတယ်။ သူတို့ရဲ့ ဝေယျာဝစ္စတွေ လုပ်ခဲ့ရတယ်။ ပြည်သူတွေဆီက လက်နက်ခဲယမ်းဖိုးတစ်နေ့ကို သိန်း ၂၀၀ လောက်ကောက်တယ်။ အလှူငွေရတယ်။ ဘာလုပ်လဲဆိုတော့ သူတို့ကောင်းစားဖို့ သူတို့မိသားစုအတွက်ပဲလုံးပမ်းတယ်။ နောက်တန်းက ရဲဘော်တွေကို တစ်ယောက်မှ လှည့်မကြည့်ခဲ့ဘူး။ ကျွန်တော်တို့ဆို ထမင်းငတ်တဲ့ နေ့တွေလည်းရှိတယ်။ ထမင်းပုံမှန်မစားခဲ့ရဘူး။ ရှေ့တန်းက ထိလာတဲ့ရဲဘော်တွေလည်း အများကြီးပဲ။ သူတို့ဆိုလည်း ကျန်းမာရေးမကောင်းရင် တောင်မှ သူတို့ဘာသာသူတို့ ပေတေနေခဲ့ရသူတွေလည်းရှိတယ်။ ဒါပေမဲ့ သူတို့က လုံးဝ(လုံးဝ) လှည့်မကြည့်ခဲ့ဘူး။ သူတို့ကျတော့ ကားအကောင်းစားကြီးတွေစီးတယ်။ သူတို့ မိသားစုတွေနဲ့ သွားလာပျော်ပါးတယ်။ အဲဒီလိုတွေရှိတယ်။ ကျွန်တော်တို့ဖြစ်ချင်တဲ့ ဆန္ဒလည်းမလုပ်ပေးဘူး။ အခွင့်အရေးဆိုတာလည်း မရှိခဲ့ဘူး။



မိဘက အဆင်မပြေလို့ ထောက်ပံ့ချင်ရင်တောင်မှသူတို့ကမပေးဘူး။ ထိခိုက်ဒဏ်ရာရနေသူတွေကို စောင့်ရှောက်ခိုင်းတယ်။ သူတို့ကိုယ်တိုင်လည်းလုပ်မပေးဘူး။ ပြီးရင် ဆေးဝါးတွေလည်းမပြည့်စုံဘူး။ ကျွန်တော်တို့နဲ့ပဲပစ်ထားတယ်။ သူတို့သွားချင်ရာသွားတယ်။ တစ်ခါတလေမှ ကျွန်တော်တို့ဆီလာတယ်၊ လာပြီးတော့လည်း ဆူငေါက်သွားတယ်။ အာဏာတွေသုံးပြီးတော့ ကောင်မလေး ၂ ယောက်၊ ကျွန်တော်တို့ထဲကပဲ မိဘတွေကလည်း ကျန်းမာရေးချို့တဲ့၊ အိမ်နဲ့လည်း ဆက်သွယ်မခိုင်းဘူး။ ဖုန်းတွေလည်း သိမ်းထားတယ်။ သူတို့က ထွက်ပြေးတယ်။ ထွက်ပြေးတဲ့အချိန် သူတို့ ၂ ယောက်ပြန်မိလာတယ်။ မိလာတော့ ညှဉ်းပန်းနှိပ်စက်တယ်။ ဗိုက်ကြီးသည်ကိုလည်း ဗိုက်ကြီးသည်မို့မညှာဘူး ညှဉ်းပန်းနှိပ်စက်တယ်။ ညှဉ်းပန်းနှိပ်စက်ပြီးတော့ သူတို့ကို ထောင်ထဲထည့်တယ်။ ထောင်ထဲထည့်တော့လည်း ထောင်ထဲမှာလည်း သူတို့မကျေမနပ်မချင်း သူတို့ကိုရိုက်တယ်။ အဲဒါကျွန်တော်ကလည်း သူတို့ အကြမ်းဖက်နှိပ်စက်မှုတွေကိုမခံနိုင်လို့ ကျွန်တော်လည်း ဒီဘက်ကို အလင်းဝင်လာတဲ့ သူငယ်ချင်းတွေနဲ့ ချိတ်ဆက်ပြီးတော့ တပ်မတော်မှာ လာပြီး အလင်းဝင်ရောက်ခဲ့ပါတယ်။ သမီးလိုမျိုးအသက်မပြည့်သေးတဲ့ ညီငယ် ညီမငယ်တွေလည်း အဖွဲ့အစည်းထဲမှာ ကျန်နေပါသေးတယ်။ သူတို့လည်း ကျွန်တော်တို့လိုပဲ အလင်းဝင်ချင်ပါတယ်။ သူတို့လေးတွေ အလင်းဝင်နိုင်ဖို့အတွက်



သက်ဆိုင်ရာ လူကြီးမင်းတွေကိုလည်း အကူအညီတောင်းချင်ပါတယ်။ သမီးလည်း နောက်နောင် ဒီအကြမ်းဖက်အဖွဲ့အစည်းတွေနဲ့ မပတ်သက်တော့ပါဘူးလို့ ကတိပေးပါတယ်”ဟုပြောသည်။

“ကျွန်တော်တို့ အဲဒီအဖွဲ့အစည်းထဲရောက်သွားတဲ့အကြောင်းရင်းကတော့ ကျွန်တော်တို့မြို့ကို သိမ်းပြီးတော့ ကျွန်တော်တို့ကို TNLA ကနေပြီးတော့ စစ်မှုထမ်းခေါ်တယ်။ စစ်မှုထမ်းခေါ်တဲ့အချိန်ကျတော့ မဖြစ်မနေစစ်မှုထမ်းရမယ်။ အဲဒီလိုပြောတဲ့ အချိန်မှာ ကျွန်တော်တို့ကလည်း ရှင်းရှင်းပြောရရင် စစ်မှုမထမ်းချင်ဘူး။ အဲဒီအချိန်မှာ ကျွန်တော်တို့ကို ပကဖ အဖွဲ့အစည်းကနေပြီးတော့ ဒီအဖွဲ့အစည်းထဲဝင်လာခဲ့ပါ။ ဒီအဖွဲ့အစည်းထဲဝင်ပြီးသွားရင် မင်းတို့ကို စစ်မှုလည်း မထမ်းခိုင်းတော့ဘူး။ မင်းတို့ထွက်ချင်တဲ့ အချိန်ပြန်ထွက်လို့ရတယ်ဆိုပြီးတော့ ကျွန်တော်တို့ကိုအယုံသွင်းပြီး လိမ်ခေါ်လာခဲ့တယ်။ ကျွန်တော်တို့ပြန်ထွက်မယ်ပြောတော့ သူတို့က ပေးလည်းမထွက်တော့ပါဘူး။ ထွက်ချင်ရင် တစ်ယောက် ၁၀ သိန်းပေးရမယ်ဆိုပြီး ကျွန်တော်တို့ကိုပြောပါတယ်။ သင်တန်းကို သုံးလခွဲတက်ရပါတယ်။ သင်တန်းတက်တဲ့အချိန်မှာ တောထဲတောင်ထဲမှာဆိုတော့ အနေဆင်းရဲတယ်။ စားတဲ့အခါကျတော့လည်း ထမင်းအသိုးတွေနဲ့လည်းစားခဲ့ရတယ်။ လုံးဝမစားရတဲ့ ရက်တွေလည်းရှိတယ်။ ကျွန်တော်တို့ကိုကျတော့ အမြဲတမ်းအပြစ်မရှိ အပြစ်ရှာပြီးရိုက်တယ်။ ရိုက်ပြီးမိုက်မိုက်ရိုင်းရိုင်းလည်း ဆဲပါတယ်။ ကျွန်တော်တို့ သင်တန်းဆင်းပြီးတော့ ကျွန်တော်တို့ကို မိုးကုတ်မှာပဲ တာဝန်ထမ်းဆောင်ရတယ်၊ ကျွန်တော်က အသက်မပြည့်သေးတဲ့အတွက် သူတို့က ရှေ့တန်းကိုမထွက်ခိုင်းဘူး။ နောက်တန်းမှာပဲ သူတို့အတွက် အလှူခံပြီး ပိုက်ဆံရှာပေးရတယ်။ ပြည်သူတွေဆီက အလှူခံထားတဲ့ငွေတွေကိုလည်း သူတို့တွေက အလွဲသုံးစားလုပ်တယ်။ အောက်ကရဲဘော်တွေကို မကြည့်ကြဘူး။ ပြီးရင် မူးယစ်ဆေးသုံးတဲ့သူတွေလည်းရှိတယ်။ ခေါင်းဆောင်ပိုင်းထဲက အဲဒီလိုမျိုး ပြည်သူတွေဆီက အလှူခံထားတဲ့ငွေကိုလည်း သူတို့အပျော်အတွက်သုံးကြတယ်။ ကျွန်တော်တို့ အဲဒီမှာနေရတာကျတော့ ကျွန်တော်တို့ အဖွားအရွယ်လောက်ရှိတဲ့ အမေအိုကြီးကို သူတို့ယောကျ်ားသားတွေ နှစ်ယောက် သုံးယောက်လောက်က ဘာမှမဟုတ်ဘဲနဲ့ သက်သေမခိုင်လုံတဲ့ကိစ္စတွေနဲ့ပတ်သက်လို့ သူတို့ချုပ်နှောင်တယ်။ ပြီးတော့ ဖိနပ်တွေနဲ့ဝိုင်းရိုက်တာမျိုးတွေလည်းရှိတယ်။ ကျွန်တော်တို့လည်းသူတို့ရဲ့ ညှဉ်းပန်းနှိပ်စက်မှုတွေကြည့်ပြီး ကျွန်တော်တို့လည်း ကျွန်တော်တို့ကို ကျွန်တော်တို့ ရှက်လာတယ်။ ပြီးတော့ ကျွန်တော်တို့ အရမ်းမှားနေပြီထင်ပြီး ကျွန်တော်တို့ တပ်မတော်ထံ အလင်းဝင်လာတယ်။ ကျွန်တော်တို့ အလင်းဝင်လာတဲ့အခါမှာလည်း တပ်မတော်မှတာဝန်ရှိသူများက ကျွန်တော်တို့ကို နွေးနွေးထွေးထွေးကြိုဆိုတယ်၊ လိုလေသေးမရှိအောင်ထားပါတယ်။ ပြီးတော့ မကြာခင်မှာ ကျွန်တော်တို့မိဘတွေနဲ့ ပြန်တွေ့ရတော့မှာပါ။ တောထဲမှာကျန်ခဲ့တဲ့ သူငယ်ချင်းတွေလည်း မိသားစုတွေနဲ့ပြန်တွေ့ကြဖို့ တပ်မတော်ထံအလင်းဝင်ကြဖို့ ကျွန်တော့်အနေနဲ့ဖိတ်ခေါ်ပါတယ်” ဟုပြောသည်။ (၁၀၀)

## ရက် ၁၀၀ စီမံချက်ဖြင့် ကျေးလက်ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ညောင်ဦး ဧပြီ ၂၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ၌ ရက် ၁၀၀ စီမံချက်ဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ဧပြီလ ၂၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့် အင်ဂျင်နီယာဝန်ထမ်းများက မြင်းကပါကျေးရွာ၌ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစေရန်အတွက် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၃ သန်းအသုံးပြု၍ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ 2 KW ဆိုလာတပ်ဆင်ခြင်းနှင့် ၅၆ ပေ x ၆ ပေရှိသည့် ခြံစည်းရိုးကာရံခြင်း စသည့်လုပ်ငန်းများဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီအောင်ဆောင်ရွက်ရန်နှင့် အမြန်ပြီးစီးအောင်ဆောင်ရွက်သွားရန် မှာကြားကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ကင်ဆာရောဂါကို ကာကွယ်ပေးနိုင်တဲ့ နေ့စဉ်လုပ်နေကျအလေ့အထလေးတစ်ခု



ကင်ဆာရောဂါကို ကာကွယ်ဖို့ဆိုရင် နေ့စဉ်လုပ်ဆောင်လေ့ရှိတဲ့ ကိုယ်လက်လှုပ်ရှားမှုအလေ့အထတစ်ခုက တကယ်ကိုအထောက်အကူပြုပါတယ်။ ကိုယ်လက်လှုပ်ရှားတာက ခန္ဓာကိုယ်လုပ်ဆောင်ချက်တွေကို ပိုကောင်းစေပြီး ကင်ဆာဖြစ်နိုင်ခြေကို သိသိသာသာလျှော့ချပေးနိုင်တယ်လို့ သုတေသနတွေမှာ တွေ့ရပါတယ်။

အထူးသဖြင့် ရင်သားကင်ဆာ၊ အူမကြီးကင်ဆာ၊ အဆုတ်ကင်ဆာနဲ့ လူသေဆုံးမှုများတဲ့ကင်ဆာရောဂါတော်တော်များများဟာ နေ့စဉ်လှုပ်လှုပ်ရှားရှားနေထိုင်သူတွေမှာ ဖြစ်ပွားမှုပိုနည်းတာတွေ့ရပါတယ်။ လေ့လာမှုတစ်ခုအရ တစ်ရက်ကိုခြေလှမ်း ၇၀၀၀ ဝန်းကျင်လျှောက်သူတွေက ခြေလှမ်း ၅၀၀၀ လောက်သာလျှောက်သူတွေထက် ကင်ဆာဖြစ်နိုင်ခြေ ၁၁ ရာခိုင်နှုန်း ပိုနည်းပြီး ခြေလှမ်း ၉၀၀၀ အထိ လျှောက်နိုင်ရင်တော့ ၁၆ ရာခိုင်နှုန်းအထိတောင် လျော့ကျသွားတာပါ။

ဒါကြောင့် ကျန်းမာရေးပညာရှင်တွေက တစ်ပတ်ကို အနည်းဆုံး မိနစ် ၁၅၀ လောက် အသင့်အတင့် ကိုယ်လက်လှုပ်ရှားမှုလုပ်ဖို့ ဒါမှမဟုတ် ၇၅ မိနစ်လောက် ပြင်းပြင်းထန်ထန်လေ့ကျင့်ခန်းလုပ်ဖို့ တိုက်တွန်းထားပါတယ်။ လမ်းသွက်သွက်လျှောက်တာမျိုးက ခန္ဓာကိုယ်ထဲက ရောင်ရမ်းမှုတွေကို ထိန်းချုပ်ပေးပြီး ခုခံအားကိုကောင်းစေပါတယ်။ အစာစားပြီးလမ်းလျှောက်တာမျိုးလို အလေ့အကျင့်လေးတွေကစပြီး ဂရုစိုက်သင့်ပါတယ်။ **Ref: STD**

ကိုထက်

# ကယ်လိုရီပိုမစားသော်လည်း ပေါင်မုန့်က ကိုယ်အလေးချိန်တက်လာစေနိုင်

ကယ်လိုရီပမာဏ ပိုမစားသော်လည်း ပေါင်မုန့်နဲ့ဆန်လိုမျိုး ကာဗိုဟိုက်ဒရိတ်ကြွယ်ဝတဲ့အစားအစာများကို စားခြင်းက ကိုယ်အလေးချိန် တက်လာစေနိုင်ကြောင်း သုတေသနအသစ်တစ်ခုမှာတွေ့ရှိရပါတယ်။ အိုဆာကာမက်ထရိုပိုလီတန်တက္ကသိုလ်မှ ပညာရှင်များရဲ့ လေ့လာချက်များအရ အစားအသောက်ပမာဏကို ကန့်သတ်ထားရင်တောင် ကာဗိုဟိုက်ဒရိတ်အပေါ် နှစ်သက်စွဲလမ်းမှုကြောင့် ဖြစ်ပေါ်လာတဲ့ ဇီဝကမ္မဖြစ်စဉ် အပြောင်းအလဲတွေက ခန္ဓာကိုယ်အလေးချိန်ကို တိုးလာစေတာဖြစ်ပါတယ်။


ပေါင်မုန့် ဒါမှမဟုတ် ဆန်မှုန့်လို အစားအစာတွေကို စားသုံးတဲ့အခါ ခန္ဓာကိုယ်ရဲ့ စွမ်းအင်သုံးစွဲမှု လျော့ကျသွားတာတွေ့ရပါတယ်။ ဆိုလိုတာက အစာကိုပိုမစားဘဲ ကယ်လိုရီပမာဏ အတူတူဖြစ်နေရင်တောင် ခန္ဓာကိုယ်က စွမ်းအင်ကို အရင်ထက် လျှော့သုံးတဲ့အတွက် အဆီတွေစုဆောင်းမိလာတာပါ။ သွေးစစ်ချက်တွေအရလည်း ခန္ဓာကိုယ်မှာ ဖက်တီးအက်စစ်တွေများလာပြီး အသည်းမှာ အဆီစုပုံမှုပိုများလာတာကို တွေ့ရပါတယ်။

အဲဒီလို ကာဗိုဟိုက်ဒရိတ်တွေကို အစားအသောက်ထဲကနေ ဖယ်ထုတ်လိုက်တဲ့အခါ ကိုယ်အလေးချိန်နဲ့ ဇီဝကမ္မဖြစ်စဉ် မူမမှန်မှုတွေက မြန်ဆန်စွာပဲပြန်လည်ကောင်းမွန်လာတာတွေ့ရပါတယ်။ ဒါကြောင့် ကိုယ်အလေးချိန် ထိန်းသိမ်းချင်သူတွေအနေနဲ့ ကာဗိုဟိုက်ဒရိတ် အလွန်အကျွံစားသုံးမှုကို လျှော့ချဖို့လိုအပ်ပါတယ်။ **Ref: STD**

ကိုထက်



# Avatr က တစ်ကြိမ်အားသွင်းပြီး မိုင် ၇၈၀ အထိမောင်းနှင်နိုင်တဲ့ လျှပ်စစ်ကားအသစ်ကိုမိတ်ဆက်



တရုတ်ကားကုမ္ပဏီဖြစ်တဲ့ Avatr က မြင်းကောင်ရေ ၉၅၅ ကောင်အားအထိထွက်ပြီး တစ်ကြိမ်အားသွင်းရုံနဲ့ မိုင်ပေါင်း ၇၈၀ အထိ မောင်းနှင်နိုင်တဲ့ လျှပ်စစ်ကား EV အသစ် Avatr 06T ကို မိတ်ဆက်လိုက်ပါတယ်။ မော်တာသုံးလုံးတပ်ဆင်ထားတဲ့စနစ်ကို အသုံးပြုထားတာဖြစ်ပြီး လျှပ်စစ်ကားလောကမှာ စွမ်းဆောင်ရည်ပိုင်းနဲ့ ပတ်သက်လို့ စံချိန်အသစ်တင်ဖို့ ပြင်ဆင်လာတာလည်းဖြစ်ပါတယ်။

ဒီကားရဲ့နည်းပညာပိုင်းကို ကြည့်မယ်ဆိုရင် မော်တာသုံးလုံး ပေါင်းစပ်ထားတာကြောင့် အရှိန်နှုန်းကို စက္ကန့်ပိုင်းအတွင်း တင်နိုင်ရုံတင်မကဘဲ ဘက်ထရီနည်းပညာတိုးတက်လာမှုကြောင့် ခရီးဝေးမောင်းနှင်နိုင်စွမ်းကိုပါ မြှင့်တင်ပေးထားတာပါ။ Avatr ရဲ့ ဒီကားသစ်ဟာ တစ်ကြိမ်အားသွင်းရုံနဲ့ မိုင် ၇၈၀ အထိ မောင်းနှင်နိုင်စွမ်းရှိနေတာကြောင့် လက်ရှိဈေးကွက်ထဲက EV ကားအများစုထက် သာလွန်နေတာကို တွေ့ရပါတယ်။

အားသွင်းစနစ်ပိုင်းမှာလည်း အချိန်တိုအတွင်း အားပြန်ပြည့်စေမယ့်စနစ်ပါဝင်လာပြီး ခရီးဝေးသွားတဲ့အခါ အားသွင်းရခက်ခဲမှာကို စိုးရိမ်စရာမလိုတော့ပါဘူး။ Avatr အနေနဲ့ ကမ္ဘာ့လျှပ်စစ်ကားဈေးကွက်မှာ ထိပ်တန်းကနေရာယူဖို့ ကြိုးပမ်းနေတာဖြစ်ပါတယ်။ **Ref: IE**

ကိုထက်

# ၂၀၃၁ ခုနှစ်မှာ အသံနှုန်းလွန်ဒုံးကျည်အစင်း ၄၅၀၀ အထိ တပ်ဆင်မယ့် အမေရိကန်ရေတပ်



အမေရိကန်ရေတပ်က ၂၀၃၁ ခုနှစ်မှာ အသံနှုန်းလွန်ဒုံးကျည် အစင်း ၄၅၀၀ အထိ တပ်ဆင်သွားဖို့ ပြင်ဆင်နေပါတယ်။ ဒီအစီအစဉ်ဟာ အမေရိကန်ရဲ့ ရေတပ်အင်အားမြှင့်တင်ဖို့နဲ့ အဆင့်မြင့်လက်နက်စနစ်တွေ တပ်ဆင်ရာမှာ အရှိန်အဟုန်မြှင့်တင်လုပ်ဆောင်လာတဲ့ ခြေလှမ်းသစ်တစ်ခုလည်းဖြစ်ပါတယ်။

ဒီစီမံကိန်းအရ အသံနှုန်းလွန်ဒုံးကျည်တွေကို ရေယာဉ်စုအသီးသီးမှာ တပ်ဆင်သွားမှာဖြစ်ပြီး ရန်သူ့ကာကွယ်ရေးစနစ်တွေကို ထိုးဖောက်နိုင်စွမ်းရှိတဲ့ အလွန်မြန်တဲ့အရှိန်နှုန်းနဲ့ပစ်ခတ်နိုင်စွမ်းကိုရရှိစေမှာပါ။ ဒါတင်မကသေးပါဘူး။ တိုးမြှင့်လိုက်တဲ့ဒုံးကျည်အရေအတွက်ဟာ လက်ရှိအခြေအနေထက် သိသိသာသာ ပိုများလာမှာဖြစ်ပြီး ပစ်မှတ်တွေကို တိတိကျကျနဲ့ လျင်လျင်မြန်မြန် တိုက်ခိုက်နိုင်စွမ်းရှိလာမှာ ဖြစ်ပါတယ်။

အမေရိကန်ရေတပ်အနေနဲ့ အသံနှုန်းလွန်ဒုံးကျည်အမြောက်အမြား ထုတ်လုပ်တပ်ဆင်တဲ့အဆင့်အထိ ကူးပြောင်းလာတာဟာ ခေတ်မီစစ်ပွဲတွေမှာ အသာစီးရဖို့ ကြိုးပမ်းတာဖြစ်သလို ရေတပ်ရဲ့အဓိကတိုက်ခိုက်ရေးအင်အားစုလည်း ဖြစ်လာမှာဖြစ်ပါတယ်။ **Ref: IE**

ကိုထက်

# ကမ္ဘာ့ပထမဆုံးအဖြစ် လောင်စာအရည်သုံး Ramjet အမြောက်ကျည်ကို အောင်မြင်စွာပစ်ခတ်စမ်းသပ်နိုင်

အမေရိကန်နဲ့ ဗြိတိန်ကုမ္ပဏီတွေက ပူးပေါင်းပြီး ကမ္ဘာ့ပထမဆုံးအဖြစ် လောင်စာအရည်သုံး Ramjet အမြောက်ကျည်ကို ၁၅၅ မီလီမီတာအမြောက်နဲ့ အောင်မြင်စွာစမ်းသပ်ပစ်ခတ်နိုင်ခဲ့ပါတယ်။ ဒီနည်းပညာဟာ အမြောက်ကျည်တွေရဲ့ ပစ်ခတ်နိုင်တဲ့အကွာအဝေးကို အရင်ကထက် ပိုမိုရောက်ရှိအောင် လုပ်ဆောင်ပေးနိုင်မှာပါ။



အဲဒီစနစ်ရဲ့ထူးခြားချက်က အမြောက်ကျည်ကို ပစ်လွှတ်လိုက်တဲ့အခါ လေထဲမှာတင် အပြင်မှလေကိုစုပ်ယူပြီး လောင်စာအရည်နဲ့ပေါင်းစပ်ကာ အရှိန်ကိုဆက်တိုက်မြှင့်တင်ပေးတာပဲဖြစ်ပါတယ်။ ဒီစမ်းသပ်မှုမှာ ပစ်မှတ်ကို တိကျမှုရှိစွာထိမှန်ခဲ့ပြီး သမားရိုးကျအမြောက်ကျည်ထက် အဆပေါင်းများစွာပိုဝေးတဲ့နေရာအထိ ရောက်အောင်ပစ်နိုင်တာကို သက်သေပြနိုင်ခဲ့ပါတယ်။

အခုစမ်းသပ်ပစ်ခတ်မှုက လက်ရှိအသုံးပြုနေတဲ့ အမြောက်စနစ်တွေကို အကြီးစားအဆင့်မြှင့်တင်ဖို့ လမ်းစဖွင့်ပေးလိုက်တာလည်းဖြစ်ပါတယ်။ ဒီနည်းပညာကြောင့် နောင်တစ်ချိန်မှာ အမြောက်တပ်ဖွဲ့အနေနဲ့ ရန်သူနဲ့ အလှမ်းဝေးတဲ့နေရာကနေ ဘေးကင်းလုံခြုံမှုရှိစွာ တိုက်ခိုက်နိုင်စွမ်းရှိလာတော့မှာပါ။ အခုအောင်မြင်မှုကို လက်တွေ့အသုံးပြုနိုင်ဖို့အတွက် ဆက်လက်ဆောင်ရွက်သွားမယ်လို့သိရပါတယ်။ **Ref: IE**

ကိုထက်

# အမေရိကန်၏ ခြိမ်းခြောက်မှုများကို တုံ့ပြန်ရန် ရုရှားက ကျူးဘားအား ကူညီမည်ဟု ကတိပြု

**မော်စကို၊ နိုင်ငံရေး**

အမေရိကန်၏ ခြိမ်းခြောက်မှုများနှင့် စီးပွားရေးအကျပ်ကိုင်မှုများကို ကျူးဘားနိုင်ငံအနေဖြင့် ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရန် ရုရှားနိုင်ငံက အပြည့်အဝကူညီပံ့ပိုးပေးမည်ဟု ကတိပြုလိုက်ကြောင်းသိရသည်။ ယခုကဲ့သို့ ထုတ်ဖော်ပြောဆိုမှုသည် နှစ်နိုင်ငံကြား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ရန်နှင့် အမေရိကန်၏ပိတ်ဆို့အရေးယူမှုများအပေါ် တုံ့ပြန်ရန်ရည်ရွယ်ခြင်းဖြစ်သည်။

ကျူးဘားနိုင်ငံအပေါ် ချမှတ်ထားသည့် အမေရိကန်၏ပိတ်ဆို့မှုများသည် တရားမဝင်ကြောင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခက်အခဲများကို ဖြစ်ပေါ်စေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဝေဖန်ထားသည်။ ထို့ကြောင့် ရုရှားနိုင်ငံအနေဖြင့် ကျူးဘားနိုင်ငံ၏ စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးရေးနှင့် စီးပွားရေးတည်ငြိမ်ရေးတို့အတွက် လိုအပ်သည့်အကူအညီများဆက်ပေးသွားမည်ဖြစ်ကြောင်း အတည်ပြုထားသည်။ လက်ရှိ ရုရှားနှင့်ကျူးဘားတို့သည် စစ်ရေးနှင့်နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

**Ref: ST**

# ၂၀၂၆ ခုနှစ် နှစ်လယ်ပိုင်းတွင် အယ်နီညိုဖြစ်ပေါ်နိုင်ခြေ ပိုမိုမြင့်မားလာကြောင်း WMO ထုတ်ပြန်



**ဂျီနီဗာ၊ ရာသီဥတု**

၂၀၂၆ ခုနှစ် နှစ်လယ်ပိုင်းတွင် အယ်နီညို (El Nino) ရာသီဥတုဖြစ်စဉ်စတင်ဖြစ်ပေါ်လာနိုင်ပြီး ကမ္ဘာ့အပူချိန်နှင့် မိုးရွာသွန်းမှုပုံစံအပေါ် သက်ရောက်မှုရှိနိုင်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ (WMO) က ဧပြီ ၂၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။ ပစိဖိတ်သမုဒ္ဒရာ၏ အီကွေတာအနီးရှိ ပင်လယ်ရေမျက်နှာပြင်အပူချိန်များ လျင်မြန်စွာမြင့်တက်နေခြင်းကြောင့် မေလမှ ဇူလိုင်လအတွင်း အယ်နီညိုအခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်ခြေ မြင့်မားနေခြင်းဖြစ်သည်။

ထိုရာသီဥတုဖြစ်စဉ်ကြောင့် လာမည့်သုံးလတာကာလအတွင်း ကမ္ဘာ့ကုန်းမြေဒေသအများစုတွင် ပုံမှန်ထက်ပိုသောအပူချိန်များဖြစ်ပေါ်နိုင်ပြီး ဒေသအလိုက် မိုးရွာသွန်းမှုပုံစံများလည်း ပြောင်းလဲနိုင်ကြောင်း ခန့်မှန်းထားသည်။ ယခုနှစ်အစပိုင်းတွင် ရာသီဥတုအခြေအနေမှာ ပုံမှန်အဆင့်၌သာရှိသော်လည်း လက်ရှိတွက်ချက်မှုများအရ အယ်နီညိုဖြစ်ပေါ်ရန် သေချာသလောက်ရှိနေပြီး နောက်ပိုင်းလများတွင် ပိုမိုပြင်းထန်လာနိုင်ကြောင်း WMO ၏ရာသီဥတုခန့်မှန်းချက်ဆိုင်ရာ အကြီးအကဲကပြောသည်။

အယ်နီညိုဖြစ်စဉ်သည် ပုံမှန်အားဖြင့် ၂ နှစ်မှ ၇ နှစ်လျှင် တစ်ကြိမ်ဖြစ်ပွားလေ့ရှိပြီး ၉ လမှ ၁၂ လအထိ ကြာလေ့ရှိကာ ကမ္ဘာ့ရာသီဥတုကို ပူနွေးစေသော သက်ရောက်မှုရှိသည်။ အဆိုပါဖြစ်စဉ်သည် တောင်အမေရိကတောင်ပိုင်းနှင့် အမေရိကတောင်ပိုင်းဒေသတို့တွင် မိုးများစေနိုင်သော်လည်း အာရှတောင်ပိုင်းဒေသအချို့တွင် မိုးခေါင်ရေရှားမှုကို ဖြစ်ပေါ်စေသည်။ အပူလှိုင်းဖြတ်ခြင်းနှင့် မိုးသည်းထန်စွာရွာခြင်းကဲ့သို့သော ပြင်းထန်သည့် မိုးလေဝသအခြေအနေများလည်းဖြစ်ပေါ်နိုင်သည်။ **Ref: Xinhua**

# တရုတ်နိုင်ငံခြားရေးဝန်ကြီး၏ ထိုင်းနိုင်ငံခရီးစဉ်အတွင်း ကဏ္ဍ ၅ ရပ်ကို အဓိကထားဆွေးနွေး

**ဘန်ကောက်၊ သံတမန်ရေး**

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ဧပြီ ၂၄ ရက်တွင် ထိုင်းနိုင်ငံသို့ချစ်ကြည်ရေးခရီးရောက်ရှိလာပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် အနူတင်ချန်ဝီရာကူနှင့်တွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်ကြောင်းသိရသည်။ ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ထိုင်းနိုင်ငံနှင့်တရုတ်နိုင်ငံတို့ကြား ဆက်ဆံရေးတိုးမြှင့်ရေး၊ အဆင့်မြင့်အရာရှိကြီးများအပြန်အလှန်ချစ်ကြည်ရေးခရီးသွားလာခြင်း၊ ထိုင်း-ကမ္ဘောဒီးယားဆက်ဆံရေးအခြေအနေ၊ လုံခြုံရေးနှင့်နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများနှိမ်နင်းရေး၊ ပူးတွဲလုပ်ငန်းများလုပ်ဆောင်ခြင်းမှတစ်ဆင့် ခိုင်မာသောပူးပေါင်းဆောင်ရွက်မှုတည်ဆောက်ရေးဟူသည့် ကဏ္ဍ ၅ ရပ်ကို အဓိကထားဆွေးနွေးခြင်းဖြစ်သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးသည် အရှေ့တောင်အာရှသုံးနိုင်ငံခရီးစဉ်အဖြစ် ကမ္ဘောဒီးယားနိုင်ငံပြီးနောက် ထိုင်းနိုင်ငံသို့ရောက်ရှိလာခြင်းဖြစ်ပြီး ယင်းနောက်တွင် မြန်မာနိုင်ငံသို့လာရောက်မည်ဖြစ်ကြောင်းသိရသည်။

**Ref: NT**

# ဥရောပခေါင်းဆောင်များက အရှေ့အလယ်ပိုင်းပဋိပက္ခကို အပြီးတိုင်အဆုံးသတ်ရန် တိုက်တွန်း

**နီကိုးရှား၊ ငြိမ်းချမ်းရေး**

ဥရောပသမဂ္ဂ (EU) ခေါင်းဆောင်များသည် ဆိုက်ပရပ်နိုင်ငံရှိ နီကိုးရှားမြို့တွင် ပြုလုပ်သော အစည်းအဝေးတစ်ခု၌ အရှေ့အလယ်ပိုင်းစစ်ပွဲကို အမြဲတမ်းအဆုံးသတ်နိုင်ရေးအတွက် သံတမန်ရေးရာနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းရန် ဧပြီ ၂၄ ရက်တွင်တိုက်တွန်းလိုက်သည်။

အဆိုပါအစည်းအဝေးအပြီးတွင်ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလီယန်က ယာယီအပစ်အခတ်ရပ်စဲဖြင့် မလုံလောက်ဘဲ အမြဲတမ်းငြိမ်းချမ်းရေးလမ်းစကို ဖော်ဆောင်ရန်လိုနေပြီဖြစ်ကြောင်း၊ ဥရောပသမဂ္ဂ၏ ဘုံရည်မှန်းချက်မှာ စစ်ပွဲကိုအပြီးတိုင်အဆုံးသတ်ရန်ဖြစ်ပြီး ဟော်မုဇ်ရေလက်ကြားအတွင်း လွတ်လပ်စွာရေကြောင်းသွားလာခွင့်ကို အပြည့်အဝနှင့် အမြဲတမ်းပြန်လည်ရရှိရေးတို့ပါဝင်ကြောင်း ပြောသည်။ **Ref: Xinhua**

# ဂျပန်အရှေ့မြောက်ပိုင်းရှိ တောမီးကြောင့် လူ ၂၆၀၀ ခန့် ဘေးလွတ်ရာရွှေ့ပြောင်းနေရ



**တိုကျို၊ သဘာဝဘေး**

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း အီဝါတေးစီရင်စုတွင်လောင်ကျွမ်းနေသော တောမီးသည် ယခုအချိန်အထိ ထိန်းချုပ်နိုင်ခြင်းမရှိသေးဘဲ ဧပြီ ၂၄ ရက် နံနက်ပိုင်းအထိ ဟက်တာပေါင်း ၁၂၀၀ နီးပါးကို ကူးစက်လောင်ကျွမ်းလျက်ရှိကြောင်းနှင့် ပြည်သူ ၂၆၀၀ ခန့်မှာ ဘေးလွတ်ရာသို့ထွက်ပြေးတိမ်းရှောင်နေရကြောင်း သိရသည်။

ထိုတောမီးသည် ဧပြီ ၂၂ ရက်တွင် အိုဆူချီမြို့ရှိ တောင်တန်းဒေသ၌ စတင်ခြင်းဖြစ်ပြီး ယနေ့အထိ လူနေအိမ်များအပါအဝင် အဆောက်အအုံရှစ်လုံးကို ဖျက်ဆီးထားပြီးဖြစ်သည်။ တောမီးကြောင့် အိုဆူချီမြို့လူဦးရေ လေးပုံတစ်ပုံခန့်ကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန် တာဝန်ရှိသူများက အမိန့်ထုတ်ပြန်ထားသည်။

တောမီးငြိမ်းသတ်ရန် အီဝါတေးစီရင်စုအစိုးရနှင့် ကာကွယ်ရေးတပ်ဖွဲ့မှ ရဟတ်ယာဉ်များဖြင့် ရေပက်ဖျန်းခြင်းများလုပ်ဆောင်နေသည့်အပြင် အိမ်နီးချင်းစီရင်စုငါးခုမှ မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း အကူအညီတောင်းထားရသည်။ ထို့ပြင် ဧပြီ ၂၀ ရက်တွင် ဂျပန်အရှေ့မြောက်ပိုင်း ကမ်းလွန်ပင်လယ်ပြင်၌လှုပ်ခတ်သည့် အင်အားပြင်းငလျင်ကြောင့် အီဝါတေးအပါအဝင် စီရင်စုခုနစ်ခုရှိ မြို့နယ်ပေါင်း ၁၈၂ ခုကို ငလျင်အန္တရာယ် သတိပေးချက်ထုတ်ပြန်ထားသည်။ ထို့ကြောင့် တောမီးငြိမ်းသတ်နေစဉ် ငလျင်အန္တရာယ်ကိုပါ ထပ်မံသတိပြုရန်လိုအပ်နေကြောင်း ဂျပန်မိုးလေဝသဌာနကသတိပေးထားသည်။ **Ref: Xinhua**

# အီရန်နိုင်ငံခြားရေးဝန်ကြီး၏ ပါကစ္စတန်ခရီးစဉ်ကြောင့် အမေရိကန်နှင့်ဆွေးနွေးပွဲ ပြန်လည်စတင်နိုင်ဖွယ်ရှိ

**အစ္စလာမ်မာဘတ်၊ နိုင်ငံရေး**

အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်အာရတ်ချီ၏ ဧပြီ ၂၄ ရက် ပါကစ္စတန်နိုင်ငံခရီးစဉ်ကြောင့် ယခုသီတင်းပတ်အစောပိုင်းက ပျက်ပြယ်သွားသည့် အမေရိကန်နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ဖွယ်ရှိသည့်မျှော်လင့်ချက်များ ထွက်ပေါ်လာနေကြောင်းသိရသည်။ အဆိုပါခရီးစဉ်တွင် အမေရိကန်နှင့်ဆွေးနွေးမှုလုပ်မည့်အကြောင်းကို အီရန်နိုင်ငံပိုင်မီဒီယာများက ထည့်သွင်းဖော်ပြထားခြင်း မရှိသော်လည်း ပါကစ္စတန်အစိုးရ သတင်းရင်းမြစ်များကမူ ၎င်းခရီးစဉ်သည် ဆွေးနွေးပွဲများ ပြန်စမည့် အချက်ပြမှုဖြစ်နိုင်ကြောင်း ပြောဆိုလျက်ရှိသည်။

အလားအလာရှိသော ဆွေးနွေးပွဲများအတွက် အမေရိကန်ဘက်မှ လုံခြုံရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးအဖွဲ့တစ်ခုသည်လည်း ပါကစ္စတန်သို့ကြိုတင်ရောက်ရှိနေပြီဖြစ်သည်။ သမ္မတရုံး၏အတည်ပြုချက်ကို စောင့်ဆိုင်းနေရဆဲဖြစ်သော်လည်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ပိဟက်ဆက်ကအီရန်အနေဖြင့် အမေရိကန်နှင့် ကောင်းမွန်သော သဘောတူညီချက်တစ်ရပ်ရယူနိုင်မည့်အခွင့်အရေးရှိကြောင်း သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။

အမေရိကန်အစိုးရက အီရန်နှင့်အပစ်အခတ်ရပ်စဲရေးကို အချိန်ထပ်မံတိုးမြှင့်ပေးထားပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်စတင်နိုင်မည့်မျှော်လင့်ချက်ကြောင့် ကမ္ဘာ့ရေနံဈေးနှုန်း ပြန်လည်ကျဆင်းလာကြောင်း သိရသည်။ **Ref: AGC**



# စဉ့်ကိုင်မြို့နယ်၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပ



**စဉ့်ကိုင် ဧပြီ ၂၄**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်သီဂီအောင်သည် စဉ့်ကိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ဧပြီလ ၂၃ ရက် နံနက်ပိုင်းတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပသည်။

ရှေးဦးစွာ တွေ့ဆုံပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်သီဂီအောင်က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများတွင်တောင်သူများအား ချေးငွေမြှင့်တင်ထုတ်ချေးပေးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ စဉ့်ကိုင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍စီမံကိန်းလုပ်ငန်းများ လျာထားတင်ပြ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်က စဉ့်ကိုင်မြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်အောင် ကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် မြို့နယ်၏ ဒေသဆိုင်ရာအချက်အလက်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် တက္ကသိုလ်/ကောလိပ်များမှ ပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနနှင့်သက်ဆိုင်သည့် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**



# လပွတ္တာမြို့နယ်၌ အသေးစားလျှပ်စစ်ဓာတ်အားပေးစနစ် ဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

လပွတ္တာ ဧပြီ ၂၄

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကန်ဘက်ကျေးရွာ၌ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP)ဖြင့် အသေးစားလျှပ်စစ်ဓာတ်အားပေးစနစ် (Mini-Grid) ဆောင်ရွက်နေမှုအခြေအနေအား ဧပြီလ ၂၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများအား တာဝန်ရှိသူများက လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ကျေးရွာတွင်းလမ်းမီးတိုင်များနှင့် လူနေအိမ်များ၌ ဓာတ်အားလိုင်းသွယ်တန်းထားရှိမှုများနှင့် ဓာတ်အားဖြန့်ဖြူးသုံးစွဲနေမှု အခြေအနေများအား ရှင်းလင်းပြသသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်က ကျေးရွာပြည်သူများအား အကျိုးရှိစွာတန်ဖိုးထား၍ စွမ်းအင်ချွေတာသုံးစွဲကြရန် အကြံပြုမှာကြားသည်။

အဆိုပါကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် အသေးစားလျှပ်စစ်ဓာတ်အားပေးစနစ် (Mini–Grid) စီမံကိန်းဖြင့် လျှပ်စစ်မီးအား ကျေးရွာပြည်သူများ ၂၄ နာရီ အချိန်ပြည့်သုံးစွဲနိုင်သည့်အတွက်ကြောင့် ကျေးရွာ၏ အသေးစားစက်မှုလက်မှုလုပ်ငန်းများဖြစ်သည့်ကုန်ထုတ်လုပ်ငန်းများ၊ ဝပ်ရှော့လုပ်ငန်းများ၊ ဂဟေဆက်လုပ်ငန်းများ၊ ကွန်ပျူတာဆိုင်လုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများနှင့် မုန့်မျိုးစုံလုပ်ငန်းများအား ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**တေဇာလင်း**

# လုပ်ခိုက်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ကွန်ဟိန်း ဧပြီ ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ရက် ၁၀၀ စီမံချက်ဖြင့် ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရန်အတွက် ဧပြီလ ၂၄ ရက် နံနက်ပိုင်းတွင် ဝမ်ပတ်ကျေးရွာအုပ်စု လုပ်ခိုက်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ရက်ပေါင်း ၁၀၀ အတွင်း အပြီးသတ်ဆောင်ရွက်နိုင်ရေး မြေပြင်အကြို ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ကွန်ဟိန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက လုပ်ခိုက်ကျေးရွာ၌အရှည် ၁ မိုင် ၁ ဖာလုံရှိ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် လျာထားသည့်အခြေအနေများကို မြေပြင်တိုင်းတာစစ်ဆေးသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက ကျေးရွာသူ/ကျေးရွာသားများနှင့်တွေ့ဆုံ၍ ရက် ၁၀၀ စီမံချက်အတွင်း အကြိုကွင်းဆင်းစစ်ဆေးမှုများ လျင်မြန်စွာဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများကို သတ်မှတ်ရက်အတွင်း အကောင်အထည်ဖော်နိုင်မည်ဖြစ်ကာ ကျေးရွာ၏ လူသားအရင်းအမြစ်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူပြုမည်ဖြစ်ကြောင်းရှင်းလင်းပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

အဆိုပါ လုပ်ခိုက်ကျေးရွာရှိအိမ်ခြေ ၃၂၅ အိမ်၊ လူဦးရေ ၂၁၆၅ ဦးတို့အတွက် သန့်ရှင်းသော သောက်သုံးရေ ရာသီမရွေး ရရှိစေမည့်ရေရရှိရေးလုပ်ငန်းများကို ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေကျပ်သိန်း ၃၅၀ ဖြင့် ရက်ပေါင်း ၁၀၀ အတွင်း အပြီးသတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**



အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့်ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓာတ်ဆားဓာတ်များဆုံးရှုံးမှုပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါစသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင်အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ။

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို ရှောင်ကြဉ်ပါ။

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ။

(၄) အလင်းပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့သောပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ။

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသော အခန်းနှင့်ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်းတို့ကိုရှောင်ကြဉ်ပါ။

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

(၉) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာတွင်ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ ဆေးခန်း/ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက် ပြသ၍ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**
**(မတ်လ၊ ၂၀၂၆)**

# ငဖဲမြို့၌စိုက်ပျိုးထားသော ပန်းစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း

ငဖဲ ဧပြီ ၂၄

မကွေးတိုင်းဒေသကြီး ငဖဲမြို့ အရှေ့ဘက် လယ်မြေတွင် မြေအောက်ရေကို အသုံးပြု၍ ကိုရီးယားဂျူး၊ အိုဆာမရမ်း၊ ဂန္ဓမာပန်းများစိုက်ပျိုးထားရာ ပန်းခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။



စိုက်ပျိုးထားသည့်ပန်းမျိုးမှာ ကိုရီးယားဂျူး၊ အိုဆာမရမ်းနှင့် ကြယ်တာရာဂန္ဓမာပန်းမျိုးဖြစ်သည်။ ပန်းစိုက်ပျိုးရာတွင်မြေနေရာအား ထယ်နှစ်စပ်ထိုး၍ စိုက်ပေါင်များပြုလုပ်ကာ သဘာဝနွားချေးဆွေးများကို ထည့်သွင်းပြီး ပျိုးပင်များကို တန်းကြား ၂၄ လက်မ၊ ပင်ကြား ၁၂ လက်မထား၍ နေ့စဉ်ရေသွင်းပေးသည်။

ပန်းပင်စိုက်ပျိုးပြီး ပထမတစ်လအတွင်း တစ်ပတ်နှစ်ကြိမ် ရေဝအောင်သွင်းပေးရမည်ဖြစ်သော်လည်း တစ်လကျော်ပါက တစ်ပတ်တစ်ကြိမ်သာ ရေသွင်းရမည်ဖြစ်သည်။

ထို့ပြင် နွေရာသီတွင် စိုက်ပျိုးရောင်းချသည့်ပန်းဖြစ်၍ တစ်ပတ်လျှင် သုံးကြိမ်ခန့် ရေသွင်းပေးရသည်၊ ပန်းပင်များ စိုက်ပျိုးပြီး နှစ်လခန့်ကြာချိန်တွင် ပန်းများခူးဆွတ်၍ ရောင်းချနိုင်ပြီဖြစ်ကြောင်းပန်းစိုက်ပျိုးရောင်းချသူများကပြောသည်။

ငဖဲမြို့နယ်၌ နွေသီးနှံများစိုက်ပျိုးရာသီတွင် မန်းချောင်းရေလှောင်တမံဆည်ရေ၊ မြေအောက်ရေ တို့ဖြင့် စပါး၊ နှမ်း၊ ပန်ဖူးစားပြောင်းများနှင့် ဂန္ဓမာပန်းများကို အများဆုံးစိုက်ပျိုးကြကြောင်းသိရသည်။

**မယု(ငဖဲ)**

# ငွေဆောင်ကမ်းခြေသို့ ယခုနှစ်လေးလတာကာလအတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည်နှစ်သိန်းကျော်ဝင်ရောက်



ပုသိမ် မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိငွေဆောင်ကမ်းခြေသို့ ယခုနှစ် လေးလတာကာလအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် နှစ်သိန်းကျော်ဝင်ရောက်ခဲ့ရာ ယခင်နှစ်ကထက် ခရီးသွားဧည့်သည်ဝင်ရောက်မှု သုံးဆခန့်မြင့်တက်လာကြောင်း ငွေဆောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးဦးဝင်းမင်းကို၏ပြောကြားချက်အရ သိရသည်။

ငွေဆောင်ကမ်းခြေသို့ လာရောက်အပန်းဖြေသူများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားခဲ့ကြောင်းနှင့် ခရီးသွားဝင်ရောက်မှုအများဆုံးအချိန်များမှာ ပွင့်လင်းရာသီနှင့် ရုံးပိတ်ရက်ရှည်များဖြစ်ကြောင်း သိရသည်။

ငွေဆောင်ကမ်းခြေ၌ ဟိုတယ်ပေါင်း ၃၈ လုံးရှိပြီး လည်ပတ်နေသည့် ဟိုတယ် ၃၂ လုံးနှင့် ကမ်းခြေဈေးဆိုင် ၄၀ နီးပါးရှိကြောင်း၊ ပုံမှန်ခရီးသွားရာသီရောက်ရှိလာပါက ငွေဆောင်ကမ်းခြေ၌ အပန်းဖြေလာရောက်လည်ပတ်သူများပြားပြီး ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာများ ပြည့်သွားသည့်အတွက် ကျေးရွာများ၌ပင် တည်းခိုရကြောင်း သိရသည်။

ထို့ပြင် ငွေဆောင်ကမ်းခြေ၌ လာရောက်လည်ပတ်သူများ စိတ်ချမ်းမြေ့စွာအပန်းဖြေနိုင်ရန် အစားအသောက်နှင့် ကျန်းမာရေးပိုင်းဆိုင်ရာများကိုလည်း စနစ်တကျဆောင်ရွက်ထားရှိကြောင်းနှင့် ငွေဆောင်ကမ်းခြေသို့ ခရီးသွားဝင်ရောက်မှုများပြားလာသဖြင့် ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းအတွက်လည်း များစွာအထောက်အကူဖြစ်စေကြောင်း သိရသည်။

ခန့်ခန့်

# မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် ဓာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ အထပ်မြင့်အဆောက်အအုံများတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ ဓာတ်တိုက်လေ့ကျင့်ခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်ခြင်းလုပ်ငန်းများကို မေလ ၂၃ ရက်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဃ်္ဃန်းကျွန်းခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုကြီးက တက်ရောက်လာကြသူများအား အသိပညာပေးဟောပြောသည်။

ထို့နောက် သက်ဆိုင်ရာမီးသတ်တပ်ဖွဲ့ဝင်များက အထပ်မြင့်အဆောက်အအုံများတွင် မီးဘေးအန္တရာယ်ကျရောက်လာပါက ကယ်ဆယ်ရေး၊ မီးငြှိမ်းသတ်ရေး၊ ပြည်သူများအား မီးလွတ်ရာသို့ ပို့ဆောင်ရေး၊ မီးငြှိမ်းသတ်ရေး လက်တွေ့သရုပ်ပြခြင်းတို့ကို တက်ရောက်လာကြသူများနှင့် လက်တွေ့ဓာတ်တိုက်လေ့ကျင့်ကြသည်။



အဆိုပါ လက်တွေ့မီးငြှိမ်းသတ်ခြင်း ဓာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနားသို့ သဃ်္ဃန်းကျွန်းခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမင်းကိုကို၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပြည်သူများ တက်ရောက်ကြောင်း သိရသည်။

ဇော်မိုး(သဃ်္ဃန်းကျွန်း)

# အိမ်မဲမြို့နယ်၌ စာဖတ်ရှုနိမြင့်တင်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

အိမ်မဲ မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် တကောကျေးရွာ ရိုးကြီးဝိသုဒ္ဓါရုံသာသနာ့ဗိမာန်၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တိုင်းရင်းဆေးကုဌာန၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှုနိမြင့်တင်ရေး အသိပညာပေးဟောပြောပွဲကို မေလ ၂၃ ရက်က ကျင်းပသည်။

ရှေးဦးစွာ အိမ်မဲမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဌေးဌေးလှိုင်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ လူကုန်ကူးမှုအန္တရာယ်အကြောင်း၊ အပူဒဏ်အန္တရာယ်အကြောင်းတို့ကိုလည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ဖြိုးသန္တာအောင်က နွေရာသီတွင် ဖြစ်ပွားတတ်သောရောဂါအကြောင်းကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဒေါ်ဇင်မာသန်းက စားသုံးရန်မသင့်သောအစားအစာများနှင့် online ဈေးရောင်းချခြင်းအကြောင်းအရာများကိုလည်းကောင်း အသီးသီးဟောပြောသည်။

ဆက်လက်၍ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ အဆိုပါကျေးရွာမှပြည်သူများအား တိုင်းရင်းဆေးဖြင့် ဆေးကုသပေးခြင်းနှင့် သောက်ဆေးများပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက သုတ/ရသရရှိစေမည့်စာအုပ်စာစောင်များ၊ လူကုန်ကူးမှုအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များကိုခင်းကျင်းပြသရာ တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြောင်း သိရသည်။

ချစ်သက်လယ်(အိမ်မဲပြန်/ဆက်)

# မုဒုံမြို့နယ်၌ ဒူးရင်းသီးများစတင်ထွက်ရှိချိန် အရောင်းသွက်သဖြင့် စိုက်ပျိုးသူများအဆင်ပြေ



မုဒုံ မေ ၂၄

မွန်ပြည်နယ် မုဒုံမြို့နယ်၌ လယ်ယာသီးနှံ၊ ဥယျာဉ်ခြံသီးနှံများနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ကာလရှည်သီးနှံတစ်မျိုးဖြစ်သည့် ဒူးရင်းသီးများ စတင်ထွက်ရှိချိန် အရောင်းသွက်သဖြင့် စိုက်ပျိုးသူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

မုဒုံမြို့နယ်၌ ဒူးရင်းပင်အမျိုးအစားပေါင်း ၂၀ ခန့်စိုက်ပျိုးကြပြီး မွန်ထောင်း၊ ချန်နီ၊ မလေးမျိုး (မူဆန်ကင်း)၊ ထိုင်းမျိုးတို့ကို ပျိုးပင်များနှင့် ကိုင်းဆက်ကိုင်းကူးနည်းဖြင့် အဓိကထားစိုက်ပျိုးကြသည်။ ဒူးရင်းပင်ကိုင်းဆက်မျိုးများသည် စိုက်ပျိုးပြီး သုံးနှစ်ခန့်အကြာတွင် အသီးစတင်ထွက်ရှိကြောင်း၊ ဒူးရင်းပင်တစ်ကေလျှင် ပင်ကြားတန်းကြားပေ ၃၀ ပတ်လည်စိုက်ပျိုးမည်ဆိုပါက ၄၈ ပင်၊ ၂၅ ပေ ပတ်လည်စိုက်ပျိုးမည်ဆိုပါက အပင် ၇၀ ခန့်အထိ စိုက်ပျိုးနိုင်ကြောင်း၊ အပင်များပိုးမွှားမကျစေရန်၊ သဘာဝဓာတ်မြေဩဇာထည့်သွင်းခြင်းလုပ်ငန်းများကို နည်းစနစ်တကျပြုလုပ်ရန်လိုကြောင်းနှင့် ယခုဒူးရင်းသီးများ စတင်ထွက်ရှိချိန် အမျိုးအစားပေါ်မူတည်၍ ဈေးနှုန်းအသီးသီးရှိကြောင်း သိရသည်။

မုဒုံမြို့နယ်ဒေသထွက်ဒူးရင်းသီးမျိုးကောင်းမျိုးသန့်များကို ပြည်တွင်း၊ ပြည်ပသို့တင်ပို့နိုင်ရန် ဒူးရင်းမျိုးများသုတေသနပြုစိုက်ပျိုးထားရှိခြင်း၊ သစ်သီးဝလံသုတေသန စိုက်ပျိုးရေးနည်းပညာများကို တောင်သူများထံဖြန့်ဝေပေးခြင်း၊ သီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများနှင့်ပူးပေါင်း၍ စိုက်ပျိုးရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)

# သစ်တောထိန်းသိမ်းရေး တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

ပေါင် မေ ၂၄

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မေလ ၂၃ ရက်က အခြေခံပညာမူလတန်းကျောင်း(ကန်ဖြူ)၌ ပြုလုပ်သည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ သထုံမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်း၊ ပေါင်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဇော်လွင်ဦးနှင့်ဝန်ထမ်းများ၊ သထုံခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသံစဉ်မှူးနှင့်ဝန်ထမ်းများ၊ သဲဖြူကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ သထုံမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသံစဉ်မှူးက Fire Hotspot ဖြစ်ပွားမှုလျှော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးခေါင်းစဉ်တို့ဖြင့် ဆွေးနွေးဟောပြောကြသည်။

ဆက်လက်၍ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး Video Clip ပြသခြင်းများပြုလုပ်ပြီး တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

# အက်ဖ်အေဖလားပြိုင်ပွဲ ပရီးမီးယားလိဂ်ပြိုင်ပွဲနှင့် စပိန်လာလီဂါပြိုင်ပွဲများ ပွဲကြိုသုံးသပ်ချက်




## မန်စီးတီး Vs ဆောက်သမ်တန်

**ကစားမည့် ရက် / အချိန်**

(၂၅-၄-၂၀၂၆ ရက် ည ၁၀:၄၅ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

ဆောက်သမ်တန် ၀ - ၀ မန်စီးတီး

မန်စီးတီး ၁ - ၀ ဆောက်သမ်တန်

ဆောက်သမ်တန် ၁ - ၄ မန်စီးတီး

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

မန်စီးတီး ဝေး (နိုင်) အိမ်(နိုင်) ဝေး(နိုင်)

ဆောက်သမ်တန် အိမ်(နိုင်) ဝေး(နိုင်) အိမ်(သရေ)

**ခန့်မှန်းရလဒ်**

**မန်စီးတီး** ၂ - ၀ ဆောက်သမ်တန်

ဒီရာသီဆုဖလားသုံးလုံးမျှော်လင့်ချက်အတွက် မန်စီးတီးအသင်းက အက်ဖ်အေဖလားပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တက်ရောက်ဖို့ အမှားခံမှာမဟုတ်ပါဘူး။ ပြိုင်ပွဲစုံနောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲရယူထားတဲ့ မန်စီးတီးအသင်းခြေစွမ်းပိုင်းကလည်း တည်ငြိမ်မှုအပြည့်ရှိနေပြီး ဆောက်သမ်တန်အသင်းကိုအနိုင်ရယူဖို့ကတော့ ခက်ခဲမှာမဟုတ်ပါဘူး။ မန်စီးတီးအသင်းတိုက်စစ်ပိုင်းကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ ဂိုးသွင်းအားပြန်လည်ကောင်းမွန်နေလို့ ဆောက်သမ်တန်အသင်းခံစစ်ပိုင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ မန်စီးတီးအသင်းအတွက် ချန်ပီယံလိဂ်ပြိုင်ပွဲကလည်း ထွက်ခွာခဲ့ရပြီဖြစ်လို့ ပြည်တွင်းပြိုင်ပွဲတွေဘက်ကို အပြည့်အဝအာရုံစိုက်နိုင်မှာပါ။ ဟာလန်း၊ ဆီမီညိုနဲ့ ဒိုကူတို့ဦးဆောင်နေတဲ့ မန်စီးတီးအသင်းတိုက်စစ်ပိုင်းကလည်း ထက်မြက်မှုရှိနေလို့ ဆောက်သမ်တန်အသင်းဘက်ကို ဂိုးသွင်းနိုင်ဖို့ခက်ခဲမှာမဟုတ်ပါဘူး။

ဆောက်သမ်တန်အသင်းက အာဆင်နယ်အသင်းကို ကျော်ဖြတ်ပြီး ဆီမီးဖိုင်နယ်အဆင့်တက်ရောက်လာနိုင်ခဲ့တယ်ဆိုပေမယ့် မန်စီးတီးအသင်းကိုတော့ ရင်ဆိုင်ဖို့ခက်ခဲမှာပါ။ ဆောက်သမ်တန်အသင်းက နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့တယ်ဆိုပေမယ့် ကစားသမားစုဖွဲ့မှုပိုင်းနဲ့ လက်ရှိခြေစွမ်းပိုင်းအရတော့ မန်စီးတီးအသင်းကို ပွဲချိန်ပြည့်ရင်ဆိုင်ဖို့ခက်ခဲမှာပါ။ ဆောက်သမ်တန်အသင်းခံစစ်ပိုင်းကလည်း ဂိုးသွင်းအားကောင်းနေတဲ့ မန်စီးတီးအသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ကတော့ ခက်ခဲမှာပါ။ ဆောက်သမ်တန်အသင်းက ချန်ပီယံရှစ်ပြိုင်ပွဲမှာလည်း တန်းတက်ခွင့်အတွက် အာရုံစိုက်နေလို့ အခုပြိုင်ပွဲကို အပြည့်အဝအာရုံစိုက်နိုင်မှာမဟုတ်ပါဘူး။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းကို ကြည့်မယ်ဆိုရင် မန်စီးတီးအသင်းက ၁၈ ကြိမ်အနိုင်ရရှိထားပါတယ်။ ဆောက်သမ်တန်အသင်းကတော့ လေးကြိမ်သာအနိုင်ရရှိပြီး ငါးကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ဒါကြောင့် တွေ့ဆုံမှုအပိုင်း၊ လက်ရှိခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုအပိုင်း အဘက်ဘက်ကအသာစီးမှာရှိနေတဲ့ မန်စီးတီးအသင်းပဲ အနိုင်ရယူပြီး ဗိုလ်လုပွဲအဆင့်ကို တက်ရောက်သွားပါလိမ့်မယ်။

## အာဆင်နယ် Vs နယူးကာဆယ်

**ကစားမည့် ရက် / အချိန်**

(၂၅-၄-၂၀၂၆ ရက် ည ၁၁:၀၀ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

နယူးကာဆယ် ၁ - ၂ အာဆင်နယ်

အာဆင်နယ် ၃ - ၂ နယူးကာဆယ်

အာဆင်နယ် ၁ - ၀ နယူးကာဆယ်

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

အာဆင်နယ် အိမ်(ရှုံး) အိမ်(သရေ) ဝေး(ရှုံး)

နယူးကာဆယ် အိမ်(ရှုံး) ဝေး(ရှုံး) အိမ်(ရှုံး)

**ခန့်မှန်းရလဒ်**

**အာဆင်နယ်** ၂ - ၁ နယူးကာဆယ်

လိဂ်နှစ်ပွဲဆက်ရှုံးနိမ့်ခဲ့ပြီး အဆင့်(၂)နေရာကျဆင်းခဲ့ရတဲ့ အာဆင်နယ်အသင်းအတွက် ချန်ပီယံဆုအတွက်ဆိုရင် လက်ကျန်ပွဲစဉ်တွေအားလုံးအနိုင်ရရှိဖို့လိုအပ်နေပါတယ်။ အာဆင်နယ်အသင်းက လက်ကျန်ပွဲစဉ်တွေအားလုံး အနိုင်ရရှိမယ်ဆိုရင်တောင် ချန်ပီယံဆုအတွက် အားပြိုင်နေရတဲ့ မန်စီးတီးအသင်းရလဒ်ပိုင်းကို ကြည့်ရမှာဖြစ်လို့ အခုအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရရှိအောင် ကြိုးစားရမှာပါ။ အာဆင်နယ်အသင်းရဲ့ ဒီရာသီလိဂ်အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင် ၁၆ ပွဲကစားပြီးချိန် ၁၂ ပွဲအနိုင်ရရှိပြီး နှစ်ပွဲသရေရလဒ်နဲ့ နှစ်ပွဲရှုံးနိမ့်ထားလို့ မန်စီးတီးအသင်းပြီးရင် အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်း အကောင်းဆုံးအသင်းအဖြစ်ရပ်တည်နေပါတယ်။ အာဆင်နယ်အသင်းလက်ကျန်ပွဲစဉ်တွေမှာ ရလဒ်တွေထပ်မံဆိုးရွားခဲ့မယ်ဆိုရင် ချန်ပီယံဆုလက်လွှတ်ရနိုင်တဲ့အခြေအနေကြောင့် လက်ကျန်ပွဲစဉ်တွေကို အကောင်းဆုံးပြင်ဆင်လာပါလိမ့်မယ်။ အခုပွဲစဉ် အာဆင်နယ်အသင်းတိုက်စစ်ပိုင်းမှာ အဓိကကစားသမား ဆာကာပြန်လည်ပါဝင်နိုင်ဖွယ်ရှိနေလို့ တိုက်စစ်ပိုင်းကတော့ ပိုမိုအားကောင်းနိုင်ပါတယ်။

နောက်ဆုံးကစားခဲ့တဲ့ လေးပွဲဆက်ရှုံးနိမ့်ထားတဲ့ နယူးကာဆယ်အသင်းရဲ့ ခြေစွမ်းပိုင်းက အတော်လေးဆိုးရွားနေပါတယ်။ နယူးကာဆယ်အသင်းအတွက် ဥရောပအဆင့်ပြိုင်ပွဲဝင်ခွင့်နဲ့လွဲချော်ဖို့နီးစပ်နေသလို တန်းဆင်းဇုန်ဖိအားလည်းမရှိတော့လို့ ဒီရာသီလက်ကျန်ပွဲစဉ်တွေမှာ ရမှတ်လိုအပ်ချက်မရှိတော့ဘဲ ဖိအားမရှိကစားရမှာပါ။ နယူးကာဆယ်အသင်းရဲ့ ဒီရာသီအဝေးကွင်းခြေစွမ်းပိုင်းကိုကြည့်မယ်ဆိုရင်လည်း ၁၆ ပွဲကစားပြီးချိန်မှာ လေးပွဲသာအနိုင်ရရှိပြီး လေးပွဲသရေရလဒ်နဲ့ ရှစ်ပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းဆိုရင် ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတာကို တွေ့ရမှာပါ။ ဒ့ါပြင် နယူးကာဆယ်အသင်းအဝေးကွင်းခံစစ်ပိုင်းကလည်း ၁၆ ပွဲမှာ ၂၁ ဂိုးပေးခဲ့ရတဲ့အထိ အမှားအယွင်းတွေများနေလို့ အခုပွဲစဉ်မှာလည်း အာဆင်နယ်အသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ဖို့လိုအပ်ချက်တွေရှိနေမှာပါ။



ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းကို ကြည့်မယ်ဆိုရင် အာဆင်နယ်အသင်းက ၂၄ ကြိမ်အနိုင်ရရှိထားပါတယ်။ နယူးကာဆယ်အသင်းကတော့ ခုနစ်ကြိမ်သာအနိုင်ရရှိပြီး သုံးကြိမ်သရေရလဒ်ထွက်ပေါ်ထားလို့ အာဆင်နယ်အသင်းက အပြတ်အသတ်အသာစီးမှာရှိနေပါတယ်။ ဒါကြောင့် ချန်ပီယံဆုအတွက် ရမှတ်လိုအပ်ချက်တွေရှိနေတဲ့ အာဆင်နယ်အသင်းပဲ အနိုင်ရမှာသေချာပါတယ်။

## ဂီတာဖေး Vs ဘာစီလိုနာ

**ကစားမည့် ရက် / အချိန်**

(၂၅-၄-၂၀၂၆ ရက် ည ၈:၄၅ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

ဘာစီလိုနာ ၃ - ၀ ဂီတာဖေး

ဂီတာဖေး ၁ - ၁ ဘာစီလိုနာ

ဘာစီလိုနာ ၁ - ၀ ဂီတာဖေး

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

ဂီတာဖေး အိမ်(နိုင်) ဝေး(ရှုံး) ဝေး(နိုင်)

ဘာစီလိုနာ အိမ်(နိုင်) ဝေး(နိုင်) အိမ်(နိုင်)

**ခန့်မှန်းရလဒ်**

ဂီတာဖေး ၁ - ၂ **ဘာစီလိုနာ**

ဂီတာဖေးအသင်းက ကွန်ဖရန့်လိဂ်ပြိုင်ပွဲဝင်ခွင့်မျှော်လင့်ချက်အတွက် ရမှတ်လိုအပ်ချက်ရှိနေတယ်ဆိုပေမယ့် ပြိုင်ဘက်အသင်းကလည်း လာလီဂါချန်ပီယံဆုအတွက်ကြိုးပမ်းနေတဲ့ ဘာစီလိုနာအသင်းဖြစ်နေလို့ အိမ်ကွင်းဆိုပေမယ့် ခက်ခဲနေမှာပါ။ ဂီတာဖေးအသင်းက ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ဘာစီလိုနာအသင်းနဲ့တွေ့ဆုံတိုင်း ရှုံးကန်နေရလို့ အခုပွဲစဉ်မှာလည်း ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ဖို့ ခက်ခဲနေမှာပါ။ ဂီတာဖေးအသင်းရဲ့ ဒီရာသီ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင် ၁၅ ပွဲကစားပြီးချိန်မှာ ခြောက်ပွဲနိုင်၊ သုံးပွဲသရေနဲ့ ခြောက်ပွဲရှုံးရလဒ်ပိုင်ဆိုင်ထားလို့ စွမ်းဆောင်ရည်ပိုင်းက သာမန်အနေအထားမှာပဲရှိတာကို တွေ့ရမှာပါ။

ဘာစီလိုနာအသင်းကတော့ ရီးယဲလ်မက်ဒရစ်အသင်းကို ရမှတ်ကိုးမှတ်ဖြတ်တောက်ပြီး အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတယ်ဆိုပေမယ့် ချန်ပီယံဆုအတွက် ရမှတ်လိုအပ်နေသေးလို့ အမှားခံမှာမဟုတ်ပါဘူး။ ဘာစီလိုနာအသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းကလည်း အကောင်းဆုံးပုံစံမှာရှိနေလို့ အဝေးကွင်းဆိုပေမယ့် ဂီတာဖေးအသင်းကို ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးကစားနိုင်မှာပါ။ ဘာစီလိုနာအသင်းရဲ့ ဒီရာသီအဝေးကွင်းခြေစွမ်းပိုင်းကို ကြည့်မယ်ဆိုရင် ၁၅ ပွဲကစားပြီးချိန်မှာ ၁၀ ပွဲအနိုင်ရရှိထားပြီး တစ်ပွဲသရေရလဒ်နဲ့ လေးပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းအကောင်းဆုံးအသင်းအဖြစ်ရပ်တည်နေတာကို တွေ့ရမှာပါ။ ဘာစီလိုနာအသင်းတိုက်စစ်ပိုင်းမှာ ယာမယ်ဒဏ်ရာကြောင့် ပါဝင်နိုင်ခြင်းမရှိဘူးဆိုပေမယ့် လီဝန်ဒေါစကီးနဲ့ ဖာရန်တောရက်တို့ရှိနေလို့ ဂီတာဖေးအသင်းခံစစ်ပိုင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ ဘာစီလိုနာအသင်းက ဂီတာဖေးအသင်းနဲ့ နောက်ပိုင်းတွေ့ဆုံမှုတွေမှာလည်း အမြဲအသာစီးရရှိထားလို့ အခုပွဲစဉ်မှာလည်း အသာစီးရယူနိုင်မှာပါ။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းကို ကြည့်မယ်ဆိုရင် ဘာစီလိုနာအသင်းက ၂၂ ကြိမ်အနိုင်ရရှိထားပါတယ်။ ဂီတာဖေးအသင်းကတော့ နှစ်ကြိမ်အနိုင်ရရှိပြီး ခုနစ်ကြိမ်သရေရလဒ်ထွက်ပေါ်ထားလို့ ဘာစီလိုနာအသင်းက အပြတ်အသတ်အသာစီးရရှိထားတာကိုတွေ့ရမှာပါ။ ဒါကြောင့် အဝေးကွင်းဆိုပေမယ့် ချန်ပီယံဆုအတွက် ရမှတ်လိုအပ်ချက်ရှိနေပြီး ခြေစွမ်းပိုင်းမှာလည်း အသာစီးမှာရှိနေတဲ့ ဘာစီလိုနာအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**စည်သူအောင်**

# သာစည်မြို့နယ်၌ မော်တော်ယာဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးတွင် ရပ်တန့်ထားသောယာဉ်အား တိုက်မိ၍ အမျိုးသားတစ်ဦးသေဆုံး

နေပြည်တော် ဧပြီ ၂၄

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ ဧပြီလ ၂၃ ရက်နေ့က မော်တော်ယာဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးတွင် ရပ်တန့်ထားသော ယာဉ်အားတိုက်မိ၍ အမျိုးသားတစ်ဦး သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီလ ၂၃ ရက်နေ့ နံနက် ၄ နာရီခွဲအချိန်တွင် သာစည်မြို့နယ်၊ သစ်ပုလွေကျေးရွာအဝင် မိတ္ထီလာ-တောင်ကြီးကားလမ်း မိုင်တိုင်အမှတ် ၅၂ မိုင် ၅ ဖာလုံနှင့် ၆ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ယင်းမာပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပြင်ဦးလွင်မြို့နယ်၊ ကျားတွင်းရေကျေးရွာနေ ဇေယျာအောင်(ခ)ငအောင်(၂၆)နှစ်မောင်းနှင်ပြီး ထီးလင်းမြို့နယ်၊ မင်းလယ်ကျေးရွာနေ အောင်ကျော်မြင့်(၂၃)နှစ် လိုက်ပါလာသော MDY 6G/xxxx NISSAN ၁၂ ဘီးယာဉ်သည် တောင်ကြီးမြို့မှ မိတ္ထီလာမြို့သို့ မောင်းနှင်လာစဉ်အခင်းဖြစ်နေရာ လမ်းကွေ့အရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ဘေးတွင် အချက်ပြမီးဖွင့်ပြီး ရပ်တန့်၍လေအိတ်ပြုပြင်နေသည့် MDY-10 4P/xxxx မှန်လုံယာဉ်၏ ဝဲဘက်ခြမ်းအား တိုက်မိခဲ့ပြီး တောင်ကမ်းပါးနံရံအား ထပ်မံတိုက်မိခဲ့သဖြင့် ဇေယျာအောင်(ခ)ငအောင်တွင်ဒဏ်ရာများရရှိကာသေဆုံးသွားခဲ့သောကြောင့် ဇေယျာအောင်(ခ)ငအောင်အား ယင်းမာပင်နယ်မြေရဲစခန်းယာဉ်(ပ)၅/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၄-က ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)





# မော်လမြိုင်မြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် ထောက်ပံ့မှုပေးခြင်း အခမ်းအနားဆောင်ရွက်



မော်လမြိုင် ဧပြီ ၂၄

မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက် (မော်လမြိုင်) ပြည်သူ့ဆေးရုံကြီးတွင် မွန်ပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့်ထောက်ပံ့မှုပေးခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မော်လမြိုင်မြို့နယ်အတွင်းရှိအငြိမ်းစားဝန်ထမ်းများ စုစုပေါင်းအင်အား ၂၀၀ ဦးခန့် တက်ရောက်သည်။

အခမ်းအနားတွင်ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက အခြေခံစားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးဆောင်ရွက်ပေးနေမှုအခြေအနေများအား လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၀၆)

# ရေနည်းမည့်သတိပေးချက်

နေပြည်တော် ဧပြီ ၂၄

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ မုံရွာမြို့တွင် ၉၈ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်ခုနစ်ရက်အတွင်း လက်ရှိရေမှတ်အောက် ၂ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၁၀၀ စင်တီမီတာအောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

(မိုး/ဇလ)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၈˚c | / | ၄၀˚c |
| ရန်ကုန် | ၂၆˚c | / | ၃၉˚c |
| မန္တလေး | ၂၈˚c | / | ၄၃˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့


# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဧပြီ ၂၄

ယနေ့မွန်းလွဲ ၁ နာရီ ၃၃ မိနစ် ၁၁ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၈၃ မိုင်ခန့်ကွာဝေးသော(မြန်မာ့ပင်လယ်ပြင်၊ ဖျာပုံမြို့၏အရှေ့တောင်ဘက် ၇၂ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၅ ဒသမ ၇၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၅၉ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာ ကိုဗဟိုပြု၍ ပမာဏ ၄ . ၁ (M)အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့၊ မြန်မာစံတော်ချိန် (၁၃)နာရီ၊ (၃၃)မိနစ် (၁၁)စက္ကန့်အချိန်တွင် လှုပ်ရှားခဲ့သော မြေငလျင်ဗဟိုချက်ပြမြေပုံ




**ပျောက်ဆုံးကြောင်း**
တောင်တွင်းကြီးမြို့နယ်နေ အောင်မိုးသူ(ဘ) ဦးအောင်နေလင်း ၈/တတက(နိုင်)၂၂၃၆၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
စံပါယ်သင်း(ဘ)ဦးဝွမ်အင် ၁၂/လမန(နိုင်) ၁၅၃၇၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၄၂၃၄၁၈

**ပျောက်ဆုံးကြောင်း**
တိုးတိုးဝင်း(ဘ)ဦးဝင်းလွင် ၉/တသန(နိုင်) ၂၅၈၂၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၄၄၀၆၉၅၂

**ပျောက်ဆုံးကြောင်း**
နော်ဘဲလာရီ(ဘ)စောရစ်ချက် ၁၄/ပသန(နိုင်)၀၁၇၉၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၇၉၉၂၆၄၈

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

**ပျောက်ဆုံးကြောင်း**
ငြိမ်းသူအောင်(ဘ)ဦးကျော်နေ ၁၁/မဥန(နိုင်)၀၇၀၀၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၁၂၄၈၈၄

**ပျောက်ဆုံးကြောင်း**
ထက်ထက်မိုးစန္ဒာဦး(ဘ)ဦးမြအုန်း ၁၂/ဒပန(နိုင်)၀၆၉၃၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၉၃၇၈၇၇၀

**ပျောက်ဆုံးကြောင်း**
ဥမ္မာထွေး(ဘ)ဦးအောင်မြိုင် ၁၂/မရက(နိုင်) ၁၅၈၆၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၇၁၄၃၂၅၄

**ပျောက်ဆုံးကြောင်း**
ခင်မြင့်မြင့်အောင်(ဘ)ဦးကိုကိုအောင် ၁၂/ဥကတ(နိုင်)၁၈၁၀၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၄၇၂၈၈၆၀

**ပျောက်ဆုံးကြောင်း**
စိုးငြိမ်း(ဘ)အူစမန်းဂနီ ၁၂/ပဘတ(နိုင်) ၀၁၇၄၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၃၁၈၂၄၈

**ပျောက်ဆုံးကြောင်း**
ဝင်းမောင်(ဘ)ဦးမောင်ကြီး ၁၂/တမန(နိုင်) ၀၇၁၇၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၈၃၂၀၁၆၀

**ပျောက်ဆုံးကြောင်း**
သွန်းသံဇဉ်ထက်(ဘ)ဒွေးမောင်မောင် ၄/ဖလန(နိုင်)၀၆၉၀၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၇၀၅၀၅၂၄

**ပျောက်ဆုံးကြောင်း**
မနန်းခမ်းလျှန်း(ဘ)ဦးကျော်ကျော် ၁၃/ကတန(နိုင်)၁၇၇၇၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၈၂၁၅၄၀၇

**ပျောက်ဆုံးကြောင်း**
မလေဘ်ကျိုးရွှံ(ဘ)ဦးလော်ဖူးပေါက် ၁၃/ကကန(နိုင်)၀၃၀၁၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 579517)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၂၆၀၆၄၉၇

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
# နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
# ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် ကောလိပ်၊ သိပ္ပံ၊ ကျောင်းများရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် QA/QC လုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် QA/QC လုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် နိုင်ငံသားပိုင်ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အစိုးရနည်းပညာကောလိပ်(မန္တလေး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်၊ နေပြည်တော်)တို့တွင် ၂၃-၄-၂၀၂၆ ရက်နေ့မှ ၇-၅-၂၀၂၆ ရက်နေ့အထိ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို ၄-၅-၂၀၂၆ ရက်နေ့မှ ၇-၅-၂၀၂၆ ရက်နေ့အထိ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောကျောင်းများတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ၀၆၇၃-၄၀၄၀၂၀၊ ၀၆၇၃-၄၀၄၄၈၂(ဦးစီးဌာန၊ ရုံးချုပ်)၊ ၀၉-၇၇၆၆၈၀၂၃၈(အစိုးရနည်းပညာကောလိပ်၊ မန္တလေး)၊ ၀၉-၄၀၁၀၈၄၀၉၃(အစိုးရစက်မှုလက်မှုသိပ္ပံ၊ အင်းစိန်)၊ ၀၉-၇၅၇၂၀၄၁၀၇၊ ၀၉-၈၈၇၆၄၅၅၈၀(အစိုးရစက်မှုလက်မှုသိပ္ပံ၊ နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website များဖြစ်သော www.most.gov.mm နှင့် www.dtvet.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
# ဇီဝနည်းပညာသုတေသနဦးစီးဌာန
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဇီဝနည်းပညာသုတေသနဦးစီးဌာနအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် Lot(1) တည်ဆောက်ရေးလုပ်ငန်း(၂)မျိုး၊ Lot(2) တည်ဆောက်ရေးလုပ်ငန်း(၂)မျိုး၊ Lot(3)-သုတေသနသုံးစက်ပစ္စည်း(၁၉)မျိုး၊ Lot(4)-ရုံးသုံးစက်ပစ္စည်း(၁၄)မျိုး၊ Lot(5) သုတေသနသုံးပရိဘောဂ(၃)မျိုးတို့အတွက် မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၂၃-၄-၂၀၂၆

(ခ) တင်ဒါလျှောက်လွှာပုံစံများ နောက်ဆုံးတင်သွင်းရမည့်ရက် - ၈-၅-၂၀၂၆(၄:၀၀)နာရီ

(ဂ) တင်ဒါပုံစံရောင်းချမည့်နေရာ - ငွေစာရင်းဌာန၊ ဇီဝနည်းပညာသုတေသနဦးစီးဌာန

၂။ တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဇီဝနည်းပညာသုတေသနဦးစီးဌာန၊ ဖုန်း ၀၉-၂၄၀၁၃၇၉၊ ၀၉-၄၀၂၆၇၅၈၂၂ တို့အား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဇီဝနည်းပညာသုတေသနဦးစီးဌာန**


**ပျောက်ဆုံးကြောင်း**

ဇာခြည်ဝတ်မှုံ(ဘ)ဦးသက်မောင်ခိုင် ၇/ကဝန(နိုင်)၂၀၈၇၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 907699)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၂၈၆၈၆၁၈**

**ပျောက်ဆုံးကြောင်း**

သီတာဋ္ဌေး(ဘ)ဦးကံရွှေ ၁၂/မဂတ(နိုင်)၀၈၆၁၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 219612)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၁၆၈၂၄၃၄**

**ပျောက်ဆုံးကြောင်း**

တင်ဇာအောင်(ဘ)ဦးတင်အောင်(ခ)အီမရာဟင် ၁၂/မဂတ(နိုင်)၀၉၀၅၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၅၉၅၉၇၀၁

**ပျောက်ဆုံးကြောင်း**

ရွှေဇင်ဝင်း(ဘ)ဦးမောင်ဦး ၇/သနပ(နိုင်)၁၄၄၉၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**

လှျိုဟုန်ယီ(ဘ)ဦးလှျိုကော်မင် ၁၃/ပလန(နိုင်)၀၂၄၂၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 950264)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**


# မန္တလေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ (၂၀၂၆-၂၀၂၇)ခုဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများမှ ကျပ်(၂၀၀)သန်းအထက် ဒီဇယ်ဆီ၊ သံချောင်းလုံး၊ 6" x 9" ကျောက်ကြီး၊ ကျောက်ပျက်၊ သဲဝယ်ယူခြင်းနှင့် မြေကြီးလုပ်ငန်း(တူး/တင်/သယ်)များအတွက် အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ၂၆ ဘီလမ်း၊ ၇၀ x ၇၁ လမ်းကြား၊ ဆည်မြောင်းဧည့်ရိပ်သာ၊ မန္တလေးမြို့တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(က) တင်ဒါလျှောက်လွှာ ရယူရမည့်ရက် - ၂၄-၄-၂၀၂၆ မှ ၇-၅-၂၀၂၆

(ခ) တင်ဒါသွင်းရမည့် နောက်ဆုံးရက်/အချိန် - ၇-၅-၂၀၂၆ ရက်၊ (၁၆:၃၀)နာရီ

(ဂ) တင်ဒါဖွင့်မည့်ရက် - ၈-၅-၂၀၂၆(ခန့်မှန်း)

(ဃ) တင်ဒါဖွင့်မည့်နေရာ - ၂၆ ဘီလမ်း၊ ၇၀ x ၇၁ လမ်းကြား၊ ဆည်မြောင်းဧည့်ရိပ်သာ၊ မန္တလေးမြို့

၂။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၄၀၃၉၁၈၀၊ ၀၂-၄၀၆၆၀၅၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**


**ဖခင်အမည်မှန်**

မြစ်ကြီးနားမြို့၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ စတုတ္ထတန်း(အင်ကြင်းခန်း)တွင် ပညာသင်ကြားနေသော မောင်ထူးထက်လင်း၏ ဖခင်အမည်မှန်မှာ ဦးစွမ်းထက်အောင် ၉/မခန(နိုင်)၂၂၅၂၇၇ ဖြစ်ပါကြောင်း။
**ဦးစွမ်းထက်အောင်**

**ပျောက်ဆုံးကြောင်း**

ညောင်တုန်းမြို့၊ ကွမ်းသီးပင်အုပ်စု၊ ဝဲငယ်ကန်စုနေ ဝေယံထွေး(ဘ)ဦးကျော်မိုး ၁၄/ညတန(နိုင်)၂၅၀၁၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**

သုံးခွမြို့နယ်၊ ပုလဲကျေးရွာအုပ်စုနေ အေးမြတ်မွန်ကျော်(ဘ)ဦးကျော်အေး ၁၂/သလန(နိုင်)၁၀၅၇၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**

မြဝတီမြို့၊ အောင်ဇမ္ဗူလင်းလမ်း၊ အမှတ်(၄)ရပ်ကွက်နေ စောစေးဝါး(ဘ)ဦးကပေါ်စေး ၃/ဘအန(နိုင်)၂၂၅၇၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၀၇၈၂၃၂၂**

**ပျောက်ဆုံးကြောင်း**

ကရင်ပြည်နယ်၊ ဘားအံမြို့၊ ရဲသာရွာသစ်ရွာနေ နန်းသီသီခင်(ဘ)ဦးသောင်းခင် ၃/ဘအန(နိုင်)၁၂၀၆၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၁၅၆၆၇၄၇**

# အလိမ္မာစာမှာရှိ

**ပျောက်ဆုံးကြောင်း**

ခိုင်ဖြိုးစံ(ဘ)ဦးခင်မောင်တင် ၉/ပကခ(နိုင်)၀၇၄၇၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 168183)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**

ညိမ်းညိမ်းသွယ်(ဘ)ဦးဋ္ဌေးလွင် ၁၂/ဥကမ(ပြု)၀၀၀၁၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 268442)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**မှတ်ပုံတင်နံပါတ်အမှန်**

ပဲခူးမြို့၊ မြန်မာ့မီးရထား စက်ပြင်ဌာနမှ ဦးသက်မင်း၏ မှတ်ပုံတင်နံပါတ်အမှန်မှာ ၇/ပခန(နိုင်)၁၇၆၂၈၁ ဖြစ်ပါကြောင်း။
**ဦးသက်မင်း**
**၇/ပခန(နိုင်)၁၇၆၂၈၁**

**ပျောက်ဆုံးကြောင်း**

ပဲခူးမြို့နေ စောရန်ပိုင်(ဘ)ဦးမျိုးတင့် ၇/ပခန(နိုင်)၄၈၇၅၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**

လားရှိုးမြို့နယ်နေ ထင်လင်းအောင်(ဘ)ဦးကျော်ဝင်း ၁၃/လရန(နိုင်)၁၉၂၅၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

မြောင်းမြမြို့နယ်နေ ထက်လင်းဋ္ဌေး(ဘ)ဦးလှမိုး ၁၄/မမန(နိုင်)၃၈၃၃၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

တောင်တွင်းကြီးမြို့နယ်နေ ဇော်ဝင်းထွန်း(ဘ)ဦးအောင်အောင် ၈/တတက(နိုင်)၂၄၂၃၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

တပ်ကုန်းမြို့နယ်နေ အောင်မျိုးနိုင်(ဘ)ဦးအောင်နေလင်း ၉/တကန(နိုင်)၂၁၅၂၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

အုတ်တွင်းမြို့နယ်နေ မျိုးမင်းထက်(ဘ)ဦးမျိုးဝင်း ၇/အတန(နိုင်)၁၄၃၅၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ဒိုက်ဦးမြို့နယ်နေ ရှိုင်းဝဏ္ဏလင်း(ဘ)ဦးနိုင်လင်း ၇/ဒဥန(နိုင်)၂၄၂၆၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇


### Insolvency Law ပုဒ်မ ၁၄၇။ (က) (၁)နှင့်(၂)အရ
### အစုရှင်များ၏ဆန္ဒအလျောက်
### THANAKHA TRAVELS & TOURS COMPANY LIMITED အား
### စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ၊ (၇)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ THANAKHA TRAVELS & TOURS COMPANY LIMITED အား (၁၈-၄-၂၀၂၆)ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးကျော့မောင်၊ Insolvency Practitioner (MAIP No.109550)အား Liquidator အဖြစ် ခန့်အပ်လိုက်ပါသည်။ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၇ ခုနှစ်၊ ဧပြီလ(၁၉)ရက်နေ့ကို နောက်ဆုံးထား၍ Liquidator ထံဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **MR HERVE FLEJO** | **Daw Myat Thuzar Tun** |
| **Director** | **Managing Director** |
| **Thankha Travels & Tours Co.,Ltd.** | **Thankha Travels & Tours Co.,Ltd.** |

### Insolvency Law ပုဒ်မ ၁၄၇။ (က) (၁)နှင့်(၂)အရ
### အစုရှင်များ၏ဆန္ဒအလျောက်
### THIDAGU(ORCHID) COMPANY LIMITED အား
### စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ၊ (၆)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ THIDAGU(ORCHID) COMPANY LIMITED အား (၁၇-၄-၂၀၂၆)ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးကျော့မောင်၊ Insolvency Practitioner (MAIP No.109550)အား Liquidator အဖြစ် ခန့်အပ်လိုက်ပါသည်။ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၇ ခုနှစ်၊ ဧပြီလ(၁၈)ရက်နေ့ကိုနောက်ဆုံးထား၍ Liquidator ထံဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **Daw Khin Nandar Htun** | **Daw Khin Pyone** |
| **Director** | **Managing Director** |
| **Thidagu (Orchid) Co.,Ltd.** | **Thidagu (Orchid) Co.,Ltd.** |

### Insolvency Law ပုဒ်မ ၁၄၇။ (က) (၁)နှင့်(၂)အရ
### အစုရှင်များ၏ဆန္ဒအလျောက်
### SUPER HOTEL MANAGEMENT COMPANY LIMITED အား
### စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ၊ (၁၀)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ SUPER HOTEL MANAGEMENT COMPANY LIMITED အား (၁၈-၄-၂၀၂၆)ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးကျော့မောင်၊ Insolvency Practitioner (MAIP No.109550)အား Liquidator အဖြစ် ခန့်အပ်လိုက်ပါသည်။ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၇ ခုနှစ်၊ ဧပြီလ(၁၉)ရက်နေ့ကိုနောက်ဆုံးထား၍ Liquidator ထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **MR. YAMAMOTO KENSAKU** | **ZHOU JUN** |
| **Director** | **MANAGING DIRECTOR** |
| **SUPER HOLDING Co.,Ltd.** | **SUPER HOTEL MANAGEMENT CO.,LTD** |
| | **No.41(E), 2nd Floor, Moe Sandar Street,** |
| | **Kamayut Township, Yangon.** |


Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
FDA အမှတ်-2212 PCE 0013
ကာကွယ်ပေးသော အပြုံးအတွက်
DENTOMEC
သွားဆရာဝန်များ၏ ထောက်ခံချက်ရရှိထားပါသည်။
Dentist Recommended
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTOMEC
MAXIMUM STRENGTH WITH FLUORIDE


Myanmar Mobile Money(MMM) ကို
အသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရယူနိုင်ပါပြီ။
Myanmar MOBILE MONEY
anywhere
anytime
anyone
ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊
ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း
လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း
E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း
Internet Bill ပေးဆောင်ခြင်း၊
Skynet Bill Payment ပေးသွင်းခြင်း၊
Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊
မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း
အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊
လစာထုတ်ခြင်းများကို ဘဏ်သို့သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ရုံးချုပ် - အမှတ်(၅၁)ပိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD A.I.B.A MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA
GOLD 2019


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် မြူပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD, BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

## ထူးခြားသည့်နေ့အပူချိန်များ

၂၄-၄-၂၀၂၆

| | | | | |
|---|---|---|---|---|
| ချောက် | ၄၄ ဒသမ ၇ ဒီဂရီဆဲလ်စီးယက် | | တံတားဦး (လေကြောင်းမိုးလေဝသ) | ၄၃ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၄၄ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် | | ကျောက်ဆည် (လွန်ကျော်) | ၄၂ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၄၃ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် | | မကွေး | ၄၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၄၃ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် | | ပခုက္ကူ | ၄၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၄၃ ဒသမ ၁ ဒီဂရီဆဲလ်စီးယက် | | | |
| မန္တလေး | ၄၃ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | | | |

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်၊ မိုင်းယောင်း၊ တာလေ၊ တာချီလိတ်တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မိုင်းဖြတ်၊ မိုင်းယောင်း၊ တာလေ၊ တာချီလိတ်တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဧပြီ ၂၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် မိုင်းဖြတ်၊ မိုင်းယောင်း၊ တာလေ၊ တာချီလိတ်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား မိုင်းဖြတ်မြို့ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်သားများသည် နိုင်ငံတော်ကိုချစ်သောစိတ်၊ တိုင်းပြည်ကိုချစ်သောစိတ်တို့ဖြင့် မိမိဆန္ဒအလျောက် စွန့်လွှတ်စွန့်စားစွာ တာဝန်ထမ်းဆောင်နေသူများဖြစ်ကြောင်း၊ အလားတူ တပ်မတော်သားများ၏ဇနီးများသည်လည်း ကောင်းတူဆိုးဖက် တာဝန်ကျရာနေရာတွင် ပါရမီဖြည့်ဖက်ကောင်းများအဖြစ်လိုက်ပါနေထိုင်၍ တပ်ရေးတပ်ရာကိစ္စရပ်များတွင်

စာမျက်နှာ ၁၆ ကော်လံ ၁ ⇨

## နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KIA ၊ AA ၊ PLA အကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင်အချို့အပါအဝင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းအသီးသီးမှ အဖွဲ့ဝင် အမျိုးသား ၄၇၀ ဦးနှင့် အမျိုးသမီး ၄၇ ဦး၊ ပေါင်း ၅၁၇ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ

စာ - ၂၂ သို့

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ မိုင်းဖြတ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်ကြည့်ရှုအားပေး

စာ - ၅ သို့

